

မယ်မင်းဘုံ
ဆေးကျောင်းသား နှင့် ဓိကိုကွင်း

မယ်မင်းဘုံ
ဆေးကျောင်းသားနှင့်အီကိုကွင်း
၂၀၁၄ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset
အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅-၈၃
မယ်မင်းဘုံ
ဆေးကျောင်းသားနှင့်အီကိုကွင်း၊ မယ်မင်းဘုံ (ရန်ကုန်)
စေတနာစာပေ၊ ၂၀၁၄
၂၆၈-စာ၊ ၅×၇
(၁) ဆေးကျောင်းသားနှင့်အီကိုကွင်း

စေတနာစာပေ၏

# အမှတ်တရ

သို့

မမယ်မင်းရဲ့ ဝတ္ထုတွေကို အမြဲဖတ်ဖြစ်ပါတယ်။

ဇာတ်လမ်းလေးတွေက ဆန်းပြီး တစ်အုပ်နဲ့တစ်အုပ် မတူအောင် ဆွဲဆောင်မှုရှိပါတယ်။

မယ်မင်းရဲ့ ဝတ္ထုတွေကို စဖတ်လိုက်တာနဲ့ အဆုံးထိ မဖတ်ဘဲ မနေနိုင်အောင် ဖြစ်သွားတယ်။

နောက်လထွက်မယ့် ဝတ္ထုတွေကို စောင့်မျှော်လျက်ပါ။

မယ်မင်းရဲ့ ထာဝရ

ပရိသတ်

ဝါဝါလှိုင်

Super one

ရွှေဘုံသာ။

## အမှာစာရ

သို့

မမယ်မင်းဘုံ

မင်္ဂလာပါခင်ဗျာ။ သတိတရနဲ့ စာရေးလိုက်ပါတယ်။

မမယ်မင်းရဲ့ သံယောဇဉ်မျက်စောင်း စာအုပ်ကို အရမ်းကြိုက်ပါတယ်။ ဖတ်လို့ အရမ်းကောင်းပါတယ်။ ကျွန်တော်တို့ မြို့မှာဆိုရင်တော့ မမယ်မင်းက စာအုပ်ဆိုင်မှာ အငှားရဆုံးပါပဲ။

မမယ်မင်းရေ ကြိုးစားထားနော်။ ဒီထက်မက အောင်မြင်မှု သရဖူဆောင်းနိုင်ပါစေ။

အရေးအသားတွေကို သိပ်ကြိုက်ပါတယ်။

စိုင်းဆိုင်
ရပ်ကွက်ကြီး (၉)
နယ်မြေ (၇)
လားရှိုးမြို့နယ်။



စေတနာစာပေ၏

## အမှာစာရ

သို့

မမရေ

နေကောင်းပါရဲ့လား။

မမရဲ့ ဝတ္ထုတွေ အရမ်းကောင်းတယ်နော်။

သံယောဇဉ်မျက်စောင်းထိုးကိုတော့ အကြိုက်ဆုံးပါပဲ။

မမရေ သံယောဇဉ်မျက်စောင်းက အပြင်မှာ တကယ်ပဲရှိသလိုပါပဲ။ မမရဲ့ စိတ်ကူးယဉ်တွေက ရင်ထဲကို တကယ်ထိစေပါတယ်။

မမရဲ့ ထွက်သမျှ စာအုပ်တွေကို အမြဲအားပေးနေမှာပါ။

ချစ်တဲ့
မရဖူး
ဆိပ်ကမ်းသာယာလမ်း
ဒေါပုံမြို့နယ်
ရန်ကုန်။

## အမှတ်တရ

သို့

မမမယ်မင်းဘုံ

ဝတ္ထုတွေ အရမ်းကောင်းပါတယ်။

သမီးက မမရဲ့ ပရိသတ်တစ်ယောက်ပါ။ မမရေးသမျှ ဝတ္ထုတွေ အရမ်းကောင်းပါတယ်။ အကြိုက်ဆုံးကတော့ 4 in 1 ပါပဲ။

သူငယ်ချင်းတွေနဲ့ ခင်ခင်မင်မင်နေထိုင်ကြတာကို သဘောကျတယ်။ သမီးကိုယ်တိုင်ကလည်း သူငယ်ချင်းတွေနဲ့ ပျော်ပျော်နေရတာကို သဘောကျလို့ပါ။ မမရေ မြားနတ်မောင် ဝုန်းဒိုင်းကျဲနေသည်ကိုလည်း ကြိုက်ပါတယ်။

မမရဲ့ ထွက်သမျှဝတ္ထုတွေကို အားပေးလျက်ပါ။

ညီမလေး

ဇာဇာဖြိုး

ရန်ကုတိုင်း

(ရွှေဘုံသာ စုပါဝင်း)



## အမှတ်တရ

သို့

မမမယ်မင်းဘုံ

ညီမလေးက မမရဲ့ စာအုပ်တွေကို ဖတ်ဖူးတာ မကြာသေးပေမဲ့ အရမ်းကို ကြိုက်ပါတယ်။

အမြဲအားပေးနေတဲ့ ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါ။ မမရဲ့ ဝတ္ထုတွေအားလုံး အားလုံးကောင်းပါတယ်။

မမ မယ်မင်းဘုံ ဒီထက်မက အောင်မြင်ပါစေ။

ညီမလေး

ပိုးဆိုစံ

သစ်ယောင်တောင် စံပြကျေးရွာ

မန္တလေးတိုင်း ညောင်ဦးခရိုင်

ညောင်ဦးမြို့နယ်။

## အမှတ်တရ

သို့

ဆရာမဘုံ

မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည် ဝတ္ထုကလေးက အရမ်းကို ကောင်းပါတယ်။

ဆရာမဘုံရေးတဲ့ ဝတ္ထုတိုင်းက up date သိပ်ဖြစ်တာပဲနော်။ အရမ်းချိုးကျူးပါတယ်။

ဆရာမရဲ့ ဇာတ်ကောင် ရွေးဘုန်းကံက မိုက်တယ်နော်။ ကြိုက်တယ်။

ဆရာမဘုံ အောင်မြင်မှု ထိပ်ဆုံးရောက်ပါစေ။

ZZA
အမှတ် ၁ ရပ်ကွက်
ရန်ကင်းလမ်း
ရန်ကင်းမြို့နယ်။



## အမှတ်တရ

သို့

မမမယ်မင်းဘုံ လို့ပဲ ခေါ်မယ်နော်။

သမီးက စာအုပ်ဖတ်ရတာကို အရမ်းဝါသနာပါတယ် မမရဲ့။ မမ စာအုပ်တွေကို အရမ်းကြိုက်ပါတယ်။

မမ ဗီထက်ကြီးစားပြီး အောင်မြင်ပါစေ။

မမက အရမ်းလည်း ချောတယ်နော်။

မမရေ လတိုင်း လတိုင်း ထွက်တဲ့ စာအုပ်တွေကို အမြဲပဲ အားပေးနေပါတယ်။

မမဗီထက် အောင်မြင်ပါစေ။

ညီမလေး
S.S.S.D
ခရမ်းမြို့
ရန်ကုန်တိုင်း။

စေတနာစာပေ၏

## အမှတ်တရ

To

ညီမလေး မယ်မင်းဘုံ

ညီမလေးရေးတဲ့ စာအုပ်တိုင်း ကောင်းနေတော့ ဘယ်လိုရေးရမှန်းတောင် မသိတော့ဘူး။

ဒီလထွက်တဲ့ မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည် ဆိုတဲ့ ခေါင်းစဉ်လေးကို ကြားတာနဲ့တင် စိတ်ဝင်စားမိပါတယ်။

စာအုပ်လေးကို ဖတ်ကြည့်တဲ့အခါလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ စာအုပ်ဆုံးကာနီးအထိ မင်းသမီးက ဘယ်သူမှန်း မသိအောင် ဇာတ်ကွက်မြှုပ်ထားတာ အရမ်းချီးကျူးပါတယ်။

ညီမလေး ဒီထက်မက အောင်မြင်ပါစေ

မိုးစန္ဒာမြင့်
၁/၄၅၄၊ မြရတနာ (၂) လမ်း
မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။



စေတနာစာပေ၏

## အမှတ်တရ

To

ဘုံဘုံရေ

စာအုပ်တိုင်း ဖတ်ဖြစ်ပါတယ်လို့ ပြောပါရစေ။ ဘုံရွေးထားတဲ့ ခေါင်းစဉ်လေးတွေ အရမ်းမိုက်တယ်။ ခေါင်းစဉ်နဲ့ ဇာတ်လမ်းစာသားလေးတွေကလည်း အရမ်းထိတာပါပဲ။

အခုမြားနတ်မောင်ကလည်း အော့ကြောလန်နဲ့ ရွှေဘုန်းကဲ ညားကြတာ ဖုံ့ညြလောက်ပါတယ်။ ထင်မထားဘူးလေ။

ဇာတ်လမ်းလေးက သိပ်မိုက်ပါတယ်။

ဘုံအောင်မြင်ပါစေ။

ချစ်တဲ့
ဘုံရဲ့ ပရိသတ်
သာဂီ
တိုက် (၃)
ကျိုက္ကဆံအိမ်ယာ၊ တာမွေမြို့နယ်
ရန်ကုန်။

# အမှတ်တရ

မယ်မယ်ရေ

နေကောင်းတယ်မို့လား? ဒီတစ်ခေါက် ပြန်ဆုံတွေ့ရတာ ကြာသလိုပဲနော်။

"မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည်" ဝတ္ထုထွက်တာ အရမ်းကြာသွားတယ်နော်။ ဝတ္ထုက အရမ်းဖတ်လို့ ကောင်းပါတယ်။ လမင်း အရမ်းကြိုက်တယ်။ အကြွေဆုံးကတော့ သိတယ်မို့လား မယ်မယ်။

"ရွှေဘုန်းကံ" ကို ပါဆယ်ထုပ်လေး လုပ်ပါဦး။ လမင်းကတော့ ဘယ်သူ့နဲ့မှ မရစေချင်ဘူး။ ဒီဝတ္ထုကလေ အရမ်းကို up date ဖြစ်နေတယ်။ အရမ်းဂေါ်တယ်ပေါ့။

မယ်မယ်ရဲ့ ဝတ္ထုတွေ အရမ်းကောင်းတယ်နော်။ ဒါပေမဲ့ စာအုပ်ရဲ့ quality က အရမ်းကျနေတယ်။ မိတ်ဆက်စာတွေကလည်း စာအုပ်ရဲ့ ရှေ့မှာ မဟုတ်ဘဲ စာအုပ်ရဲ့ အလယ်ကို ရောက်နေတယ်။

နောက်လထွက်မယ့် ဆေးကျောင်းသားနဲ့ ဗိုကွင်းဆိုတော့ ခုအချိန်ကတည်းက အရမ်းကို ရင်ခုန်နေမိပြီ။ မယ်မယ်ရေ စာမေးပွဲလည်း နီးနေပြီနော်။

ဘယ်လိုလဲ ပိုင်နေပြီလား?

လမင်းလည်း စာကြိုးစားနေတယ်။



ဆေးကျောင်းသားနဲ့ ဗိုကွင်းထွက်မယ့် အချိန်က လမင်းတို့ စာမေးပွဲနဲ့ နီးနေပြီနော်။

ဒါပေမဲ့ ဖတ်ဖြစ်အောင် ဖတ်လိုက်ပါ့မယ်။

မယ်မယ်ဒီထက်မက အောင်မြင်မှုကို သိမ်းပိုက်နိုင်ပါစေ။

ဆန္ဒမြင့်
လမင်း 2nd year (civil)
အမှတ် (၄၄/၃)
တော်ဝင်သစ်ခွခြံ
မင်္ဂလာဥယျာဉ်ရပ်ကွက်
ကလေးမြို့။

## အမှတ်တရ

To

Hello မမ

မင်္ဂလာပါနော်။

မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည် သိပ်ကိုက်တယ်။

အပျိုကြီး ၃ ယောက်နဲ့ ရွှေဘုန်းကံ ကိုက်တယ်။ အပျိုကြီးတွေကလည်း သိပ်ချောမယ့်ပုံပဲနော်။ နောက်ပြီး "သံယောဇဉ်မျက်စောင်းထိုး" ကိုလည်း ကြိုက်တယ်။

မမရေ မမစာအုပ်တိုင်းကြိုက်တယ်။ ဗီဇီယို အခွေတိုင်းလည်း ကြည့်ဖြစ်တယ်။

ဝူဝူး
ဝင်ပေါက် (၆)
ယုဇနပလာဇာ
မင်္ဂလာတောင်ညွန့်။



## အမှတ်တရ

To

"မမမင်း" လို့ ခေါ်ပါရစေနော်

ကျွန်တော်ကတော့ မမရဲ့ ထာဝရ ပရိသတ်တစ်ယောက်အဖြစ် အမြဲအားပေးနေမယ်ဆိုတာ "မမမင်း" ယုံပေးနော်။

မမမင်းရဲ့ ဝတ္ထုတွေက ကျွန်တော်တို့လို ခေတ်လူငယ်လေးတွေရဲ့ ရင်ထဲအထိ စွဲငြိစေခဲ့ပါတယ်။ "မမမင်း" ရယ် ကျွန်တော်ဆို "မမ" ရဲ့ ဝတ္ထုတွေကို မဖတ်ရမနေနိုင်အောင် ဖြစ်နေရပါပြီ။

မမမင်းရဲ့ ပထမဆုံး ဝတ္ထုဖြစ်တဲ့ "အချစ်ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့်" မှစ၍ ယခု (၃၃) အုပ်မြောက် "သံယောဇဉ်မျက်စောင်း" ထိတိုင်အောင် အဆက်မပြတ် ဖတ်ခဲ့ပြီးပါပြီ။

မမမင်းရဲ့ အရေးအသားစွမ်းရည်နဲ့ ဝတ္ထုတွေထဲမှ ဇာတ်ကောင်တွေရဲ့ အမည်ပေးပုံကို မငြီးငွေ့ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရသည်အထိ "မမမင်း" အရမ်းတော်တာပဲ။

ပထမဆုံး မိတ်ဆက်ဖြစ်တဲ့အတွက် နည်းနည်းရှည်သွားရင် သည်းခံပြီး ဖတ်ပေးပါနော်။

ခုလို ရေးဖြစ်သွားတာကလည်း ကျွန်တော် ခုံနံပါတ်က (၃၃) ဖြစ်နေလို့ တိုက်ဆိုင်ရင်း ခုလိုရေးဖြစ်သွားတာပါ။ ကျွန်တော် အရေးအသားထဲမှာ အမှားပါရင် ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါရစေ ခင်ဗျာ။

မြော် . . . ဒါနဲ့ ကျွန်တော် နှစ်ခုလောက် တောင်းဆိုပါရစေ။ ပထမတစ်ခု ။ ။ နေမထိ အလွမ်း ဝတ္ထုထဲက မင်းထက်ရှားရဲ့ ဗိုင်ယာရီစာအုပ်ထဲမှာ ဘာတွေများ ရေးထားလဲဆိုတဲ့ အကြောင်းနှင့် - ဒုတိယတစ်ခု ။ ။ မမမင်းရဲ့ ဓာတ်ပုံ၊ ဖုန်းနံပါတ်နဲ့ ပြန်စာလေးကို ကျေးဇူးပြု၍ ပို့ပေးပါလို့။

မမမင်းတစ်ယောက် "မယ်မင်းဘုံ" ဆိုသော စာရေးဆရာမကောင်းတစ်ဦးအဖြစ် ထာဝရ ကြည်လင်ရွှင်လန်းချမ်းမြေ့စွာဖြင့် ပို၍ပို၍ ကောင်းသော ဝတ္ထုများကို ရေးသားနိုင်ပါစေလို့ ထာဝရ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

"မမမင်း" ရဲ့ ထာဝရ ပရိသတ်
မြတ်ဇော်ဟိန်း
Final year (Maths)
မကွေးတိုင်း
နတ်မောက်မြို့။
ရန်အောင်မြင်ရပ်
ရွှေဘုံသာ ကျောင်းတိုက်အနီး
Ph: 063 -



စေတနာစာပေ၏

## အမှာစာ

သို့

ညီမလေး မယ်မင်းဘုံ

ညီမလေးရေးတဲ့ စာအုပ်တိုင်းကို ဖတ်ဖြစ်ပါတယ်။ အရမ်းစိတ်ဝင်စားဖို့ ကောင်းတာပဲ။ ညီမလေးက ခေါင်းစဉ်ရွေးတဲ့ နေရာမှာ အရမ်းတော်တယ်။ ချီးကျူးပါတယ် ညီမလေးရေ။

ညီမလေးပေးထားတဲ့ ခေါင်းစဉ်လေးတွေက အရမ်းမိုက်တယ်။ ယခုလထွက်တဲ့ မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည် စာအုပ်လေးက အရမ်း စိတ်ဝင်စားဖို့ ကောင်းတယ်။

စာအုပ်လေး ပြီးကာနီးအထိ မင်းသမီးက ဘယ်သူမှန်းမသိရအောင် ဇာတ်ကွက်မြှုပ်ထားတာ အရမ်းချီးကျူးပါတယ်။ ညီမလေးရေ ကြေကွဲနာကျင်စေမယ့် ဇာတ်လမ်းလေးတွေ ရေးပေးပါလား။

ညီမလေးတစ်ယောက်ဒီထက်မက အောင်မြင်ကျော်ကြားပြီး မိဘကို လုပ်ကျွေးပြုစုနိုင်တဲ့ သမီးကောင်းတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ အမြဲထာဝရ အားပေးနေမယ်နော်။

မို့မို့
ရန်ကင်း။ အောင်သုခရပ်
ဘုရင့်နောင်လမ်း
မုံရွာမြို့။

# အမှတ်တရ

သို့

ဆရာမ မယ်မင်းဘုံ

ဆရာမရေ ဆရာမရဲ့ စာအုပ်တိုင်း ဖတ်ဖြစ်ပါတယ်။

"သံယောဇဉ် မျက်စောင်းထိုး"

"မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည်"

အဲဒီစာအုပ် (၂) အုပ်စလုံးကို သိပ်ကြိုက်ပါတယ်။ ဒီဒီယိုအဖြစ်ဖန်တီးခွင့်ရမယ်ဆိုရင်လည်း သိပ်ကောင်းတဲ့ ဇာတ်လမ်းလေးပါပဲ။

ဆရာမရေ နောက်တစ်လမှာလည်း ဘယ်လိုလန်းတဲ့ စာအုပ်လေးတွေ ထွက်ပေးမှာလည်း စောင့်မျှော်နေပါ့မယ်။

အေးချမ်းမိုး
အမှတ် ၁၄၅ - ၇၉/၈၀ ကြား
ချမ်းအေးသာစံ
မန္တလေးမြို့။



# အမှတ်တရ

သို့

မင်္ဂလာပါဘုံ

ဆရာမ ဘုံရဲ့ ပြန်စာလေးရလို့ ကျေးဇူးပါ။ အရမ်းလည်း ဝမ်းသာမိပါတယ်။

အခုလထွက်တဲ့ "မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည်" ဝတ္ထုလေးကိုဖတ်ပြီး အရမ်းသဘောကျမိပါတယ်။ ဆရာမလေးဘုံ ဒီ့ထက်မက အောင်မြင်ပါစေ။

နောက်လထွက်တဲ့ စာအုပ်လေးကိုလည်း စောင့်နေပါရစေ။

ဆရာမလေးဘုံရဲ့ ထာဝရပရိသတ်
KMS
2nd year (Maths)
ရတနာပုံတက္ကသိုလ်

စေတနာစာပေ၏

## အမှတ်တရ

သို့

မမ မယ်မင်းဘုံ

သတိတရနဲ့ စာရေးလိုက်ပါတယ်။

"သံယောဇဉ်မျက်စောင်းထိုး" ကို ဖတ်ပြီးပါပြီ။ ဖတ်လို့ အရမ်းကောင်းတယ်။

အမုန်းကမ်းရိုးတန်း ဗီဒီယိုအခွေကို ကြည့်ပြီးသွားပြီ။ စာအုပ်ထဲကအတိုင်း ဘာမှ မပြောင်းထားဘူး။ ပိုးကလေးနေရာမှာ ရွှေမှုန်ရတီ သရုပ်ဆောင်သွားတာ ကြည့်လို့ အရမ်းကောင်းတယ်။

မင်းမြတ်တို့ စာမေးပွဲ ဖြေရတော့မယ်။

ဒီလထွက်တဲ့ "မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည်" ဖတ်ပြီးသွားပြီ။ ဖတ်ရတာ အရမ်းမိုက်တယ်။ အရေးအသားတွေက လန်းကျွတ်နေတာ။ မမစိတ်ကူး အကြံဉာဏ်ကောင်းတယ်။ အပျိုကြီး (၃) ယောက်ကလည်း အရမ်းမိုက်တယ်။ အပြင်မှာဆို ဘယ်လောက်ချောမလဲ မသိဘူး။

စာအုပ်ထွက်တာ နောက်ကျတယ်ဗျာ။ ဖျားရည်ဆမ်းဒွိဟကို ဘယ်သူတွေရိုက်လဲ မသိဘူး။ မမတို့ Photo အကြီး ၁ ပုံလောက် ပို့ပေးစေချင်ပါတယ်။ ဗီဒီယိုအခွေတွေကို အားပေးနေပါတယ်။ (စာအုပ်ကလစဉ်တိုင်း)



မမတို့ ဒီထက်မက အောင်မြင်ကျော်ကြားနိုင်ပါစေ။ နေ့သစ်တိုင်းမှာ ပျော်ရွှင်နိုင်ပါစေ။

မင်းမြတ်ခြံရံ

၃/နစ - သချာ

အိမ်အမှတ် (၅၈)၊ ညောင်ပင်သာ

မိတ္ထီလာမြို့

မန္တလေးတိုင်း

## အမှတ်တရ

သို့

ဟာလို ဘုံဘုံရေ

မြားနတ်မောင် ဝုန်းဒိုင်းကြဲနေသည်က မိုက်။ မြားနတ်မောင်က ဘယ်လို ဝုန်းဒိုင်းကြဲနေသလဲဆိုတာတော့ သိသွားပြီ။

ဘုံဘုံရဲ့ အရေးအသားတွေကိုတော့ သိပ်ကြိုက်မိပါပြီ။ တကယ်ပါ။

ဝုန်းဒိုင်းကြဲလိုက်တဲ့ မြားနတ်မောင်ကို အရမ်းအားပေးပါတယ်လို့။

ဗီဒီယိုအခွေလေးရိုက်ဖြစ်ရင်ဖြင့် အမြန်ဆုံးကြည့်ချင်ပါပြီ။
နောက်လကော ဘာထွက်မှာလဲဟင်။
ဘုံဘုံစာပေခရီးမှာ အောင်မြင်ပါစေ။

ခေးငယ်
ရှမ်းပြည်မြောက်ပိုင်း
သီပေါမြို့။



## အမှတ်တရ

သို့

မမယ်ရေ

စာရေးလိုက်ပါတယ်။ အမှတ်တရ အစီအစဉ်ထဲမှာ ရေးထားတဲ့ စာလေးတွေ ထည့်ပေးလို့ ကျေးဇူးကမ္ဘာပါ။ မမယ်ရဲ့ ဝတ္ထုလေးတွေဖတ်ပြီး အရမ်းကိုပဲ ကြည်နူးရပါတယ်။ သံယောဇဉ်မျက်စောင်းထိုး ဇာတ်လမ်းလေးကိုလည်း သိပ်ကြိုက်ပါတယ်။

မမယ်ရေ အမြဲတမ်းတိုးတက် အောင်မြင်ပါစေ။

နန်းဖောင်း
နန်းခွန်ရွာ
အောင်ပန်းမြို့
-09.25 .....

## အမှတ်တရ

သို့

မယ်မင်းဘုံရေ

မယ်မင်းဘုံရဲ့ စာတွေကို သဘောကျတယ်။ "ငွေတောင်ပြည်က မြို့သူ" ထဲက ဖုန်းနံပါတ်လေးတွေ့တယ်။ အဲဒါ မယ်မင်းဘုံ ဖုန်းလားဟင်။ မယ်မင်းဘုံဆိုတဲ့ ကလောင်လေးကို ချစ်တယ်။ "ဘာညာသာရကာ" ဇာတ်ကားထဲက "ရွှေပုံတိုးဝေ" ကို မယ်မင်းဘုံလို့မြင်ပြီး ဖတ်ကြည့်တော့ ပိုကြိုက်တယ်။ ဇာတ်ကားကြည့်တော့လည်း ကောင်းတယ်။ မယ်မင်းဘုံ အမြဲအားပေးနေမယ်။

မယ်မင်းဘုံရဲ့ ပရိသတ်
**ချစ်ချစ်အေး**
အမှတ် (၁၀၁၀)၊ ဈေးရပ်ကွက်
ဝါးခယ်မမြို့။



## အမှတ်တရ

သို့

ဆရာမမယ်မင်းဘုံ

ဆရာမရဲ့ "မိုးလုံလေလုံ အိမ်ထောင်ပြုသည်" ဝတ္ထုထဲက အိမ်ထောင်ရေး အတွေးအခေါ် လေးတွေကို မှတ်သားထားပါတယ်။ တကယ့်လက်တွေ့ဘဝနဲ့ စိတ်ကူးဖန်တီးထားတဲ့ ဇာတ်လမ်းလေးတွေကို အချိုးညီညီ ဖတ်ရတာမို့ အရမ်းကြိုက်ပါတယ်။ ဆရာမက ကျွန်မအကြိုက်ဆုံး စာရေးဆရာမတွေထဲက ထိပ်ဆုံးတစ်ယောက်ပါ။ ဆရာမရဲ့ ဝတ္ထုအားလုံးလိုလိုက ဇာတ်ကားရိုက်တယ်နော်။ ဂုဏ်ယူပါတယ်။ ဝတ္ထုနဲ့ ဗီဒီယိုဆိုရင်တော့ ကျွန်မတို့က ဆရာမရဲ့ ဝတ္ထုကို ဖတ်ရတာ ပိုကြိုက်တယ်။ ဗီဒီယိုက ဝတ္ထုကို မမှီဘူးလေ။ ဆရာမရဲ့ နောက်ထပ်ထွက်ရှိလာမယ့် စာအုပ်များစွာကို စောင့်မျှော်အားပေးနေမှာပါ။

ဆရာမအောင်မြင်မှုက ထိပ်ဆုံးရောက်နေပြီမို့ ဆုတောင်းပေးချင်တာက ပို၍ပို၍ ပရိသတ်ရဲ့ ချစ်ခြင်းများစွာကို ပိုင်ဆိုင်ခွင့်ရရှိသော Best Seller စာရေးဆရာမ မယ်မင်းဘုံဖြစ်လာပါစေ။

**နိုင်းနိုင်းပွင့်**
အ. ထ. က - ထုံးကြီး
ထုံးကြီးကျေးရွာ၊ ပဲခူးမြို့။

စေတနာစာပေ၏

## အမှတ်တရ

သို့

ဘုံရေ

ဘုံရဲ့ ဓာတ်ပုံလေးတွေ စာအုပ်ထဲ မပါတော့တာ ကြာပြီ။ အရင်ကဆို ဘုံ့စာအုပ်ဖတ်ရင် ဘုံရဲ့ မျက်နှာလေးကို အရင်မြင်ရတယ်။ ဓာတ်ပုံအသစ်လေး ထပ်ထည့်ပေးပါဦး။ ဘုံရေ စာအုပ်က (၃၅) အုပ်တောင် ပြည့်တော့မယ်နော်။ အမှတ်တရ အထူးထုတ်မျိုးလေး ဖတ်ချင်နေပြီ။ ဘုံရဲ့ စာချစ်သူတွေကလည်း အားလုံးမျှော်လင့်နေပါတယ်။

ဘုံ့ရဲ့ စာတိုင်းကို ချစ်တယ်။

ခင်ထွေးအိနှင့် ညီမများ
သောင်ခုန်ကျေးရွာ
ကွမ်းခြံကုန်းမြို့နယ်
ရန်ကုန်တိုင်း။



စေတနာစာပေ၏

## အမှတ်တရ

သို့

အန်တီဘုံ

သမီးက အန်တီဘုံ့ စာအုပ်လေးတွေကို တအားကြိုက်ပါတယ်။ သမီးက ဝတ္ထုနိုးဖတ်ရတာမို့ အန်တီဘုံ့ စာအုပ်တွေကို လတိုင်းတော့ မဖတ်ဖြစ်ဘူး။ ဒါပေမဲ့ ဖတ်ဖြစ်သမျှ စာအုပ်တိုင်းကို အရမ်းကြိုက်တယ်။ အန်တီဘုံရဲ့ ထာဝရ ပရိသတ်ပါ။

သမီး မြမြင့်မေ
အဌမတန်း
အ. ထ. က ထုံးကြီး
ထုံးကြီးကျေးရွာ၊ ပဲခူးမြို့။

## အမှတ်တရ

သို့

ဆရာမလေးဘို့

မင်္ဂလာပါ။ ကျန်းခမ်းသာလို့ မာပါစေ။ ဆရာမလေးကို မိတ်ဆက်စာပို့ဖို့ စာတွေ အကြိမ်ကြိမ်ရေးခဲ့ပေမဲ့ စာတိုက်ပုံးထဲတော့ တစ်ခါမှ မထည့်ဖြစ်ဘူး။ ဒီတစ်ခါတော့ အသေအချာရေးလို့ စာတိုက်ပုံးထဲ အရောက်ထည့်လိုက်ပါတယ်။ ဆရာမလေးရဲ့ ဝတ္ထုအားလုံးကိုတော့ နောက်နောင်ထွက်ရှိလာမယ့် ဆရာမလေးရဲ့ ဝတ္ထုစာအုပ်တိုင်းကို ထာဝရ ကြိုက်နေမည်ဖြစ်ပါကြောင်း ပြောချင်ပါတယ်။ ဆရာမလေး စာအုပ်တွေက တအားလန်းနေတာကြောင့်ပါ။ ဆရာမလေးရေ ပြောချင်တာတွေကတော့ အများကြီးပါ။ ဒါပေမဲ့ ဆရာမလေး ကျွန်တော့်လက်ရေးကို ဖတ်ပြီး ခေါင်းမူးသွားမှာစိုးလို့ လိုရင်းပဲ ရေးပါတော့မယ်။ ကျွန်တော်က ဆရာမလေးရဲ့ စာဖတ်ပရိသတ်အစစ်အမှန်ပါပဲ ခင်ဗျာ။ ထာဝရ အားပေးနေမှာပါ။

ဆရာမလေး ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ၍ လိုရာတောင့်တ မကြောင့်ကြရပါစေနဲ့လို့ ဆုမွန်ကောင်းတောင်း၍

**စစ်မာန်ခင်း (ကဗျာ)**
ဘိုးထိန်းတောင်ရွာ၊ စဉ့်ကိုင်မြို့နယ်
ကျောက်ဆည်၊ မန္တလေးတိုင်း။



## အမှတ်တရ

သို့

ဆရာမလေးရေ

"သံယောဇဉ်မျက်စောင်းထိုး" စာအုပ်ကို တအားသဘောကျတယ်။ ဇာတ်ဇိမ်အခိုင်အမာနဲ့ ရေးဖွဲ့ထားတာမို့ အရမ်းနှစ်သက်မိပါတယ်။ မေးချင်တာလေးရှိလို့ စာရေးလိုက်တာပါ။ ဝတ္ထုရဲ့ မျက်နှာဖုံးမှာ "သံယောဇဉ်မျက်စောင်း" နော်။ အတွင်း ခေါင်းစဉ်က "သံယောဇဉ်မျက်စောင်းထိုး" ဖြစ်နေတယ်။ ဝတ္ထုဖတ်ပြီးတော့ ခေါင်းစဉ်အမှန်က "သံယောဇဉ်မျက်စောင်းထိုး" လို့ ထင်တယ်။ ဟုတ်လားဟင်။ ကျေးဇူးပြု၍ ဖြေပေးပါနော်။ ဒီဝတ္ထုလေးကိုတော့ ဇာတ်လမ်းလေးကို တအားကြိုက်ပါတယ်။

**မြည့်ဖြိုးအောင်**
အမှတ် (၆၉၃)၊ မဟာဗန္ဓုလလမ်း
လသာမြို့နယ်၊ ရန်ကုန်မြို့။

## အမှတ်တရ

သို့

ချစ်ရသော ဘုံရေ။

ဒီလထွက် "မြှားနတ်မောင် ဝုန်းဒိုင်းကြဲနေသည်" ဖတ်ပြီး အားပေးစာလေး ရေးပို့လိုက်ပါတယ်။ ဒီစာအုပ်လေးကို တအား သဘောကျတယ်။ ဝုန်းဒိုင်းကြဲ အပျိုကြီးနဲ့ ညားသွားတာလေးကို ကြိုက်တယ်။ ဝတ္ထုလေးက ကောင်းလွန်းတော့ ဘယ်လိုပြီးသွားမှန်းတောင် မသိဘူး။ မြန်တယ်။ နောက်ဆို ရှည်ရှည်လေး ရေးပါနော်။ အကြာကြီး ဇိမ်ဆွဲဖတ်ချင်လို့။ ဘုံကို အရမ်းသဘောကျတယ်။ ဘုံရဲ့ အရေးအသား တွေက ဆန်းသစ်တယ်။ ဘယ်သူနဲ့မှ မတူတဲ့ စာရေးဟန်လေးတွေမို့ တအားကြိုက်တယ်။ ဘုံလေးကို ထာဝရအားပေးနေမယ်။

ဘုံလေးစာတွေ ဖန်တီးမှုများဖြင့်
ထာဝရပျော်ရွှင်ဖို့
ဆုတောင်းသည့်
မိုးလရောင်
လူဝင်မှုကြီးကြပ်ရေးဌာန
မုံရွာမြို့နယ်။
စစ်ကိုင်း။





## အမှတ်တရ

သို့

ဘုံလေးရေ

မြှားနတ်မောင်လေးက ဝုန်းဒိုင်းကြဲလှချည်လား။ ဒီဝတ္ထုလေးကိုတော့ သိပ်ကြိုက်တာပဲ။ မမကြီး သုံးယောက်က အရမ်းမိုက်တယ်။ 'ရှေး' ပြောတဲ့ အ-ပျို-ကြီး အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သဘောကျလွန်းလို့ Face Book တောင် ထင်လိုက်တယ်။ ဘုံလေးရဲ့ အတွေးအခေါ်တွေ စိတ်ကူးတွေက တအားသစ်တယ်။ ဘုံလေးရေဖြစ်နိုင်ရင် တစ်လကို နှစ်အုပ်လောက်ကို ထွက်စေချင်တယ်။ ဖတ်ရတာ အားမရလို့လေ။ ဟာသဆန်ဆန်လေး ဖတ်ပြီးပြီး ငိုချင်သေးတယ်။ ငိုရတဲ့ နင့်နင့်နဲနဲ ဇာတ်မျိုးလေး ရေးပေးပါဦး။ ဘုံလေးရေးတဲ့ ဝတ္ထုတိုင်းကို အမြဲတမ်း စောင့်မျှော်ဖတ်နေမယ် . . .

တင်မျိုးသာ
အမှတ် (၇၀)၊ ဒေါင်းငွေရပ်
ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။

## အမှတ်တရ

To

ဆရာမ မယ်မင်းဘုံ

ခင်မင်စွာ စာရေးလိုက်ပါတယ်။ ကျွန်တော်က ဆရာမရဲ့ စာဖတ်ပရိသတ်ပါ။ ဝတ္ထုတွေ ဖတ်ရတာ ကျွန်တော့် ဝါသနာပါ။ ဆရာမ ဝတ္ထုတွေ ဖတ်ရတာ ကျွန်တော့်အတွက်တော့ စိတ်ကူးယဉ် အားကျရတဲ့ လူငယ်ဘဝလေးတွေကို ပိုင်ဆိုင်ရပါတယ်။ ဆရာမကို အစဉ် အမြဲ အားပေးပါတယ်။ ဆရာမ အောင်မြင်မှု အစွန်းရှည်ပါစေ။

K.Z.H
ကောင်းသုခ
ဘန်ဘွေးကုန်းကျေးရွာ
ဘုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်း။



## အမှတ်တရ

သို့


မယ်မင်းရေ . . .

မင်္ဂလာပါ။

အသစ်အဲသစ်သော ဖန်တီးမှုတွေကို **ဖန်တီးနေရ**တာ ပင်ပန်းနေပြီလား။ ချိုအေးတို့က အမြဲတမ်း စောင့်မျှော်အားပေးနေသူတွေပါနော်။ ဒီလထွက်တဲ့ "သံယောဇဉ် မျက်စောင်းထိုး" စာအုပ်လေးက ဘယ်လိုပြောရမလဲ။ ဘယ်နိုးဂွတ်ပေါ့နော်။ အဲဒီမှာ ခေါင်းစဉ်နဲ့ အတွင်းစာသားခေါင်းစဉ်က လွဲနေတယ်နော်။ ချိုအေးငှားတဲ့ စာအုပ်ဆိုင်က စာအုပ်က စာမျက်နှာတွေ ထပ်နေတော့ ချိုအေးမှာ ဇီးလိအပြည့်နဲ့တောင် စာမဖတ်ရဘူး။ ဒါပေမဲ့ ဇာတ်လမ်းလေးကိုတော့ တအား သဘောကျတာပဲ။ ရွှေကြူတ်ရဲ့ ဆယ်ကျော်သက် စိတ်ခံစားမှုကော ဦးဝါရဲ့ တည်ကြည်လေးနက်မှု သိက္ခာရှိမှုတွေကို တအားကြိုက်တယ်။ ထာဝစဉ် အားပေးနေပါတယ် ဆရာမလေး မယ်မင်းရေ။ အချိန်လေးရရင်တော့ ပြန်စာလေး ပို့ပေးပါနော်။ ထာဝရချစ်ခင်စွာ . . .

ခင်ချိုအေးပွင့်
(၂) ရပ်ကွက်၊ အောင်သုခလမ်း
ရွှေမြယာကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်။
ရန်ကုန်တိုင်းဒေသကြီး။

# မယ်မင်းဘုံ



## ဆေးကျောင်းသား နှင့် အီကိုကွင်း

စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

# မယ်မင်းဘုံ၏ထွက်ပြီးစာအုပ်များ

၁။ အချစ်ဇရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိဗီဒီယို)
၂။ ချစ်ရင်...နှစ်ပိနှစ်စေတင့် (ရွှေစင်ဦးဗီဒီယို)
၃။ ငွေတောင်ပြည်က ဖြူဖြူ (အောင်သီရိဗီဒီယို)
၄။ ချစ်သူလိမ်ဖို့ အကြောင်း (အောင်သီရိဗီဒီယို)
၅။ အမုန်းဘက်ရှိတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယို)
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သီရိဗီဒီယို)
၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိဗီဒီယို)
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စွန့်ထားပေးခဲ့သည်။
(အောင်သီရိဗီဒီယို)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိဗီဒီယို)
၁၀။ နှုတ်မှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယို)
၁၁။ အနန်းမြို့ကသတို့သား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယို)
၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ
(အောင်သီရိဗီဒီယို)
၁၄။ နတ်သားအိပ်ဆေးစော်ထားတဲ့ ညနေခင်း
(အောင်သီရိဗီဒီယို)
၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
(အောင်သီရိဗီဒီယို)
၁၆။ ဘာညာသာရကာ (အောင်သီရိဗီဒီယို)
၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သီရိဗီဒီယို)
၁၈။ အနှမ်း Equation (အောင်သီရိဗီဒီယို)
၁၉။ တဆိတ်လောက်ခင်ဗျာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သီရိဗီဒီယို)
၂၀။ အမြိုးကွန်ယက်နတ်သမီး (အောင်သီရိဗီဒီယို)
၂၁။ ဗိုလ်လေးရည်းစား မြို့ကြီးသား (အောင်သီရိဗီဒီယို)
၂၂။ အမုန်းပြယ်ပိုင် (အောင်သီရိဗီဒီယို)
၂၃။ နှလုံးသား Hacker (အောင်သီရိဗီဒီယို)
၂၄။ ကွန်ရိုဖြစ်သောမျက်ဝန်းလေးဆီ(အောင်သီရိဗီဒီယို)
၂၅။ သူစိတ်နာတဲ့ကြာဖြတ်အစီအစဉ်(အောင်သီရိဗီဒီယို)
၂၆။ 4 in 1 (အောင်သီရိဗီဒီယို)
၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိဗီဒီယို)
၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည်
(အောင်သီရိဗီဒီယို)
၂၉။ နေမထိအလွမ်း (အောင်သီရိဗီဒီယို)
၃၀။ မိုးလုံလေလုံ အိမ်တောင်ပြုသည် (အောင်သီရိဗီဒီယို)
၃၁။ နောက်ကျောကချစ်သူ (ဗီဒီယို)
၃၂။ ရိုးမြေကျခေါင်းခါသည် (စိမ်းဝါနီဗီဒီယို)
၃၃။ သံယောဇဉ်မျက်စောင်းထိုး (အောင်သီရိဗီဒီယို)
၃၄။ မြားနတ်မောင် ဝှန်းဗိုင်းကြဲနေသည် (အောင်သီရိဗီဒီယို)
ယာစုလ
၃၅။ ဆေးကျောင်းသားနှင့်ဗီကိုကွင်း

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ၁

ဟင်းရဲ့ ရန့်နဲ့တင် သူ့ရဲ့ဆာလောင်မှုကို ပိုဆွဲခေါ်စေတာမို့ သူက မိုက်ဆာဆာနှင့်ပင် အားရပါးရကို ဆွဲတော့လေသည်။ အားပါးပါး ... လက်ရာကတော့ ရှယ်ပဲ။ ရန်ကုန်မှာသာ ဒီလိုလက်ရာမျိုးနဲ့ ထမင်းဆိုင် လာဖွင့်လိုက်လို့ကတော့ ရောင်းရချက်က နိုင်းလောက်ရှိမှာ ဖြစ်သည်။

ကောင်းက ဆိတ်သားဆီပြန်နှင့် ထမင်းကို အားရပါးရကို အကြိုက်စားပြီးသွားလေလျှင် အစားပိတ်အနေဖြင့် ဆိုင်က အချိုပွဲကို စေတနာပါစွာ ကျွေးလေသော ထန်းလျက်ရည်မုန့်လက်ခေါက်ကို သောက်လိုက်သည်။ အင်း ... ဒီဆိုင်က ဟင်း

ထမင်းတင် ဇိုက်ရာကောင်းတာ မဟုတ်ဘူး။ ဒီလို ထန်းလျက်ရည် မုန့်လက်ဆောင်းတောင် အရသာက သူများထက် ပိုကောင်းနေပါလား။

ကောင်းက စားနေရင်းကမှ သူ့ကို ဒီဆိုင်မှာကျ လိုက်မကျွေးသော လေးလေးသာကို အိမ်ပြန်ရောက်မှ ပြောရမည် ဆိုတာ သတိရလိုက်သည်။

သူ့အတွက်ကတော့ ပြောရမယ်ဆို ဒီနေ့ရက်တွေဟာ အလွန်ကို ပျော်ရွှင်မြူးတူးဖွယ်ရာကောင်းသော ရွှေရောင်ဆမ်း အချိန်ကာလများပဲဖြစ်သည်။ ဆယ်တန်းကို ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ထားကာ မိဘတွေက သူ့ရဲ့အောင်မြင်မှုအတွက် သားလေးလိုရာမှန်သမျှ အရာရာကို ဖြစ်နေချိန်မို့ သူ့အတွက်က ထင်တိုင်းကြံရနေသည့် ပျော်ရွှင်မှုများပင် ဖြစ်သည်။ အခုလည်း သူ့ရဲ့အချစ်ရဆုံးသော လေးလေးသာတို့ရဲ့မြို့ကို သူတစ်ယောက်တည်း ခရီးထွက်လာရင်း သူ့ညီအစ်ကိုတွေနဲ့ လည်လို့ပတ်လို့ဝတော့ သူတစ်ယောက်တည်း တစ်ကိုယ်တော် ဆိုင်ကယ်စီးထွက်လာခဲ့တာဖြစ်သည်။





အခုတော့ လည်ရပတ်ရတာလည်း များပြီ။ ဗိုက်လည်းခွေးနမ်းရလောက်အောင် အမုန်းဆွဲခဲ့ပြီးပြီဆိုတော့ အိမ်ပြန်ကာ တစ်ရေးတစ်မော ခေါ်ဖို့ပဲ ရှိတော့သည်။

"ဒီမှာ ပိုက်ဆံရှင်းမယ်နော်"

ကောင်းက ဘေလ်တောင်းလိုက်ကာ ဘေလ်အလာမှာ ရှာဖွေရေးတစ်ချောင်းဖြင့် သွားကြားထိုးနေကာ ဝိတ်တာမိန်းကလေး တွက်ပေးတာကို စောင့်နေလိုက်သည်။

"အစ်ကိုကြီးက ထမင်းတစ်ပွဲ၊ လိုက်ပွဲ သုံးပွဲ၊ ဆိတ်သားနှပ်ရယ်၊ ခရမ်းချဉ်သီးဆားထောင်းနဲ့ဆိုတော့ နှစ်ထောင့်ငါးရာ၊ ဒါက ကြက်ကုန်းဘောင်ရယ် ရေသန့်တစ်ဘူးရယ် ဆိုတော့ အားလုံးပေါင်း လေးထောင့်သုံးရာပါ"

"ဟား … တကယ်တန်တယ်ဟေ့၊ ဒီလောက် အဝစားတာတောင် ဒါပဲကျတယ်၊ ညီမတို့ဆိုင်က ဟင်းချက်လက်ရာကတော့ တကယ့်ရှယ်ပဲ သိလား"

ကောင်းက တကယ့်ကို သက်သာသောနှုန်းမို့ အံ့ဩမိရင်း ဆိုင်ကောင်းကြောင်းကို ချီးကျူးရင်းမှ ပိုက်ဆံအိတ်ထုတ်

လိုက်သည်။ ဟင်းတွေ တစ်ပွဲ တစ်ပွဲ ထည့်ထားတာဆိုတာလည်း မနည်းမနော။ အဲဒါကို တကယ့်သက်သက်သာသာမို့ လူကအံ့သြနေရတာဖြစ်သည်။

"ရန်ကုန်မှာသာ ဆိုင်ဖွင့်ရင် အရမ်းကို ရောင်းရမှာ သေချာပဲ"

ကောင်းက စကားပြောနေရင်းကမှ ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ကို နှိုက်နေတာ အိတ်က လုံးဝကိုစမ်းကိုမစမ်းမိသေးချေ။ ဒီဘက်အိတ် မဟုတ်ဘူး ထင်တယ်။ ကောင်းက ညာဘက်ဘောင်းဘီအိတ်ကပ်ထဲ ထပ်စမ်းကြည့်သည်။ ဟင် … မဟုတ်သေးပါဘူး။ အနောက်အိတ်ထဲမှာများလား။ ကောင်းက လုံးဝကို ပြားချပ်ကပ်နေသော ဘောင်းဘီအိတ်ထဲကို ဘေးစမ်းလိုက် ရှေ့စမ်းလိုက်တွေ များလာတော့ ကောင်မလေးက သူ့ကို မသက်မသာစရာ မျက်လုံးတို့ဖြင့် ကြည့်လာ၏။ သူ့ ကို ဘာလဲဆိုတဲ့ အထာဖြင့် ကြည့်နေတာကြောင့် ကောင်းက သူ့ကို အဲဒီ ဒီဇိုင်းနဲ့ ရှိုးနေတာကြီးကို ဖုသွားတာမို့ သူက ဘာမှရှိမနေသည့် အဲဒီ ဘောင်းဘီအိတ်ကပ်ကိုပဲ အသည်းအသန်တွေ ဖွတ်ရှာနေရင်းမှ





ဦးနှောက်ကလည်း အိမ်ကထွက်လာတန်းက အသေအချာပါလာတဲ့အိတ် ဘယ်ရောက်သွားလဲဆိုတာ အလျှင်အမြန် စဉ်းစားနေမိသည်။

ဟား … ကျိုင်ပဲကွာ။ အိတ်က တစ်နေရာရာမှာ ကျန်နေပြီဆိုတာ သေချာသွားပြီမို့ သူက ကိစ္စပြတ်အောင် ရှင်းဖို့ ကောင်မလေးကို လေပြည်ထိုးရတော့သည်။

"ဟို … ခဏလေးနော် ညီမ၊ အိတ် ဘယ်မှာထားမိမှန်း မသိလို့"

ကောင်မလေးက သူ့ကို ဟုတ်ရဲ့လားဆိုတဲ့အကြည့်တွေဖြင့် ကြည့်တာကြောင့် ကောင်းက စိတ်အိုက်လာရကာ …

"ကိုယ့်ပိုက်ဆံအိတ် ရှာလိုက်ဦးမယ်၊ ဘေလ်ရှင်းမယ်ဆို ခေါ်လိုက်မယ်လေ"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ရဲ့နောက်မှာ လေသံနဲ့ သူ့ကိုကြည့်တဲ့ ချက်လုံးက စောင့်ကြည့်မယ်လေဆိုတဲ့ ပုံစံတွေ ပါဝင်နေကာ သူမှုရေးအရ ခဏအခွင့်အရေးပေးတဲ့ သဘောဖြင့် ကောင်မလေး

က ထွက်သွားပေးလေသည်။ အဲဒီကောင်မလေး ထွက်သွားတော့မှပဲ သူက ဒေါင်းတောက်အောင် ရှာရတော့တာဖြစ်သည်။ သူဝတ်ထားတဲ့ ကုတ်ရဲ့အိတ်ကပ်ထဲမှာလည်း ပိုက်ဆံအိတ်က ရှိမနေပေ။

သူ ဘယ်လိုပဲရှာရှာ လုံးဝရှိမနေတာက သေချာသွားပြီဖြစ်တာမို့ ကောင်းက ဖုန်းထုတ်ကာ လေးလေးသာဆီ ဖုန်းခေါ်ဖို့ လုပ်ရတော့သည်။

ဟား ... ရှစ်ထ် ... သေလိုက်စမ်းကွာ။ ဖုန်းက No Service ဖြစ်နေပြီ။ လေးလေးသာ အိမ်နဲ့ ဒီဆိုင်ကလည်း တော်တော်လေးကို လှမ်းတာမို့ သူ့အတွက် တကယ့်ကို ကျဉ်းထဲကျပ်ထဲ အခြေအနေကို ရောက်ပြီဖြစ်တာမို့ လေးလေးသာဆီကို ဖုန်းကတော့ မဆက်လို့ မဖြစ်တော့ပေ။ ဆိုင်ထဲမှာက လိုင်းကို လုံးဝပျောက်နေတာမို့ ကောင်းက လိုင်းမိလိုမိငြား မတ်တတ်ထရပ်လိုက်လျှင် ကောင်းရဲ့ခြေလှမ်းတွေ လှမ်းစခြင်း မပြုရသေးခင်မှာပဲ သူ့ရဲ့အင်္ကျီကုပ်ကို လှမ်းဆွဲခြင်း ခံလိုက်ရ၏။

"ဒီမှာ ... ရှင် ဒီလိုပြေးလို့ ရရိုးလား။ အခု ပြန်ထိုင်လိုက်"





အင်္ကျီကုပ်ကို ဆွဲထားတာက တကယ့်ကို တင်းခနဲဖြစ်သွားရတာကြောင့် ကောင်းက လည်ပင်းအစ်နေကာ ပြန်ထိုင်ချလိုက်ရင်း ဒေါသတကြီး ပြောရင်းက အတင်းရုန်းပစ်လိုက်သည်။

"ဟာ ... လွှတ်စမ်းပါ။ ဘာလုပ်တာလဲ"

သူက ရုန်းလိုက်ရင်း သူ့အင်္ကျီကုပ်ကို လာဆွဲသောသူကို ကြည့်လိုက်လျှင် မိန်းကလေးတစ်ယောက် ဖြစ်တာမို့ အံ့အားသင့်သွားရသည်။ မိန်းကလေးက တကယ့်ကို အာဂပုံစံဖြင့် သူ့ကို ရဲရဲတောက်ကြည့်ကာ ...

"သူများဆိုင်မှာ စားပြီးရင် ပိုက်ဆံရှင်းရတယ်ရှင့်"

"ဟား ... ဘယ်သူက မရှင်းဘူး ပြောနေလို့လဲဗျ"

ကောင်းက ဒေါကန်သွားရကာ ခပ်တင်းတင်းပြောလိုက်လျှင် ခေသူမဟုတ်သော မိန်းကလေးက သူ့ကို ဆတ်ဆတ်ထိမခံ ပြန်ပြောလေသည်။

"အဲဒါဆို ဘာလို့ ထွက်ပြေးတာလဲ"

"ဘယ်မှာ ထွက်ပြေးလို့လဲ။ ဒီမှာ ဖုန်းလိုင်းမမိလို့ အပြင်ထွက်ဆက်မလို့ဟာ"

"ဟင်း ... ဟင်း ... ဒါမျိုးအကွက်တွေ ရိုးနေပြီ၊ ရှင့်နှယ် အံ့ပါရဲ့ရှင်၊ ရုပ်ကလေးမှ အားမနာ၊ သူများဆိုင်မှာ အလကား ဖရီးဝင်စားချင်ရတယ်လို့"

"ဘာဗျ"

ကောင်းက တင်းတာကတော့ အသေတင်းသွားရပြီဖြစ်သည်။ သူ့ဘဝမှာ ဒီဘာမဟုတ်တဲ့ ခနောနီခနောနဲ့ ထမင်းဆိုင်က စားပွဲထိုးမိန်းမတစ်ယောက်ရဲ့ အပြောအဆိုကို ခံရလိမ့်မယ်လို့ တွေးတောင် မတွေးထားခဲ့ဘူးပါ။ ပြောလိုက်တာများ တကယ့်ကို ရစရာမရှိ အခြေအနေမို့ ကောင်းက ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ရလေတော့သည်။ ဒါပေမဲ့ အခြေအနေကလည်း တကယ်ကြီးကို အပြောခံရမယ့် အနေအထား ရောက်နေပြီမို့ သူက အော်ပစ်ချင်လောက်အောင်ကို စိတ်ဆင်းရဲရတော့သည်။

"ပိုက်ဆံလေး နှစ်ပဲခြောက်ပြားလောက်အတွက်နဲ့ ကျုပ်သိက္ခာအကျမခံဘူး၊ ဘယ်သူကမှလဲ အလကားစားဖို့ အစီအစဉ် မရှိဘူး၊ မင်းတို့ဆိုင်ရှင် ဘယ်မှာလဲ၊ ငါ ဆိုင်ရှင်နဲ့ပဲ စကားပြောမယ်"





"ဆိုင်ရှင်ကတော့ ကျွန်မပဲ၊ ဘာပြောချင်သလဲ ပြော"

သူ့ကို ခါးထောက်၍ ဆိုင်ရှင်ပါလို့ ပြောလိုက်တဲ့ ပုံစံက တကယ့်ကို ဖံဖံကြီးအထာမို့ သူက သူ့နဲ့မှ အသက်မတိမ်းမယိမ်းလောက်ပဲရှိမည့် ရွယ်တူမိန်းကလေးက သူ့ကုပ်ကိုဆွဲကာ သူ့ခိုးဖမ်းသလိုဖမ်း၍ ဆိုင်ရှင်ကလည်း သူမပါဆိုတော့ ပြောရမယ့်စကားတွေတောင် နည်းနည်းတော့ တွန့်ဆုတ်နွန့် ဖြစ်သွားရသည်။

"ပြောလေ၊ ရှင်က ဘာကို ပြောချင်တာလဲ"

သူ့ကို မေးခွန်းထပ်ထောက်လာတာမို့ ကောင်းက မပြောချင်ပေမယ့် ပြောရခက်စကားကို ပြောလိုက်ရတော့သည်။

"မင်းက ဒီဆိုင်ပိုင်ရှင် ဆိုတော့လည်း ပြောရတာပေါ့။ ငါက ဒီမြို့ကို အလည်လာတဲ့ ဧည့်သည်ပါ။ အခု လျှောက်လည်ရင်းနဲ့ ပိုက်ဆံအိတ်က ဘယ်နားကျကျန်နေခဲ့မှန်း မသိဘူး။ အဲဒါကြောင့် အခုစားထားတာတွေ ရှင်းပေးဖို့ ငါ့ဦးလေးကို ဖုန်းဆက်ခေါ်မှ ရမယ်၊ ဒီမှာ ဖုန်းလိုင်းက မမိဘူး ဖြစ်နေတယ်၊ အဲဒီတော့ ဒီထမင်းဖိုးရှင်းပေးနိုင်ဖို့ မင်း ဖုန်းတစ်ကောလောက် ပေးဆက်ပါ"

"ကောင်းပြီလေ၊ ရော့ ... ဆက်ပါ"

ကောင်းရဲ့ရှေ့သို့ ဖုန်းထိုးပေးလျှင် ကောင်းက ဖုန်းကိုယူလိုက်ကာ လေးလေးသာဆီ ဖုန်းခေါ်လိုက်တော့သည်။ ဒီအချိန်မှာ သူဟာ ဗေဒင်တွေ ဘာတွေများ မေးကြည့်လိုက်မယ် ဆိုရင် ကံဇာတာဟာ အင်မတန်မှ ညံ့နေပါတယ်ပဲ ပြောလေမလား ဟု ထင်ရအောင်ပင် ကံဆိုးစွာ လေးလေးသာဖုန်းက စက်ပိတ် ထားပါသည်တဲ့။

သူက စိတ်ညစ်ညူးစွာ ထပ်ခေါ်နေသေးလျှင် စိတ် မရှည်တော့သော သူမက ...

"ကဲ ... ကဲ ... ခေါ်လို့ မရဘူးဆိုရင်လည်း ခေါ်မနေနဲ့ တော့၊ ဒီကိစ္စကို ဘယ်လိုရှင်းမှာလဲ၊ အချိန်သိပ်မရှိဘူး၊ ဝါဝါ ... သူစားထားတာ ဘယ်လောက်ကျလဲ"

"လေးထောင့်သုံးရာပါ"

"ကဲ ... ဖုန်းလည်း ခေါ်မနေပါနဲ့တော့၊ ပိုက်ဆံလည်း ရှင်းမနေနဲ့တော့၊ ဒီထမင်းတစ်နပ်ကို လှူလိုက်တယ်လို့ပဲ သဘောထားလိုက်တယ်"





ကိစ္စကတော့ ယေဘုယျအားဖြင့်တော့ အဆင်ချော သွားပြီပဲဖြစ်သည်။ ဒါပေမဲ့လို့ သူ့ရင်ထဲမှာ ကလိ ကလိ ဖြစ် ကျန်နေ၏။ သူကတော့ ဒီအပြောကြီးကို လုံးဝဘဝင်မကျပေ။ မျက်နှာပေး အချိုးအချိတ်က သူ့စိတ်ထဲ ဖုစေတာမို့ ကောင်းက ရိုးလ်တော့ အကျမခံနိုင်စွာ ငြင်းပစ်လိုက်တော့သည်။

"မလိုပါဘူး၊ မင်းကို တန်ရာတန်ကြေး ပြန်ပေးမှာပါ၊ အခု ငါ့မှာ ပိုက်ဆံအိတ် မရှိတော့လို့ မင်းပိုက်ဆံကို မပေးနိုင်ဘူး၊ အဲဒီတော့ အဲဒီငွေပမာဏနဲ့ညီတဲ့ အလုပ် တစ်ခုခု ငါ လုပ်ပေးမယ်၊ တန်ရာတန်ကြေးပေါ့ကွာ"

"ရပါတယ်၊ မပေးပါနဲ့လို့ ပြောပြီးပြီပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ သူများဆီက အလကား မစားတတ်ဘူးကွ၊ ကဲ ... ပြောပါ၊ ငါ ဘာလုပ်ပေးရမလဲ"

ကောင်းက အပြတ်မေးလိုက်လျှင် မိန်းကလေးက သူ့ကိုပြုံးမြမြ စိုက်ကြည့်ကာ ...

"ကောင်းပါပြီ၊ ရှင် ဆီပ်လုပ်ချင်သပ ဆိုတော့လည်း လုပ် ပေါ့။ ပန်းကန်တွေ ဆေးစရာမှ တစ်ပုံကြီးပဲ။ ရှင်ပန်းကန် သွားဆေးလိုက်။ အဲဒါ ရှင့်ရဲ့လုပ်အားခပေါ့"

"ပန်းကန်ဆေးရမယ်"

ကောင်းက ထင်မထားတာမို့ အံ့တော့ အံ့သြသွားရလေသည်။ အေးပေါ့လေ ... သူ့ဘက်က တန်ရာတန်ကြေးလုပ်အားတစ်ခုတော့ ပေးရမှာပေါ့။ မဈေ်ာလင့်သော အခြေအနေမျိုး ဖြစ်လာတာကြောင့် သူက အဲဒီကျပျောက်သွားတဲ့ ပိုက်ဆံအိတ်ကိုသာ ဒေါသထွက်ရလေတော့သည်။

"ဟုတ်တယ်၊ အနောက်မှာ ပန်းကန်တွေ ဆေးရမှာဖြင့် အပုံအပင်လိုက်ပဲ။ ဝါဝါ ... သူ့ကို နောက်ဖေးထဲခေါ် သွားလိုက်"

ကောင်းက ရင်ထဲက ခံပြင်းစိတ်တစ်ခုက ဖွားခနဲ လှိုက်တက်ဆူပွက်လာလေသည်။ ဒါပေမဲ့လည်း သူ့စိတ်ကိုလျှော့လိုက်ရကာ မာနတွေ ခဝါချ၍ နောက်ဖေးထဲ ဝင်လိုက်လာလိုက်သည်။ ထမင်းပန်းကန်၊ ဟင်းပန်းကန်တွေက မနည်းမနောပေ။

ကောင်းက သူမရှင်းနိုင်သည့်စရိတ်အစွက် သူ့လုပ်အားခကို ပြန်လည်ပေးဆပ်ဖို့အတွက် အနားမှာရှိသည့် ခွေးခြေခုံပုလေးမှာ ဝင်ထိုင်ကာ ဘုံဘိုင်ခေါင်းကရေကို စတင်ဖွင့်ချ





လိုက်သည်။ စိတ်ထဲမှာ ခံစားနေရသော ဒီလင်ကြီးသည် အရမ်းကို အောက်သိုးသိုးဆန်လာကာ သူ့ကို အချေရုပ်ဖြင့် ကြောသလို ပြောလေသော ဆိုင်ပိုင်ရှင် ကောင်မလေးကိုတော့ တကယ်ပဲ အချဉ်ပေါက်ရလေသည်။

ဘယ်လောက်ပဲ အချဉ်ပေါက်ပေါက် လောလောဆယ်မှာတော့ သူဟာ တောင်လိုပုံနေတဲ့ ပန်းကန်တွေကို ဆေးနေရပါသည်။

❖ ❋ ❖

## ❋ ၂ ❋

ချိုလက အနေတော်လိုးဖြတ်ထားက ကြော်ထားသော အသီးအရွက်နှင့် ပုစွန်တုပ်ကို ဖြန့်ထားတဲ့ ကြက်ဥပေါ်သို့ အလောတော် ဖြန့်ထည့်လိုက်ကာ ရေတ်ကောင်းမှုန့်ပါးပါးလေး ဖြူးပြီးနောက် အပြားလိုက်ဖြန့်ကြော်ထားတဲ့ ကြက်ဥကို လေးဖက်ညီအောင်ခေါက်ကာ တီထွင်ဖန်တီးမှုအသစ် လုပ်နေတာဖြစ်၏။ ဒီကနေ့အတွက် Menu အသစ်က ပုစွန်နှင့်အသီးအရွက်စုံရောကြော်ကာ တီထွင်ထားသည့် ကြက်ဥလိပ်ပုစွန်အစာသွပ်ပဲဖြစ်၏။





လေးထောင့်ပြားလေးဖြစ်အောင် ခေါက်ထားသော ချစ်စရာ ကြက်ဥလိပ်လေးရဲ့ ဂါလွင့်လွင့် အရောင်လေးပေါ်မှာ စားချင်စဖွယ် မျက်စိပဒါသဖြစ်အောင်လို့ ချိုလက ဖြူးနေသည့် မျက်လုံးလေးနှင့် နှုတ်ခမ်းလေးဖြစ်အောင် မရောနီးစ်ဖြင့် ပုံစံဖော်လိုက်သည်။ ပန်းကန်မှာ စိတ်တိုင်းကျ အလှဆင်ပြင်ဆင်ပြီးသွားသောအခါ ချိုလက ကြည်နူးပျော်ရွှင်စိတ်ဖြင့် ဘောင်းဘီအိတ်ကပ်ထဲက Sony Xperia Z2 ဖုန်းအသစ်လေးကို ထုတ်ကာ Resoluation ကောင်းသော ကင်မရာဖြင့် ချိုလရဲ့အနုပညာလေးကို မှတ်တမ်းတင်ပြီးနောက် တစ်ခုခုဆို လေလွှင့်ပေါ်တက်လက်တို့ရမှ ကျေနပ်လေသော ချိုလအတွက် facebook ပေါ်သို့ ပုံတင်ရသည်။

ထုံးစံအတိုင်း ချိုလရဲ့ account မှာတင်နေကြဖြစ်တဲ့ ဒီနေ့အတွက် နှလုံးသားအားဖြည့်အစာ ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကြက်ဥလိပ်ပုစွန်အစာသွပ်ရဲ့ဒသနလေးကို Type ရိုက်လိုက်သည်။

## ကြက်ဥလိပ်ပုစွန်အစာသွပ် ♡ ♡ ♡

လူသားတွေရဲ့ ချစ်ခြင်းမေတ္တာဟာ ဒီအစားအသောက်လေးကို ဥပမာပြုပြီး ဆင်ခြင်သင့်တယ်လို့ ချိုလကတော့ ထင်တယ်။

အပေါ်ယံလွှာကနေ ဖုံးထားတဲ့ ကြက်ဥလိုမျိုး နှလုံးသားနဲ့ ကိုယ့်ချစ်သူအပေါ်ကို ချစ်မယ်ဆိုရင် ဘေးကပြင်ပအနှောင့်အယှက်တွေဖြစ်တဲ့ ဓား၊ ဇွန်း၊ ခက်ရင်းစတဲ့ အရာတွေက ဝင်ဖျက်ဆီးလိုက်မယ်ဆို ကိုယ့်ရဲ့ချစ်သူဖြစ်တဲ့ ပုစွန်အစာသွပ်လေးဟာ ဓား၊ ဇွန်း၊ ခက်ရင်းရဲ့သယ်ဆောင်ရာကို ပါသွားနိုင်ပါတယ်။

ဆိုလိုချင်တာကတော့လေ အထူးသဖြင့် ယောကျ်ားလေးတွေပေါ့။ ကိုယ့်ချစ်သူအပေါ်ကို ချစ်ပေမယ့် ဂရုမစိုက် အလေးမထားဘဲ ကြက်ဥလို အပေါ်ယံလွှာပါးပါးလေးပဲ ဂရုစိုက်မှု ကာကွယ်မှု ရှိတယ်ဆိုရင် ချစ်သူမိန်းကလေးတွေဟာ မလုံခြုံတဲ့ နှလုံးသားရဲ့ ဝေးရာကို ရောက်သွား





တတ်ပါတယ်။ အဲဒါကြောင့် facebook က သူငယ်ချင်းတွေလည်း ချိုလရဲ့ကြက်ဥလိပ်ပုစွန်အစာသွပ်လေးကို ကိုယ့်ချစ်သူလေးကိုကျွေးပြီး ချိုလပြောတဲ့ ဥပမာလေးနဲ့ ပိုဂရုစိုက်ဖို့ ခြိမ်းခြောက်ကြည့်ပါလား။ အဲဒါဆို ချစ်သူကောင်လေးတွေဟာ ကိုယ့်ကောင်မလေး သူများနောက်ပါ မသွားဖို့ ကြက်ဥလို အလွှာပါးပါး နှလုံးသားမျိုးနဲ့ ချစ်ရဲတော့မှာ မဟုတ်လောက်ဘူး။

ဟိ ... ဟိ ...။

ချိုလ သူငယ်ချင်းလေးတွေ စမ်းကြည့်လို့ရအောင် ကြက်ဥလိပ် ပုစွန်အစာသွပ်လေးရဲ့ ချက်နည်းလေးကို ပြောပြလိုက်မယ်နော်"

ချိုလက အချစ်နဲ့ အစားအသောက်ကို ဒဿနလေးတွေအဖြစ် အမြဲတွဲတင်နေကြဖြစ်ပြီး အဲဒီလို ဒဿနလေးရေးပြီးမှ ချက်နည်းကို ပေးတတ်သည်။ Public အဖြစ်တင်ပြီးနောက်မှာ ချိုလဖုန်းရဲ့ Data Connection ကို ပိတ်ထားလိုက်ပြီး ထုံးစံအတိုင်း ချစ်မေကြီးဆီ ပန်းကန်ယူ၍ အပြေးသွားလိုက်သည်။

"မကြီးရေ ... မကြီး"

"ဝေး ... မေ ... ဒီမှာ သမီးရေ၊ ကဲ ... ပြောစမ်းပါဦး၊ ဘာတွေ ဆန်းသစ်တီထွင်လာပြန်ပြီလဲ"

မကြီးက ဧည့်ခန်းထဲမှာ အလုပ်ထိုးပန်းအိုး ထိုးနေရင်းက လှမ်းမေးလိုက်တာမို့ ချိုလက ပြုံးရွှင်ကြည်နူးစွာဖြင့် မကြီးအနား သွားလိုက်ကာ ...

"'ဒီနေ့တော့ မရိုးမဆန်း နေ့လယ်စာပဲစားစား၊ အဆာပြေလေးပဲစားစား အဆင်ပြေတဲ့ ကြက်ဥလိပ်ပုစွန်အစာသွပ်လေး လုပ်ထားတယ်၊ မြည်းကြည့်ပါဦး မကြီးရဲ့"

မကြီးက ချိုလပေးလိုက်တဲ့ ပန်းကန်ထဲက ကြက်ဥလိပ်လေးကိုကြည့်ကာ သဘောတကျ ပြုံးလိုက်ရင်း ...

"အင်း ... ကျုပ်လည်း ညည်းလေးရဲ့လက်ရာတွေ မြည်းရင်းနဲ့ ခန္ဓာကိုယ်က ဒီပုံပေါက်လာပြီ။ ဝိတ်လျှော့ဖို့ထက် စားလို့ခံတွင်းတွေ့ဖို့က ပိုအရေးကြီးတယ် ဆိုတော့လည်း စားရဦးမှာပေါ့လေ"

မကြီးက ကြက်ဥလိပ်ရဲ့အရသာကို မြည်းစမ်းခံစားရင်း သဘောတွေ အကျကြီး ကျနေတော့သည်။





"အမယ်လေး ... ငါ့သမီးလက်ရာ တယ်ကောင်းပါလား။ ညည်းအမေကတော့ ပြန်လာရင် စားလိုက်မယ့်ဖြစ်ခြင်း"

"အဲဒါကြောင့် အများကြီးကို လုပ်ထားတယ်။ သမီးတောင်တစ်ခု စဉ်းစားမိတယ်၊ ဒီ item ကို ဆိုင်မှာ အသစ်ထပ်တင်ရင် ကောင်းမလားလို့။ ဒီအစားအသောက်ကျတော့ မြန်မာပါးစပ်နဲ့လည်း ခံတွင်းလိုက်တယ်လေ။ ဟုတ်တယ်မှုလား မကြီး"

"အမယ်လေး ... တော်ပါအေ။ အဲဒါကတော့ မလုပ်ပါနဲ့တော့။ ဆိုင်ကဲ့ သမီးဖွင့်ချင်လှချည်ပါရဲ့ ဆိုပြီးတော့သာ ဖွင့်တာ။ လူခွဲလည်းရှိတာ မဟုတ်ဘဲနဲ့။ ပြီးရင် သမီးပဲ ပင်ပန်းတာ။ လုပ်မနေနဲ့။ မေမေက သမီးလေး ဝါသနာပါတာကို မတားချင်လို့ လုပ်ခိုင်းရတာ။ ဟင်းချက်ရပြုတ်ရ အလုပ်ဆိုတာ တကယ်လက်ဝင်ပြီး ပင်ပန်းပါတယ် သမီးရယ်။ သမီးမို့လို့ အပင်ပန်းခံတယ်"

မကြီးရဲ့ စကားကြောင့် ချိုလက သဘောကျစွာ ပြုံးလိုက်မိသည်။ အဲဒါကတော့ မိန်းကလေးအပီသလွှန်နေသည့်

ချိုလရဲ့မွေးရာပါဗီဇလို့ ခေါ်ရမှာပဲ ဖြစ်၏။ ငယ်ငယ်လေးကတည်းက ဟင်းချက်ပြင်ဆင်ရတာကို ဝါသနာပါကာ အဲဒီမှ ချွန်ထွက်၍ ဟင်းချက်နည်းဆန်းဆန်းလေးတွေ ထွင်ချက်ကာ အဲဒီဟင်းနဲ့ လိုက်ဖက်တဲ့ ဥပမာယူလို့ရတဲ့ အချစ်နဲ့ဆိုင်တဲ့ အတွေးအခေါ် ဒဿနလေးတွေ၊ ဘဝနဲ့ဆိုင်တဲ့ အတွေးလေးတွေ ရေးရတာကို အင်မတန်မှ ဝါသနာကြီးသူ ချိုလပါ။

ဆယ်တန်းဖြေပြီး အောင်စာရင်း စောင့်နေချိန်မှာ ချိုလက မေကြီးကို ထမင်းဆိုင်ဖွင့်ခိုင်းကာ ကိုယ်တိုင်ဦးစီးသော စီးပွားရေးအသေးလေးတစ်ခုကို စတင်လုပ်ကိုင်ခဲ့သည်။ ချိုလလုပ်ချင်လှပါချည်ရဲ့ဆို၍ မတားသာလို့သာ ဆိုင်လေးတစ်ခုအဖြစ် တည်ပေးကာ ယုံကြည်မှုမရှိလေသော မိဘတွေရဲ့စိတ်ကို ဟာခနဲ ဟင်ခနဲဖြစ်အောင် ချိုလရဲ့လက်တွေက အံ့သြမှုပေးနိုင်၏။ talent ပါတယ်ပဲ ပြောမလား။ လက်ဆိပ်ရှိတယ်ပဲ ပြောမလား။ ဒါမှမဟုတ် ကံကောင်းတယ်ပဲ ယူရမလားမသိ။ လပိုင်းအတွင်းမှာပင် ချိုလရဲ့ထမင်းဆိုင်သေးသေးလေးဟာ နေရာထပ်ချဲ့ရတဲ့ အထိကို ရောင်းအားကောင်းခဲ့တာဖြစ်သည်။





ချိုလ ဆယ်တန်းအောင်တော့ မေကြီးဆီက ဆုအဖြစ် ချိုလ အင်မတန်ဖြစ်ချင်လှသည့် ချက်နည်းပြုတ်နည်းစာအုပ် ထုတ်ပေးပါဟု တောင်းဆိုသော်လည်း မေကြီးကော မေကြီးကပါ စဉ်းစားမည်ဟု စကားသုံး၍ ချိုလကို အချိန်ဆွဲထား၏။ အဲဒီတော့လည်း တတ်သည့်ပညာ မနေသာဆိုသလို ချိုလက အိမ်မှာ Food item အသစ်တွေ တီထွင်ချက်ပြုတ်၍ အချစ်နဲ့ဆိုင်တဲ့ အတွေးလေးတွေကို အစားအသောက်နှင့်တွဲဖက်ကာ ရေးရေးပြီး Facebook ပေါ်တင်လျှင် ချိုလရဲ့ status တွေကို အားပေးသော လက်မလေးတွေဟာ လေးငါးရာရှိလာသောအခါ celebrity မဟုတ်ပါဘဲ ရတဲ့လက်မလေးတွေအတွက် အရမ်းပဲ ကြည်နူးလာမိသည်။

ချိုလက Romantic Food Menu ဆိုပြီး Facebook မှာ Page တစ်ခုထောင်ဖို့ အစီအစဉ် ရှိပေမယ့် လောလောဆယ် မလုပ်ဖြစ်သေးဘဲ ကိုယ့်ရဲ့တစ်ပိုင်တစ်နိုင် Account လေးထဲမှာပဲ Post တွေ တင်ဖြစ်နေတာဖြစ်သည်။

"သြော် ... ဒါနဲ့ သမီး ရန်ကုန်မှာ ကျောင်းတက်ဖို့ကိစ္စ မေကြီး စီစဉ်ထားပြီးပြီနော်။ ဝင်ခွင့်တင်ဖို့တွေ လုပ်ဖို့ ရန်ကုန်ကို သွားရမယ်"

မေကြီးစကားကြောင့် ချိုလက ပျော်ရမလို ဝမ်းနည်းရမလိုကြီးတော့ ဖြစ်သွားရသည်။ ရန်ကုန်မှာ တက္ကသိုလ်တက်ရမယ်ဆိုတော့ ပျော်တော့ ပျော်စရာကြီး ဖြစ်ပေမယ့် ဒီမှာလည်း ချိုလ မခွဲနိုင်စရာ အကြောင်းပြချက်တွေ အများကြီးပဲ ရှိလေသည်။ ပြီးတော့ ချိုလရဲ့ အောင်စာရင်းအမှတ်ကလည်း သိပ်အကောင်းကြီး မဟုတ်တာကြောင့် ချိုလကတော့ အဝေးသင်တက်ဖို့ပဲ စဉ်းစားသည်။

"မေကြီးရယ် ... သမီးကတော့ distance ပဲ ယူလိုက်မလားလို့"

"အယ် ... မရပါဘူး။ Day ပဲ တက်ရမယ်။ သမီးအသက်ငယ်ငယ်လေးပဲ ရှိသေးတယ်။ University life ကို ခံစားခွင့်ရရမှာပေါ့။ မေမေက သမီးကို B.Com ရစေချင်တာ။ အမှတ်လည်း မီတာပဲဟာ။ အီကိုပဲယူ။ စီးပွားရေးတက္ကသိုလ်တက်။ ဘယ်လောက်ကောင်းလဲ။ သမီးလည်း ဝါသနာပါတဲ့ဟာ"





မေကြီးက ရန်ကုန်မှာ ကျောင်းတက်ခိုင်းတာတောင် စီးပွားရေးတက္ကသိုလ် တက်စေချင်တာ ဘာလို့ဆိုတာ ချိုလ သိတာပေါ့။ ချိုလလည်း မေကြီးစိတ်ချမ်းသာဖို့ ရန်ကုန်မှာ ကျောင်းသွားတက်ဖို့ပဲ စဉ်းစားထားသည်။ ချိုလ ကျောင်းသွားတက်ရင် ဒီကထမင်းဆိုင်ကို မပိတ်ပစ်ဘဲ ဆက်လည်လည်ပတ်ပေးမယ်လို့လည်း မေကြီးဆီက ကတိရထားပြီးဖြစ်တဲ့အတွက် ရန်ကုန်မှာပဲ တက္ကသိုလ်တက်ရမှာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ရန်ကုန်ဆိုတာ အခွင့်အလမ်းများစွာရှိသော ချိုလရဲ့စိတ်ကူးတွေ တကယ်ဖြစ်ဖို့ နီးစပ်သောနေရာမို့ ချိုလရဲ့သွားချင်စိတ်က 60-40 အနေအထားမျိုးမှာ ရှိပါသည်။

❖ ❋ ❖

## ၃

ဒီကနေ့အတွက် Speical Menu အဖြစ်ကတော့ ချိုလ ကိုယ်တိုင် အိုးသူကြီးလုပ် ချက်ထားတဲ့ ပုစွန်ငါးဆုပ်ကို မရန်းပြားဖြင့် အချဉ်ဆီပြန်လေး ချက်ထားတဲ့ ဟင်းပွဲပဲဖြစ်၏။ ဆိုင်အတွက် မရန်းပြားပုစွန်ငါးဆုပ်ဆီပြန်ချက်ရင်း ဟင်းပွဲကို ထုံးစံအတိုင်း ဓာတ်ပုံရိုက်ကာ facebook ပေါ် တင်သည်။

**“မရန်းပြားပုစွန်ငါးဆုပ်ဆီပြန် ❤ ❤ ... ❤ ❤”**

ဘဝဆိုတာ တစ်ခါတလေတော့ ဒီလိုလေး အားမွေးသင့်တယ်လို့ ချိုလ ထင်တယ်။





ပုစွန်ဆိုတာမျိုးက ပုစွန်ဆိတ်သေးသေးလေးကနေ ကျောက်ပုစွန်ကြီးအထိ တန်ဖိုးရှိပါတယ်။ သုံးစားမရတဲ့ ပုစွန်ရယ်လို့ မရှိပါဘူး။ ဒီနေ့ချက်တဲ့ ပုစွန်ငါးဆုပ်လေး ရဖို့ အခြေခံကတော့ ပုစွန်သေးသေးလေးပါပဲ။

ဆိုလိုချင်တာကတော့လေ လူတွေဟာ ဘယ်လောက်ပဲ ဆင်းရဲပါစေ၊ ဘယ်လောက်ပဲ ရှုံးနိမ့်နေပါစေ။ သူ့နေရာနဲ့သူ အသုံးဝင်တဲ့ တန်ဖိုးဆိုတာ ရှိစမြဲပါ။ လောကမှာ အရေးမပါပါဘူးဆိုတဲ့ လူတွေဆိုတာ မရှိပါဘူး။ အခု ပုစွန်ငါးဆုပ်ရဖို့ ပုစွန်သေးသေးလေးတွေရဲ့ ပေါင်းစပ်ခြင်းကနေ ဖြစ်လာတာပါ။ ဒီပုစွန်လေးတွေကို ထုထောင်းပြီး ငါးဆုပ်,ဆုပ်လိုက်လို့ တန်ဖိုးတက်သွားသလိုပဲ သူငယ်ချင်းတို့လည်း စိတ်ပျက်အားငယ်စရာတွေ ဘဝရဲ့ အထုအထောင်းတွေ ခံရလို့ ငါတော့ တန်ဖိုးမဲ့ပါပြီလို့ မတွေးလိုက်ပါနဲ့နော်။ ပုစွန်ငါးဆုပ်လေးလို ဥပမာယူလို့ ထုထောင်းခံရမှုဟာ အရသာရှိတဲ့ တန်ဖိုးတက် ပစ္စည်းတစ်ခုဖြစ်ဖို့ အရင်းအနှီးပေးရတယ်လို့ သတ်မှတ်ပြီး အားမွေးကြိုးစားပါနော်။

ထုထောင်းပြီး လုံးထားတဲ့ ပုစွန်ငါးဆုပ်လေးဟာ အရသာပိုထူးစေဖို့ မရန်းပြားလေးတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ ဘာနဲ့မှမလဲနိုင်တဲ့ ဂွတ်ရှယ်အစားအစာလေးဖြစ်သွားသလို သူငယ်ချင်းပို့ရဲ့ အားတင်းကြိုးစားမှုတွေကြားထဲမှာမှ ကိုယ့်ရဲ့ခံစားချက်တွေကို ဝေမျှပေး ဘဝအတွက် ခွန်အားတွေ ပေးနိုင်တဲ့ လက်တွဲဖော် မရန်းပြားလေးတွေနဲ့တွေ့ရင် ဘဝဟာ အရမ်းကိုပျော်စရာကောင်းမှာပါ။

စာလည်း ရှည်ပြီနော်။

ချိုလ သူငယ်ချင်းလေးတွေ စိတ်ဓာတ်ခွန်အားတစ်ခုအဖြစ် ဒီမရန်းပြားပုစွန်ငါးဆုပ်ဆီပြန်လေးကို စားကြည့်လို့ရအောင် ချက်နည်းလေးကို ပြောပြမယ်နော်"

ချိုလက စိတ်ထဲမှာတွေးမိတဲ့ ခွန်အားဖြည့်စာစုလေးကို ရေးတင်ပြီး Like တွေ Comment တွေကိုဖတ်ကာ ကြည်နူးမိလေသည်။ ချိုလရဲ့ထမင်းဆိုင်လေးမှာလည်း ဒီနေ့ ချိုလချက်တဲ့ဟင်းက အရောင်းရဆုံးမို့ အရမ်းပဲ ဝမ်းသာရသည်။





"ဟေး ... ဒေါ်ချိုလ၊ Today Special နဲ့ ထမင်းစားမယ်ဗျို့"

ဆူညံညံအသံဖြင့် ဆိုင်ထဲဝင်လာလေလျှင် ချိုလက Intrenet ကို ပိတ်လိုက်ကာ ဖုန်းကို ကောင်တာပေါ် တင်ခဲ့လိုက်ပြီး အရှုပ်ထုပ်မော်ကွန်းရဲ့ ထိုင်နေရာဝိုင်းဆီ လျှောက်လာ၍ ဝင်ဆိုင်လိုက်ကာ ...

"ဘာလဲ ... အရှုပ်ထုပ်။ နင် ဘာလာလုပ်တာလဲ"

"ဩော် ... ငါလည်း စိတ်ဓာတ်ခွန်အားတွေ ပေးမယ့် လက်တွဲဖော်လေးများ ရလိုရငြားဆိုပြီး mood သွင်းမလို့ ခွန်အားဖြည့် ပုစွန်ငါးဆုပ်ဟင်းနဲ့ ထမင်းလာစားတာ"

Facebook က ချိုလရဲ့ status ကို သူတွေ့တာကြောင့် တမင်ပြောနေမှန်း သိကာ ချိုလက မျက်စောင်းထိုးပစ်လိုက်ရင်း ...

"မရှိဘူး။ နင်တို့လို ဖွန်ကြောင်တွေအတွက်ဆို ကုန်ပြီ။ မရောင်းနိုင်ဘူး"

"မရောင်းလည်း ပြဿနာမရှိပါဘူး။ အလကားစားရုံပဲပေါ့။ မဝါ ... ကျွန်တော့်ကို Special လက်ရာနဲ့ ထမင်းတစ်ပွဲလုပ်ပေးပါဗျို့"

မော်ကွန်းက မဝါဆီ လှမ်းအော်မှာလိုက်လျှင် ချိုလက ဘာမှဆက်မပြောတော့ဘဲ ငြိမ်နေလျှင် မော်ကွန်းက အကဲခတ်သလို တစ်ချက်ကြည့်ရင်း ...

"ငါ မနေ့ညက viber ကနေ message တွေပို့ထားတာ နင် မြင်ရဲ့သားနဲ့ ဘာလို့ reply မလုပ်တာလဲ။ ညက နင်တော်တော်မိုးချုပ်တဲ့အထိ online သုံးနေတာနော်"

ချိုလက ဆရာကြီးလေသံနဲ့ လာပြောနေသော မော်ကွန်းကို အကြောမတည့်စွာပင် မျက်စောင်းထပ်ထိုးလိုက်ရင်း အမှန်အတိုင်းကိုပင် လိုတာထက်ပို၍ ရွဲ့ဖြေလိုက်သည်။

"ဟုတ်တယ်။ နင့် message က အရေးတကြီးလည်း မဟုတ်ဘူး။ နောက်ပြီး ငါ ကျော်ရန်မိုးနဲ့ chat နေလို့ busy ဖြစ်နေတာနဲ့ reply မလုပ်တော့တာ။ နင် viber က ဘယ်အချိန် out သွားမှန်းတောင် ငါ သတိမထားမိပါဘူး။





ကျော်ရန်မိုးနဲ့ စကားပြောနေတာ ညဆယ့်နှစ်နာရီကျော်လောက်မှ ပြီးသွားလို့"

"နင်ကလည်းဟာ"

မော်ကွန်းက နင်ကလည်းဟာဆိုပြီး ဆက်အသံထွက်မလာချိန်မှာ မဝါက ထမင်းပွဲလာချပေး၏။ တစ်ချိန်တည်းမှာပဲ ကောင်တာမှာ တင်ထားခဲ့သော ချိုလရဲ့ဖုန်း ring က မြည်လာတာကြောင့် ဖုန်းသွားကိုင်လျှင် ကိုရဲခွန် ဖြစ်သည်။

"ဟယ်လို ... ကိုရဲ ပြော"

"ချိုလ ... ဆိုင်မှာလား။ အိမ်မှာလား"

"ဆိုင်မှာ ... ကိုရဲရဲ့။ ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိမှ ဆက်ရမှာလား။ ဒီအတိုင်းကော ဆက်လို့မရဘူးလား"

"အဟင်း ဟင်း ... ကိုရဲကတော့ လုပ်ပြီ။ ဆက်လို့ရပါတယ်။ ချိုလက ဒီအတိုင်းပဲ မေးကြည့်တဲ့ဟာ။ ကိုရဲ ထမင်းစားပြီးပြီလား။ ချိုလ ဒီနေ့ မရန်းပြားပုစွန်ငါးဆုပ်ချက်ထားတယ်။ ကိုရဲ ကြိုက်လား"

"ငါ ပြန်ပြီ ချိုလ"

မော်ကွန်းက ချိုလကို ရှုတည်တည် တစ်ချက်စိုက်ကြည့်ကာ အပြတ်ပြော၍ ထထွက်သွားလေသည်။ ဟင်း ... ဘာဖြစ်ရပြန်တာလဲ အဲဒါက။ ချိုလက အလကားနေရင်း ဘလိုင်းကြီး စိတ်ကောက်တော်မူသွားသော မော်ကွန်းကို ဂရုမစိုက်စွာ မျက်နှာတစ်ချက် မဲ့ပစ်လိုက်ရင်း ကိုရဲနဲ့သာ ဖုန်းဆက်ပြောနေလိုက်တော့သည်။

❖ ❋ ❖





❋ ၄ ❋

"မင်းလည်းနော် မတွေ့ရတာက ပြန်ရောက်ကတည်းက ကိုယ်ရှောင်ဖျောက်နေလိုက်တာ။ အခုမှပဲ တွေ့ရတော့တယ်။ ဘာတွေ ယောရှုပ်နေတာလဲ ပြောစမ်းပါဦး"

ကောင်းက ကိုကာကိုလာကို တစ်ကျိုက်မော့သောက်လိုက်ရင်းမှ သော်ဒါတွေ ပြောတာကို ပြန်မဖြေသေးဘဲ ညစ်ကျယ်ကျယ် တစ်ချက်ပြုံးလိုက်သည်။ အမှန်တကယ်တော့ ဒီတလောမှာ သူ ဘယ်မှမသွားဘဲ အိမ်မှာပဲ တွင်းအောင်းနေတာဟာ အကြောင်းရှိသည်။ အကြောင်းကတော့ သူ ဟိုမှာ တောင်လိုပုံနေဘဲ ပန်းကန်တွေကို ထမင်းဖိုးမရှင်းနိုင်လို့ အိုက်တိုးပကေးဆံခဲ့ရ

တဲ့ အကြောင်းကို ကိုယ့်ဘာသာကိုယ် စိတ်မလုံတာမို့ သူ့မှာ ဟို ဆိုင်ပိုင်ရှင် ကောင်မလေးကို ကြိတ်မနိုင်ခဲမရဖြင့် ဒေါကန်နေရတာကြောင့် အိမ်ထဲကအိမ်ပြင် မထွက်ဖြစ်တာပဲဖြစ်သည်။ ဒါပေမဲ့ သူ့ဘော်ဒါတွေကိုတော့ သူက ဖိန့်ဖိန့်လုပ်ရသည်။

"မဟုတ်ပါဘူးကွာ။ ဒီလိုပါပဲ။ ဂိမ်းကိုက်နေလို့ပဲ ဆိုပါတော့"

"ဘာ ... ဆိုပါတော့ ဟုတ်လား။ ဟား ... ထူးဆန်းပါပေ့ကွာ။ မင်းက နယ်ကပြန်ရောက်လာပြီးကတည်းက အိမ်ကပ်လွန်းနေတာကိုး။ ကဲ ... ဆိုစမ်းပါဦး။ မင်းရဲ့နယ်လှည့်စူးစမ်းခဲ့တဲ့ ရှော်တီလေးတွေအကြောင်း"

ကောင်းက ရှော်တီလေးတွေအကြောင်း ဆို၍ မျက်လုံးထဲမှာ မြုန်းဆို ပြေးမြင်လိုက်တာကတော့ ရှော်တီလိုလို ဂေါ်လီလိုလိုဖြင့် သူ့ကိုတောင် ကုပ်ကနေဆွဲထားကာ ထမင်းဖိုးမရှင်းနိုင်၍ လေးလေးသာဆီကို ပိုက်ဆံရှင်းနိုင်းဖို့ ဖုန်းခေါ်လို့မရတာလေးကို အကြောလေသံဖြင့် မရှင်းပါနဲ့လို့ အပြောကို သူက မခံချင်တာကြောင့် လုပ်အားနဲ့ ပြန်ပေးမယ် အပြောကို





နိုင်းတတ်လှစွာဖြင့် သူ့က ပန်းကန်တွေအပုံလိုက် ဆေးနိုင်းလေသော ဟို ပါချီပါချက် ထမင်းဆိုင်ပိုင်ရှင် ကောင်မလေးကိုပဲဖြစ်သည်။

"ဟေ့ကောင် ... ကောင်းထက်၊ ဘာတွေတွေးနေတာလဲကွ။ မင်းကိုမေးနေတာ ပြန်ဖြေဦးလေ"

"အင် ... ဟင်း ဟင်း။ ရှော်တီလေးတွေ အကြောင်းပေါ့ကွာ"

"ဟေ ... ဟုတ်လား။ ဘာလဲ ... တော်တော်လန်းလို့လား"

"လန်းတယ်။ တောလန်းတွေပါကွာ။ အာကြမ်း လျှာကြမ်းတွေ။ စိတ်ဝင်စားစရာ လုံးဝမရှိ။ ကဲပါကွာ ... အဲဒါတွေထားစမ်းပါ။ အခု ငါတို့ ဝင်ခွင့်ကိစ္စတွေ လုပ်ပြီးသွားရင် ဘယ်သွားမှာလဲ"

"အပေါ်ထပ်မှာ 3D သွားကြည့်မယ်လေကွာ။ ပြီးမှ အိမ်ပြန်တာပေါ့။ သြော် ... နေဦး။ ငါ တော်ဝင်စင်တာသွားရဦးမှာ။ TAB ဝင်မလို့။ မင်းတို့ ငါနဲ့ လိုက်မှာလား။ သွားမှာလား"

"ဟ ... သားကြီးရ။ တော်ဝင်ဆိုလည်း ဝင်တာပေါ့ကွ။ ဘာလဲ ... မင်းစာအုပ်က ချက်ပြုတ်နည်းစာအုပ်ပဲမှလား"

ကောင်းက သဘောကျစွာဖြင့် ပြုံးကာ ခေါင်းညိတ်ပြလိုက်ရင်း ...

"သေချာတာပေါ့ကွာ။ ငါက ထူးထူးခြားခြားလေး ဖန်တီးပြီး လဆန်း surprise ဖြစ်သွားအောင် လုပ်ချင်လို့ကွ"

"ဟား ... ရှုးပေါ့ကွာ။ ဒီလောက် Romantic နည်းလမ်းတွေ များစွာရှိတဲ့ထဲက မင်းမိုလို့ အစားအသောက်နဲ့ ရည်းစားစကား ပြောချင်ရတယ်လို့။ အဲဒါနဲ့ပဲ ဟိုက နောက်ကောက်ပါသွားတော့မယ်"

နေရဲ စကားကြောင့် သူက အားလူးချောင်းကြော် တစ်ချောင်းကိုယူ၍ နေရဲဆီ လှမ်းစပ်ပေါက်လိုက်ရင်း ...

"ခွေးကောင် ... ပါးစပ်ပုပ်ကြီးနဲ့ လွဲပါစေ ဖယ်ပါစေကွာ။ မင်းဟာလေ တော်တော်ကို ပြဿနာရှာတဲ့ကောင်။ အေး ... ငါချက်ကျွေးတဲ့ ဟင်းတွေကျရင် မင်းမစားနဲ့"





"ဟဲ ဟဲ ... နောက်တာပါကွာ။ မင်းကလည်း ဒါကျ အဖြစ်သည်းနေလိုက်တာ။ နေစမ်းပါဦး။ မင်း ဖွန်လဆန်းကို ဘယ်တော့မှ ဖွင့်ပြောမယ်လို့ စဉ်းစားထားလဲ"

အဲဒီအတွက်ကတော့ သူ့မှာ စဉ်းစားစရာပဲဖြစ်သည်။ လဆန်းကို သူ့ဘက်က ချစ်နေခဲ့တာက ကြာပြီဖြစ်၏။ ဒါပေမဲ့ ထုံးစံအတိုင်း သူငယ်ချင်းစည်းတစ်ခုက ခံနေလေသောအခါမှာတော့ ကျဉ်းထဲကျပ်ထဲ ရောက်နေရကာ သူ့မှာ တကယ့်ကို မလူးသာမလွန့်သာ အနေအထားမျိုး ဖြစ်နေရတာဖြစ်၏။

လဆန်းကိုယ်တိုင်ကိုကလည်း သူ့ရဲ့ရင်ခုန်သံအနေအထားက ဘာဆိုတာ ရိပ်မိနေတာကြောင့် သူ့ကို နယ်ကျော်ပိုင်ခွင့် မပေးထားသေးဘဲ ဆင်ဝှေ့ရန်ရှောင်တွေ လုပ်နေတာကြောင့် သူ့မှာ လဆန်း ဟတ်ထိနိုင်မယ့်နည်းကို ရှာနေရတာဖြစ်သည်။

"အချိန်တန်ရင် ပြောမှာပေါ့ကွာ။ အေးဆေးပေါ့"

သူက ပေါ့ပေါ့ပါးပါးလေးသာ ပြောလိုက်တာဖြစ်ပေမယ့် သူ့စိတ်ရဲ့လေးနက်တွေးဆမှု အတိုင်းအဆက ဘယ်

လောက်ရှိတယ်ဆိုတာ သူ့ဘာသာပဲ သဘောပေါက်တာမို့ လဆန်း လက်ခံနိုင်မယ့် ရည်းစားစကား ပြောနည်းကို ရှာဖွေစဉ်းစားနေ ဆဲဖြစ်သည်။

❖ ✱ ❖





## ၁

"ဒါက ဒီလအတွက်ကျန်တဲ့ အမြတ်ငွေပါ ဖေကြီးနဲ့မေကြီး။ ဒီငွေတွေနဲ့ ဖေကြီးနဲ့ မေကြီးကို ကန်တော့ပါရစေနော်"

ချိုလက ဖေကြီးနှင့် မေကြီးရဲ့ လက်ထဲသို့ ထမင်းဆိုင်ရဲ့လချုပ်အမြတ်ငွေကိုအပ်ကာ ကန်တော့လိုက်သည်။ ချိုလအတွက်တော့ ပျော်ရွှင်ဖွယ်ရာကောင်းသော ကျေးဇူးဆပ်ခွင့်ရခြင်းပင် ဖြစ်သည်။

"ငါ့သမီးလေးက အရမ်းကို လိမ္မာတာပဲကွာ"

"တီ ... တီ ... တီ"

အဲဒီအချိန်မှာပဲ ဖုန်းကဝင်လာတာကြောင့် မေကြီးက သျှင်လျှင်မြန်မြန်ပင် ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို"

"………"

"ဘာ … မင်း မိုက်ရိုင်းလှချည်လား"

ဖေကြီးရဲ့ဒေါသတကြီး စကားသံကြောင့် ချိုလက ထိတ်လန့်သွားရကာ ဖေကြီးကို ကြည့်လိုက်စဉ်မှာ ဖေကြီးက ဆက်ကောနေတာဖြစ်၏။

"အေး … နောက်တစ်ခါ ဆက်ရဲဆက်ကြည့်လိုက်။ ငါ ဘယ်သူလဲ သိစေရမယ်။ မိုက်ရိုင်းလိုက်တာ။ ဟော့ … ဟော့ကောင်တွေ။ ဟယ်လို … ဟယ်လို"

"ကိုထူး ဘာဖြစ်လို့လဲ"

"ဖေကြီး … ဘယ်သူ့ဆီကမို့လို့လဲ"

ဖေကြီးက လက်သီးလက်မောင်းတွေ တန်းကာ ဒေါသတကြီးဖြင့် အဲဒီဒေါသက ဘာမဆိုင်ညာမဆိုင် ချိုလအပေါ်သို့ ပုံကျလာတော့သည်။

"တောက် … ညည်းရှုပ်ထားတဲ့ အရှုပ်ထုပ်ဓာတ်တွေပေါ့"

"အမ် … သမီး … သမီး ဘာလုပ်လို့လဲ"





"အေးလေ … အဖေကြီး။ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ မင်းသမီးပေါ့ကွ။ ဘာတွေ ဓာတ်လမ်း ရှုပ်ထားလဲ မသိဘူး။ အခု ဘယ်ကကောင်တွေမှန်းမသိ။ ငါ့ကို မင်္ဂလာပါ ယောက္ခမကြီးဘဲ့။ တောက် … ကွာ"

ဖေကြီးတစ်ယောက်ကတော့ အကြီးအကျယ်ကို ဒေါသူပုန်တွေထ၍ ပေါက်ကွဲနေလျှင် ချိုလကတော့ ပါးစပ်ပိတ် ခေါင်းလေးငုံ့ကာ ငြိမ်နေရတော့သည်။ မငြိမ်လို့လည်း မရဘူးလေ။ အဲဒီ မင်္ဂလာပါ ယောက္ခမကြီးဟာ ဘယ်သူပြောမှန်း မသိပေမယ့် ချိုလကို လိုက်နေတဲ့ကောင်တွေထဲက တစ်ကောင်ကောင် ဆိုတာ ချိုလက အတပ်သိသည်။

"သမီး … အဲဒါ ဘယ်ကဟာတွေလဲ"

မေကြီးကပါ မေးခွန်းထုတ်လာတာကြောင့် ချိုလက ဘာမှမသိ နားမလည်ဟန်လေးလုပ်ကာ …

"ဟယ် … မေကြီးကလည်း။ သမီး ဘယ်သိပါ့မလဲ။ သူတို့ဘာသာ ဆက်တာပဲဟာ"

"ဟဲ့ ... ညည်း အနေမတတ်လို့ပဲ ဖြစ်ရတာလေ။ မဖြစ်ပါဘူး ညည်းကို ဒီမှာ ဒီအတိုင်းထားဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ တစ်နေ့ တစ်နေ့ ယောကျ်ားလေးတွေဆီကလာတဲ့ ဖုန်းတဂွမ်ဂွမ်ကို ငါ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ ညည်းကို ရန်ကုန်က မေမိုးတို့ဆီ ပို့ပစ်တာပဲ အေးမယ်"

"သြော် ... မေကြီးရယ်။ ဖုန်းတဂွမ်ဂွမ် လာတာကတော့ သမီးက အပေါင်းအသင်းများပြီး လူချစ်လူခင်များတယ်လေ။ မေကြီးတို့ ရန်ကုန်ပို့တော့ကော ဘာထူးမှာမို့လို့လဲ။ ဖေကြီးနဲ့ မေကြီးသမီးက ချောတော့ ဘယ်နားနေနေ လင်းစတင်းက လင်းစတင်း ဖြစ်မှာပဲ။ ဟဲ ... ဟဲ ...အဲ့ဒါကြောင့် စိတ်တွေကို တိုမနေပါနဲ့ ချစ်ဖေကြီးနဲ့ မေကြီးရယ်။ သမီးက အမြဲတမ်း လိမ္မာတဲ့သမီးလေး ဖြစ်စေရမယ်"

ချိုလက အဲဒီလိုမျိုးလေး ဖေကြီးနဲ့ မေကြီးကို စမာကလာလုပ်ကာ ချွဲလိုက်လျှင် ဖေကြီးက မျက်စောင်းကဲကြည့်၍ ...





"ဟင်း ... ညည်းလေးကတော့လေ။ သမီး ဖေကြီးတို့ ယုံကြည်မှုကို အလွဲသုံးစား ဘယ်တော့မှ မလုပ်ဘူးဆိုတာ ဖေကြီးတို့ ယုံတယ်။ သမီး အဲဒီယုံကြည်မှုကို ဘယ်တော့မှ မဖျက်နဲ့။ ဟုတ်ပြီလား"

"Yes ... Boss"

ချိုလက ချစ်ဖွယ်ကောင်းစွာဖြင့် ကတိပေးလိုက်လျှင် ဖေကြီးနှင့်မေကြီးက သဘောကျစွာဖြင့် ပြုံးရယ်လိုက်ရင်း...

"ကဲ ... ကဲ ... ဟုတ်ပါပြီ။ လိမ္မာတဲ့ ဖေ့သမီးလေးကို ဖေကြီးက လက်ဆောင်ပေးစရာရှိတယ်"

"လက်ဆောင်။ ဘာလဲဟင်"

"တခြားမဟုတ်ပါဘူး။ ငါ့သမီးရဲ့ talent နဲ့ စိတ်ဓာတ်ကို ဖေကြီးနဲ့ မေကြီးက 100 % Fully ယုံကြည်မှုရှိသွားပြီဖြစ်လို့ သမီး အင်မတန်မှ ဖြစ်ချင်လှပါရဲ့ဆိုတဲ့ အစားအသောက်ချက်ပြုတ်နည်းစာအုပ်ကို ဖေကြီး ကိုယ်တိုင် producer လုပ်ပြီး ထုတ်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ"

ဝါး။ ချိုလက ကိုယ့်ရဲ့နားကိုတောင် ကိုယ်ပြန်ပြီး မယုံနိုင်လောက်အောင် အံ့ဩလို့ သွားရလေသည်။

“ဝါး ... မေကြီး တကယ်ပြောတာလားဟင်”

“တကယ်ပေါ့။ ညည်း ဒေါ်လေးမေတောင် ဖြန့်ချိရေး လုပ်ပေးဖို့အတွက် မေကြီးပြောထားပြီးပြီ။ ဒီလောက် talent ရှိတဲ့ ငါ့သမီးက အောင်မြင်တဲ့ အစားအသောက် တီထွင်မှုတွေရေးတဲ့ စာရေးဆရာမ ဖြစ်ကိုဖြစ်စေရမယ်။ Ok ? ”

ချိုလက ပျော်လွန်းလို့ အောက်မှာ ကျုံ့ကျုံ့လေး ထိုင်နေရာမှ မေကြီးနဲ့ မေကြီးဆီသို့ ဝုန်းခနဲ ပြေးလာကာ ပွေ့ဖက်နမ်းရှုံ့ပစ်လိုက်သည်။ ချိုလအတွက်တော့ အိပ်မက်တွေရှိရာကို ပျံသန်းဖို့ အတောင်ပံတစ်စုံ ရပြီမို့ အဲဒီအတောင်တွေခတ်ဖို့ ချိုလ စတင်ရတော့မှာ ဖြစ်သည်။

❖ ❋ ❖



“ကျွန်မတို့ မိန်းမသားတွေဆိုတာ ကြက်သွန်နီလိုပဲ။
ရှင်တို့ ဉာဏ်များပြီး ခွာမယ်မစဉ်းစားနဲ့နော်။
ကျွန်မတို့က ကြက်သွန်ခွဲလို ပါးပါးလေး
အားလုံးနပ်တယ်။
ရှင်တို့ အကြံဆိုးနဲ့ လှီးမယ် ဖြတ်မယ် မတွေးထားနဲ့။
ကျွန်မတို့က ရှင်တို့ကို မျက်ရည်ကျသွားအောင်
ပညာပြလိုက်မယ်။
ဟော ... ချစ်လွန်းပါချည်ရဲ့ဆိုပြီး အယုံသွင်းဖို့ မကြံနဲ့နော်။
မွှန်သွားအောင် ဖမ်းစားထားတတ်တယ်။
စိတ်ကုန်တယ် ဟုတ်လား။
ဒါဆိုလည်း ကျွန်မတို့ကို ပစ်ထားကြည့်လိုက်လေ။

သိထားဖို့က လောကမှာ

ကြက်သွန်ဆီသတ်ပြီး ချက်ထားတဲ့ဟင်းကမှ

အနံ့အရသာ ပြည့်စုံတာ။

ဒါကြောင့် ရှင့်ရဲ့ ဟင်းနဲ့တူတဲ့ဘဝကြီး ပြည့်စုံလှပဖို့

ကြက်သွန်လို ကျွန်မက အခြေခံအရင်းအမြစ်ပဲ။

သဘောပေါက်တယ်နော်။

❖ ❋ ❖





၆

ကောင်းက အေပရွန်ကိုပတ်ကာ တကယ့်ဒိတ်ဒိတ်ကြဲနာမည်ရ Five star ဟိုတယ်က စားဖိုမှူးကြီးအတိုင်း စိတ်ပါလက်ပါ ကြာဆံကြော်နေတာ ဖြစ်သည်။ မေမေက မီးဖိုဆောင်ထဲဝင်လာကာ သူ့ဘေးနားသို့ ရောက်လာ၍ သူလုပ်နေတာတွေကို အကဲခတ်ရင်း ...

"ဒီနေ့ မီးဖိုချောင်ထဲတောင် ကိုယ်တိုင်ဝင်နေတယ်ဆိုတော့ ဘယ်သူက ဘာစားချင်တယ် ပြောလို့လဲ"

မေမေ ဘာကိုပြောချင်တယ် ဆိုတာ သူသဘောပေါက်ရကာ ပြုံးလိုက်ရင်းကမှ ...

"မဟုတ်ပါဘူး မေမေရယ်။ ဒီနေ့ သား ဘာသာ ကြာဆံကြော် စားချင်လို့ပါ"

"စားချင်တာ ကိုကိုကိုပြောပြီး လုပ်ခိုင်းပေါ့။ မေမေ့သားက မီးဖိုချောင်ထဲဝင်ပြီး ချက်ပြုတ်နေတာကို မေမေ မကြိုက်ပါဘူး။ သားက ဆရာဝန်ဖြစ်မယ့်သူလေ"

"ဟုတ်ကဲ့ပါဗျာ။ မေမေ မကြိုက်ရင် မလုပ်တော့ဘူး။ မေမေလည်း သိရဲ့သားနဲ့။ သားက ချက်တာပြုတ်တာကို ဝါသနာပါလို့ဟာ။ ဟဲ ဟဲ ... နောက်မလုပ်တော့ဘူးနော်။ ကဲပါ ... မေမေ အပြင်သွားမလို့မှလား။ သွားတော့လေ။ သား မေမေ ပြန်လာရင်စားဖို့ စပါယ်ရှယ်ကြာဆံကြော် ထားလိုက်မယ်"

"ဟင်းနော် ... ဟင်း။ နောက်တစ်ခါ အဲလိုမျိုး ချက်နေပြုတ်နေတာကို ထပ်တွေ့ရဲ့တွေ့ကြည့်"

မေမေက သူ့ကို သတိပေးရင်း ထွက်သွားလေ၏။ ကောင်းက သဘောကျစွာပြုံးရင်း ကြာဆံကြော် နေလိုက်သည်။ အားလုံး ပြီးစီးသွားလျှင်တော့ သူ့မှာ လဆန်းကြိုက်တဲ့ ကြက်





သွန်ချဉ် လုပ်ရ၏။ ကြက်သွန်ကို ပါးပါးလှီး ငရုတ်သီးစိမ်း ပါးပါးလှီးပြီးနောက် သံပရာရည် ညှစ်လိုက်သည်။ ပြီးသွားတော့ မုန့်ဘူးထဲ ကြာဆံကြော်ကို အများကြီးထည့်ကာ နောက်ဖေးပေါက်ကနေပဲ လဆန်းတို့ ခြံဘက်ကို ကူးသွားလေသည်။ ဟိုဘက်ခြံကို မကူးခင်မှာ ကောင်းက လဆန်းဆီ အရင်ဖုန်းဆက်ရသေး၏။

"အင်း ... ကောင်း ... ပြော"

"လဆန်း ... နင် အိမ်မှာလား။ ခြံထဲဆင်းလာခဲ့။ ငါ ကြာဆံကြော်လာပို့မလို့"

"Ok ... Ok ... ဆင်းလာခဲ့မယ်"

ကောင်းက လဆန်းတို့ ခြံဘက်ကို ကူးလာခဲ့သည်။ ဒီအချိန်ဆို လဆန်းရဲ့မိဘတွေက အလုပ်သွားကြပြီမို့ လဆန်းတစ်ယောက်က အိမ်မှာပဲ ရှိနေတာဖြစ်သည်။ ဒီနှစ် ဆယ်တန်းကို ကောင်းကော လဆန်းပါ 5D ဖြင့် ထူးထူးချွန်ချွန် အောင်မြင်ထားကာ မကြာခင်မှာ ဖွင့်လှစ်တော့မယ့် ဆေးကျောင်းကို တက်မယ့် Fresher ကျောင်းသား၊ ကျောင်းသူလေးတွေပဲ ဖြစ်လေသည်။

"ကြာဆံကြော်ကို တကူးတကကြီး လာပို့ပေးတယ်ဆို တော့လည်း စားရတာပေါ့ဟယ်။ ထိုင်လေ ... ကောင်း"

လဆန်းက ထုံးစံအတိုင်း ချစ်စဖွယ်ကောင်းစွာဖြင့် ခြံထဲဆင်းလာကာ သူတို့နှစ်ယောက်က ခြံထဲက ထိုင်ခုံတန်းလေး မှာပဲထိုင်ကာ စကားပြောဖြစ်သည်။

"တစ်ခါတည်း ဖွင့်စားလေ လဆန်းရ။ ငါက နင့်အတွက် တကူးတကကို ကြော်ထားတာနော်။ အသားနိုင်းချင်း၊ ကြက်ဥနိုင်းချင်းနဲ့ ကြော်ထားတာ"

"ဟား ဟား ... အမယ်လေး ဟုတ်ပါပြီ။ စားပါ့မယ်နော်"

လဆန်းက ဘူးကိုဖွင့်ကာ ကြာဆံကြော်ကို တစ် လုပ်စားလိုက်ရင်း ...

"အင်း ... သူ့ရဲ့အရသာကလေ ဘယ်လိုပြောရမလဲဆို တော့"

လဆန်းက အိုက်တင်ပါ လုပ်ပြနေတာကြောင့် ကောင်းက သဘောကျရကာ လဆန်းရဲ့မျက်နှာလေးကို ငေးကြည့် နေမိလျှင် လဆန်းက မျက်စောင်းတစ်ချက်ထိုးကာ ...





"ဘာလဲ ... ဘာကြည့်တာလဲ"

"ဩော် ... ငါ့သူငယ်ချင်း အစားပုပ်မလေး လှလို့ကြည့် တာပေါ့ဟ"

"နင်နော် ... အဲဒါဆို မစားတော့ဘူး ... သွား"

"ရတယ်လေ။ ပေး ... အဲဒါဆိုဘူး"

"မပေးပါဘူး"

ကောင်းက သဘောကျစွာကြည့်လိုက်ရင်း ရယ်မိ သွားသည်။ သူကပဲ လက်ဆိပ်ရှိတယ် ပြောရမလား မသိ။ ချက် တာပြုတ်တာကို ဝါသနာပါတော့ သူက ဟိုလျှောက်လုပ် ဒီ လျှောက်လုပ်ဖြင့် ချက်တာတွေကလည်း ကောင်းနေကာ သူ့ရဲ့ လက်ရာတွေကို အားပေးသူကတော့ လဆန်းပဲ ဖြစ်လေသည်။ အဲဒါကြောင့် သူက ထပ်မံအချစ်ပိုရကာ လဆန်းကို ကျိတ်နိုက် နေရတာဖြစ်သည်။

❖ ❋ ❖

# ၃

ဒီနေ့ပါဆို ချိုလ ရန်ကုန်မြို့ကြီးကို ရောက်နေသည်မှာ သုံးရက်တောင် ရှိပြီဖြစ်သည်။ ရန်ကုန်ကို စရောက်ပြီဆိုတာနှင့် ချိုလမှာ ရန်ကုန်ရဲ့ အလှအပများကို မခံစားအားသေး။ ကျောင်းအပ်ဖို့ကိစ္စအတွက် လိုအပ်တာမှန်သမျှ လိုက်လုပ်နေရတာကြောင့် ချိုလမှာ ဘယ်မှကို မရောက်ဖြစ်သေးပေ။ ဒီတစ်ရက်တော့ ကိစ္စတွေအားလုံးလည်း ပြတ်ပြီဖြစ်တာကြောင့် အိမ်ကဒေါ်လေးမေတို့သားအမိနှင့် ဖေကြီး မေကြီးတို့ကို ချိုလရဲ့လက်ရာကို စပါယ်ရှယ် အစွမ်းပြရန်အတွက် အိမ်နဲ့နီးနီးနားနား City Mart ထဲသို့လာကာ ဟင်းချက်ဖွယ်ရာများကို တစ်ယောက်တည်းလာဝယ်ဖြစ်၏။





ဒီကနေ့အတွက် ချိုလ စဉ်းစားထားတာကတော့ စပါယ်ရှယ် menu အဖြစ် ဒိန်ချဉ်နှပ်ကြက်သားချက် ချက်ပေးမည်။ ပြီးရင် ငါးဖယ်လုံးသီးစုံဟင်းချို ချက်မည်။ နောက်ပြီး ခရုကြီးအကြိုက် ဝက်သားကို ပါးပါးလေးလှီးပြီး ကင်ချီနှင့် ကြော်မည်။ ပြီးတော့ အရန်ဟင်းနှစ်မယ်လောက် ထပ်ထည့်ပြီးရင် အချိုပွဲအတွက်ကိုတော့ ရယ်ဒီမိတ်သာကူပြင်နှင့် Milk Shake လုပ်မည်။ လုံးဝအရသာပြည့်စုံသော စပါယ်ရှယ်ဒင်နာတစ်ခုအဖြစ် ပြောစမှတ်ပြုလောက်အောင်ကို ချိုလ လက်စွမ်းပြရမှာပဲဖြစ်၏။

ချိုလက CP ကြက်ဥကတ်ကိုလှမ်းအယူမှာ ချိုလနဲ့ဘစ်စုံတစ်ယောက်ရဲ့လက်က လက်ချင်းသွားဆုံလေသည်။ ချိုလက လှမ်းအကြည့်တွင် အဲဒီစုံတွဲနှင့် အကြည့်ချင်း သွားဆုံ၏။

"ဆော ... ဆောရီးနော်"

ချိုလနှင့် လက်ချင်းဆုံမိတဲ့ ကောင်လေးက ချိုလကို တောင်းပန်စကား ဆိုလေလျှင် ချိုလက သူ့ကိုမြင်လိုက်တာနှင့် မှတ်မိလို့ သွားလေကာ အဲဒီကောင်လေးကလည်း ချိုလကို မြင်

လိုက်တာနှင့် ဘယ်သူလဲဆိုတာ တန်းမှတ်မိသွားပုံရလေသည်။ သူ့ဘေးက ကောင်မလေးက သူ့ဆော်လား ဘာလားတော့မသိ။ ချိုလရဲ့ တအံ့တသြ ကြည့်နေမှုကို အကဲခတ်နေတာမို့ ချိုလက ဆိုင်မှာ ပန်းကန်ဆေးပေးရတဲ့ သူ့ကို အကြည့်မလွှဲရသေးခင် သူကပဲ သူ့ကောင်မလေးနဲ့အတူ ချိုလကို ကျောခိုင်းလို့သွား၏။ ချိုလက သူ ကြက်ဥကတ်ကို ယူမသွားတာကြောင့် မေ့သွားပြီ အထင်ဖြင့် စေတနာထားကာ သူ့ကို လှမ်းအော်ခေါ်လိုက်သည်။

"ဒီမှာ ... ဟေ့ ... ဒီမှာ ... ဆေးကျောင်းသား"

ချိုလရဲ့ လှမ်းခေါ်သံအဆုံးမှာ လှည့်ကြည့်လာသူကတော့ ဟိုဆေးကျောင်းသားရဲ့ကောင်မလေးပဲ ဖြစ်လေ၏။ သူကတော့ ချိုလက အရမ်းကို တင်းနေလေသော မျက်လုံးတို့ဖြင့် ပြန်ကြည့်ကာ ဘာလဲဆိုတဲ့ပုံစံမျိုး မေးဆတ်ပြမှ ချိုလက ကိုယ့်အခေါ်အဝေါ်ကို ဘာလို့ ဒေါကန်ရလဲဆိုတာ သဘောပေါက်ရလေသည်။ ချိုလက သူ့နာမည်လည်း မသိတာကြောင့်မို့ ချိုလဆိုင်မှာ ပန်းကန်ဆေးပေးရတဲ့ အဖြစ်ကို အမှတ်ရ ခေါ်လိုက်မိတဲ့ "ဆေးကျောင်းသား"ဆိုတဲ့ အခေါ်အဝေါ်အတွက် အဲဒီတစ်





ယောက်က ဘုကြည့်ကြည့်နေစဉ်မှာပင် သူ့ဘေးက ကောင်မလေးက ချိုလ အနားရောက်လာကာ ...

"ဟို ... ခေါ်လိုက်တာလားဟင်၊ သူ့ကို သိနေလို့လား"

"မသိပါဘူး။ ဒီမှာ ... ဒီမှာ ... ခင်ဗျား လူမှားနေတယ်။ လာ လာ ... လဆန်း ... သွားမယ်လေ"

ဟော့တော်။

မြင်းကမလှုပ် နံကလှုပ်ဆိုတာ ဒါမျိုးကြီးလား။ ချိုလက အကဲပို အရှက်လွန်စွာဖြင့် ချိုလကို ဘုရှိုးတွေ အကြီးကြီး ရှိုးသွားသော ကောင်လေးကို တကယ်ကိုပဲ အံ့သြနဘမ်းတွေ ဖြစ်ရကာ အကြီးအကျယ်ကို သဘောတကျ ရယ်လိုက်မိတော့သည်။

ဖြစ်ရလေကွယ်။ ဆေးကျောင်းသားလို့ ခေါ်မိတာလေးကြောင့် ရန်ကုန်မြို့သားရဲ့ မျက်စောင်းတစ်ခုကို ရလိုက်တာဟာ အံ့ဘွယ်သုတ အတိပဲ ဖြစ်လေတော့သည်။

❖ ❋ ❖

"ဟဲ့ ... ခုနက ဘာအထာတွေလဲ ကောင်း။ Something is Something ပဲ။ ဘာလဲ ... သူလေးက နင့်ရဲ့ဂူချီလေး လား"

"အာ ... ဘာမှမသိဘူး။ လူမှားနေတာ ထင်တယ်"

"ဟင် ... ဖြစ်ရတယ်။ လူကလည်း တိုက်တိုက်ဆိုင်ဆိုင် မှားတတ်လား။ ဆေးကျောင်း မကြာခင်တက်ရတော့မယ့် သူကို ဆေးကျောင်းသားပါလို့ သူက မပြောဘဲ သိနေ တာလား"

လဆန်းက သူ့ကို စနဲ့တဲ့တဲ့ ရိသဲ့သဲ့ အပြောတွေ ဖြင့် အစ်နေတော့လျှင် ကောင်းက တကယ့်ကို အဖြေရကျပ်အနေ အထားသို့ ရောက်ရလေသည်။ အေးပေါ့ ... လဆန်း မေးခွန်း





ထုတ် မေးချင်စရာကောင်းတာလည်း မပြော့နဲ့။ ဟို ကမျောက် ကချောက်ဟာမလေးဟာ သူ့ကို ခေါ်ထည့်လိုက်သည်မှာ "ဆေး ကျောင်းသား"တဲ့။

ဒါပေမဲ့ လဆန်း ထင်တဲ့ "ဆေးကျောင်းသား"နှင့် ဟို အာပေတူးမ ခေါ်သွားတဲ့ "ဆေးကျောင်းသား"က အဓိပ္ပာယ် ချင်း လားလားမျှ မဆိုင်တာကို သူ့ဘာသာ သူသိသည်။ ဟို မိန်းကလေးက သူမဆိုင်မှာ သူ ပန်းကန်ဆေးခဲ့ရတဲ့ အဖြစ်အတွက် "ဆေးကျောင်းသား"လို့ ခေါ်မှန်း သူ့ဘာသာသူပဲ သိနေတာမို့ သူ့မှာ တနုံ့နုံ့ဖြင့် တကယ်ကြီးကိုပဲ ဒေါသက ထွက်ရလေ သည်။

"တကယ် မသိရပါဘူး လဆန်းရာ။ နင် ငါ့အကြောင်း သိသားနဲ့။ ငါ့မှာက သံယောဇဉ်မည်မည်ရရ ရှိရတဲ့သူဆို လို့ နင် တစ်ယောက်ပဲ ရှိတဲ့ဟာ"

"ဟွန်း ... လေကတော့ ချွဲပဲ။ ကဲပါ ... သွားမယ်။ မေမေ က သူမှာတာတွေ ပါမလာလို့ ငါ့ကို ကောနေဦးမယ်။ မြန်မြန်ဝယ်ပြီး မြန်မြန်ပြန်ကြရအောင် ... လာ"

ကောင်းက လဆန်း လျှော်ပေးလိုက်တာမို့ လေပူတစ်ချက်သာ မှုတ်ထုတ်လိုက်နိုင်သည်။ ဘာပဲဖြစ်ဖြစ် လဆန်းရဲ့ သံသယကို သူက အထင်မစ်ချင်ပါ။ သူ့ဘက်က သူငယ်ချင်းကနေ ရာထူးတစ်ဆင့်ထပ်တိုးဖို့ ကြိုးစားနေတဲ့ အချိန်အခါ ကာလမို့ သူက အပိုးကျိုးစွာ နေပြတတ်ကာမှ တော်ကာကြပေမည်။

သူ့ကို အမွေစိန် လုပ်သွားသော ဟိုထမင်းဆိုင်ပိုင်ရှင် တောသူမကိုတော့လား။ နောက်တစ်ခါ တွေ့ရဲတွေ့ကြည့်လိုက်။ အဲဒီ"ဆေးကျောင်းသား"ခေါ်တဲ့ ပါးစပ်ကို ပလာစတာကပ်ပြီး မြောင်းထဲကို ပစ်ချလိုက်ဦးမယ်။

❖ ✱ ❖





❖ ၁ ❖

"အမယ်လေး ... ချိုလက အားလုံးကို ဝေဝေဆာဆာနဲ့ အဆင်သင့် လုပ်ထားတာပဲ"

ဒေါ်လေးမေက သူမရဲ့ laptop လေးထဲမှာ ပေါ်နေသည့် ချိုလရဲ့ stick ထဲက ချိုလ ရေးထားတဲ့ အချစ်ဒဿနလေးတွေ၊ အဲဒီဒဿနနဲ့လိုက်ဖက်တဲ့ ဟင်းလျာတွေ၊ ထိုဟင်းလျာတွေကို ခမ်းနားလှပစွာ ရိုက်ထားသော ဓာတ်ပုံများကိုကြည့်ကာ ချိုလကို သဘောတကျ ချီးမွမ်းပြောလေတော့ ချိုလမှာ အရမ်းကိုပဲ ဝမ်းသာရလေသည်။

"ဒေါ်လေးမေ ... သမီး ဖြစ်နိုင်တယ်မှလားဟင်"

"ဖြစ်နိုင်တာပေါ့။ မြန်မာပြည်မှာ ချက်နည်းပြုတ်နည်းရေးတဲ့ စာအုပ်တွေ၊ Food Magazine တွေ အများကြီးရှိတာပဲ။ ဒါပေမဲ့ အဲဒီထဲမှာမှ ချိုလက တစ်လိုင်းခွဲပြီး အချစ်၊ ဘဝ၊ အတွေးအခေါ်လေးတွေ ထည့်ထားတဲ့ ချက်နည်းပြုတ်နည်းစာအုပ်ဆိုတော့ အစ်ကိုကြီးရေ ချိုလလေးကို ညီမလေးတောင် publisher လုပ်ပေးပြီး ထုတ်ပေးချင်လာပြီ ..."

သူက ဟင်းချက်ကောင်းရုံ မကဘူး။ စာအရေးအသားပိုင်းကလည်း စာရေးဆရာမနီးနီး ဖွဲ့နွဲ့ရေးတတ်တယ်။ စကားလုံးတွေကလည်း Fancy ဖြစ်တယ်ဆိုတော့ သူ့ရဲ့ Romantic Food Menu ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ လိုက်အောင် ဒီစာအုပ်က အိမ်ရှင်မတွေတင် မကဘူး။ လူငယ်တွေပါ သဘောကျမယ့် အနေအထားမှာရှိတယ်"

"ဟား ... ဟုတ်တယ်။ ဒီလိုဆိုရင်တော့ ငါ့သမီးက ဘယ်ဆိုးလို့လဲ။ တော်တော်, တော်တာပဲကွ ဟေ"





ချိုလမှာတော့ ချီးမွမ်းတဲ့စကားသံတွေနဲ့ပင် ပီတိဖြစ်လွန်းလို့ အပြုံးတွေဟာ မျက်နှာကိုကျော်၍ နားရွက်တက်ချိတ်မိတော့မတတ် ဖြစ်ရလေသည်။ ဒေါ်လေးမေက လက်ရှိမှာအောင်မြင်နေတဲ့ ပုံနှိပ်စက်လုပ်ငန်းနှင့် စာအုပ်တိုက် ထောင်ထားတာကြောင့် ဒေါ်လေးမေရဲ့အတွေ့အကြုံရှိ comment နဲ့တင် ချိုလမှာ အားက တော်တော်တက်ရပြီဖြစ်သည်။

"ဒီလိုဆိုရင်တော့ သမီးစာအုပ်ကို ထုတ်ဖို့က confirm ဖြစ်ပြီ။ ဒါပေမဲ့ ငါ့တူမလေး တစ်ခုသိထားရမှာက ဒီလိုမျိုး Romantic Food ဆိုပြီး Menu စာအုပ်လိုမျိုး ထုတ်ဝေလိုက်ပြီဆိုရင် တစ်အုပ်တည်းနဲ့ ရပ်သွားလို့မရဘူး။ ဆက်တိုက် Episode 1, 2, 3 ဆိုပြီး နှစ်လတစ်အုပ် သုံးလတစ်အုပ်လောက် ထုတ်နိုင်အောင် လုပ်ရမယ်။ အဲဒီအတွက် သမီးဘက်က ရေရှည်ဆိုတာကို တွေးရမယ်။ ဝါသနာပါရာကနေ professional chef writer တစ်ယောက်ဖြစ်ဖို့ဆိုတာ အချက်အပြုတ် ကျွမ်းကျင်ပြီး ဟင်းအမယ်ဖန်တီးနိုင်မှုတွေ ရှိရမယ်။ ပြီးတော့ သမီးက စာရေးဆရာမတစ်

ယောက်အဖြစ်ပါ ရပ်တည်ရမှာဆိုတော့ သမီးဘက်က အများကြီး အားထုတ်ကြိုးပမ်းရမှာနော်”

“ဟုတ်ကဲ့ပါ ... ဒေါ်လေးမေ။ သမီး သိပါတယ်။ သမီး ကိုယ်တိုင်ကိုက ချက်ပြုတ်ရတဲ့ chef တစ်ယောက်ရဲ့ဘဝ ကိုကော ချက်နည်းပြုတ်နည်းတွေကို အချစ်ဒဿန ဘဝ ဒဿနလေးတွေနဲ့ ရေးတဲ့ စာရေးဆရာမဘဝကိုကော တကယ်နှစ်သက်မြတ်နိုးပြီး ဝါသနာပါတာပါ။ သမီးလုပ် နိုင်ပါတယ်”

ချိုလရဲ့တိကျပြတ်သားတဲ့ စကားအဆုံးမှာ မေကြီး မေကြီးနှင့် ဒေါ်လေးမေက ချိုလကို ယုံကြည်မှုပေးအပ်ကာ စာအုပ်ထုတ်ဖို့အတွက် အတည်ပြုလိုက်လေတော့သည်။

“ကဲ ... သမီး၊ စိတ်ချလိုက်တော့။ ညည်းရဲ့စာအုပ်ဟာ အိမ်ရှင်မတွေ၊ လူငယ်တွေရဲ့ လက်စွဲစာအုပ်တစ်အုပ် ဖြစ် ကိုဖြစ်စေရမယ်”

“ဒေါ်လေးမေ ... အဲဒါဆို စာအုပ်က ဘယ်တော့လောက် အထိ ထွက်ဖို့စောင့်ရမလဲ”





“အခုဟာက မကြာပါဘူး။ သမီး ကျောင်းတက်ရမယ့် အချိန်လောက်ဆို စာအုပ်ထွက်လောက်ပြီ။ ဘယ်နှလမှ စောင့်ရတော့မှာမှ မဟုတ်တာ”

ချိုလက မကြာခင်မှာ ဖြစ်လာတော့မယ့် အိပ်မက် တွေအတွက် ဘယ်လိုပြောရမှန်း မသိအောင်ကို ဝမ်းသာနေရ တော့သည်။

“သမီးကိုတော့ မေ့လက်ကို အပ်ပါတယ်။ သမီးရဲ့နေရေး ထိုင်ရေးကို မေပဲ မိဘလို ဆုံးမပေးပါ။ ချိုတို့က သူဖွင့် ထားတဲ့ ထမင်းဆိုင်နဲ့တင် သူ့နောက်လိုက်လို့ မရတော့ ဘူး”

“စိတ်ချစမ်းပါ ယောက်မရယ်။ ချိုလလေးက လိမ္မာပြီး သားပဲဟာ။ အင်း ... မနက်ဖြန် ညည်းက အိမ်ပြန်ဦးမယ် ဆိုတော့ ကျုပ်ကတော့ ညည်းလက်ရာကိုလွမ်းပြီး ထမင်း မစားနိုင် ဖြစ်တော့မှာပဲ”

“ဟား ဟား ... ဒေါ်လေးမေကလည်း။ ချိုလက ကျောင်း တက်နေတဲ့တောက်လျှောက် ဒေါ်လေးမေကို စပါယ်ရှယ် ပြုစုမယ်”

ချိုလစကားကြောင့် အားလုံးက သဘောကျစွာ ရယ်မောကြလေသည်။ ချိုလလည်း ပျော်ရွှင်စွာဖြင့် အိပ်မက်တွေ အကောင်အထည်ဖော်မယ့်အရေး ကြိုတွေးပြီး ပျော်မြူးရလေသည်။

❖ ❋ ❖





## ၉

လေးလေးသာက ဒီနေ့ မတ္တရာ ပြန်မှာမို့လို့ ကောင်းက အဝေးပြေးဂိတ်ကို သူကိုယ်တိုင်ပဲ လိုက်ပို့ပေးရတာ ဖြစ်သည်။ ဖားသားကြီးက ဒီနေ့ နေပြည်တော်ကို သွားရတာမို့ သူ့ရဲ့ယောက်ဖဖြစ်သူကို ပြန်လိုက်မပို့ပေးနိုင်တာကြောင့် သား ဖြစ်တဲ့သူကပဲ လေးလေးသာကို အဝေးပြေးဂိတ်အထိ လိုက်ပို့ပေး ဖြစ်၏။

"လေးလေးသာ ... ကျွန်တော် လေးသာ ကားပေါ်မှာ စားဖို့ မုန့်သွားဝယ်လိုက်ဦးမယ်။ လေးသာ ဒီမှာ ခဏလေး စောင့်နော်"

"အေး ... အေး ... သိပ်အများကြီးတွေ ဝယ်မလာခဲ့နဲ့နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကောင်းက မုန့်ဆိုင်တန်းဘက်ကို ထွက်လာခဲ့လိုက်ကာ လေးသာအတွက် မုန့်ဝယ်လိုက်သည်။ မုန့်ရွေးနေရင်း သူ့ရဲ့ဘေးနားသို့ ရောက်လာသည့် ရှုံ့အီအီရေမွှေးနံ့တစ်ခုကြောင့် ကောင်းက ဘာရယ်မဟုတ် ကြည့်မိလိုက်စဉ်တွင် ဖြုန်းဆို သူ့ရဲ့မြင်ကွင်းထဲတွင် ဟိုထမင်းဆိုင်ပိုင်ရှင်မှန်း မြင်လိုက်တာနှင့်သူက ဘာကြောင့်မှန်းမသိ မျက်နှာကို တစ်ဖက်လွှဲလိုက်မိသည်။ အဲဒါကိုပဲ သူမက မြင်အောင် မြင်သွားအောင် သူ့ကို မှတ်မှတ်ရရကို လာပြီးနှုတ်ဆက်လေသည်။

"ဟယ် ... ဆေးကျောင်းသားပါလား။ ဘယ်သွားမလို့လဲ"

တောက် ... လာပြန်ပြီ ဆေးကျောင်းသား။ သူက ပြန်ရန်တွေ့ဖို့ အပြုမှာပဲ အဲဒီထမင်းဆိုင်ပိုင်ရှင် ကောင်မလေးရဲ့မိခင်ဖြစ်သူဟု ယူဆရသော အမျိုးသမီးကြီးက လာခေါ်လေ၏။

"သမီးရေ ... လာလေ။ ဝယ်ပြီးပြီလား။ ကားထွက်တော့မယ်"





"သြော် ... ဟုတ် ... လာပြီ မေကြီး။ ဟော့ ... ဆေးကျောင်းသား သွားပြီနော်"

"ဟာ ... ဟော့ ... ဟော့"

ကောင်းက လှမ်းခေါ်သော်လည်း မရတော့။ သူမက ကော့ကော့, ကော့ကော့ဖြင့် ထွက်သွားတာကြောင့် သူ့ကို အဲဒီ ဒီမခေါ်ဖို့လည်း ပြောချိန်မရလိုက်တော့။ သူ့မှာသာ ဆန့်တငင် ငင်ဖြင့် ကျန်နေခဲ့ကာ ဒေါသထွက်နေရတော့သည်။

တောက် ... ဒီမိန်းကလေးကတော့ကွာ။

❖ ✱ ❖

ချိုလက တမင်တကာကို အားရပါးရတွေ စားပြ
သော မော်ကွန်းကို စိတ်ထဲကတော့ မေတ္တာတွေ ပို့နေတာဖြ
သည်။ တကယ့် သာသနာဖျက်ကောင်။ ဒီနေ့ ချိုလက ရဲ့မု
မုန့်စားဖို့ ချိန်းထားတယ်ဆိုတာ မော်ကွန်း သိနေလို့ သူ တမ
တကာ ရွဲ့နေတာမှန်း သိသည်။ အဲ့ဒါကြောင့်မို့လည်း ချိုလ
ပိုပြီးဒေါသဖြစ်နေရတာဖြစ်သည်။

"မော်ကွန်း ... ငါ စိတ်တိုလာပြီနော်"

"ဟား ... ငါ ဘာလုပ်လို့လဲ ချိုလရ"

ချိုလက ပြောချင်နေတဲ့ပါးစပ်ကို ပိတ်တဲ့အနေ
ရေတစ်ခွက်ငုံကာ ရေငုံနှုတ်ပိတ်လိုက်ရသည်။ ချိုလ ဒေါသဖြ
နေမှန်း သိတာကြောင့် မော်ကွန်းက ပြုံးစိစိမျက်နှာထားဖြင့်





"ဘာပဲဖြစ်ဖြစ်ဟာ ငါကတော့ သိပ်ဝမ်းသာတာပဲ။ ငါ ဆေးကျောင်းကို ရန်ကုန်မှာ တက်မယ်ဆိုတဲ့ အခါကျတော့ နင်နဲ့ မဝေးတော့ဘူး။ ဒီအတိုင်းဆို ငါ့မှာ စိတ်ပူနေရဦးမယ်"

"အမယ်လေး ... ဖြစ်ရတယ်။ နင်ကသာ ပျော်နေ။ ငါကတော့ ပျော်တာထက် ပိုသဘောကျတာ"

"ဘယ်လို ... သဘောကျတယ်၊ ဟုတ်လား"

မော်ကွန်းက ပျော်ရွှင်သွားဟန်ရှာ ချိုလကို မျှော်လင့်ချက်သမ်းနေသည့် မျက်ဝန်းတို့ဖြင့်ကြည့်ကာ မေးခွန်းထုတ်တာမို့ ချိုလက တမင်ကို ရွဲ့ပြောလိုက်သည်။

"ဟုတ်တယ်။ ငါ့အတွက် ခိုင်းစရာလူတောင် ရသေးတယ်"

"ဟား ဟား ... ဘာပဲဖြစ်ဖြစ် လွှတ်ကျေနပ်တယ်" ။

ချိုလကတော့ ဘာမှမပြောတော့ဘဲ မျက်စောင်းတစ်ခုသာ ထိုးလိုက်သည်။ မော်ကွန်းဟာ တကယ်ပဲ ချိုလရဲ့ အနှံ့အတာခံနိုင်သော သူငယ်ချင်းပဲ ဖြစ်သည်။ ချိုလရဲ့ဖယားကွက်တွေမှန်သမျှ အကုန်လိုက်ပိတ်တတ်သော မော်ကွန်းကို ချိုလကတော့ အခုချိန်ထက်ထိ ဘော်ဒါအကန့်ပဲ ထားလေသည်။

ရန်ကုန်မှာ ကျောင်းသွားတက်ဖို့ကျတော့ မော်ကွန်းက သူ့ဦးလေး အိမ်မှာနေကာ ဆေးကျောင်းတက်ရမှာဖြစ်သည်။ အဲဒီအတွက် လည်း ချိုလမှာ သဘောတော့ ကျရတာပဲဖြစ်သည်။ ရန်ကုန်မှာ ရလာမယ့် သူငယ်ချင်းအသစ်ထက် စာရင်တော့ ဒီသူငယ်ချင်း အဟောင်းလေးက. ကောင်းလေသည်။

"ဒါနဲ့ နင့်စာအုပ်ကိစ္စကော အဆင်ပြေလား ချိုလ"

"အင်း ... ပြေတယ်။ ကျောင်းဖွင့်အမီတောင် ထွက်လောက် မယ်"

"ဟား ... ဒါဆို မိုက်တာပေါ့ဟ။ ငါတို့ရဲ့ ဝိုင်ချိုလမင်း က စာရေးဆရာမပါ ဖြစ်ပြီပေါ့"

အဲဒီအတွေးနဲ့တင် ချိုလမှာ ကြည်နူးနေရကာ တကယ်ကြီးကိုပဲ ပျော်မဆုံး ရွှင်မဆုံး ဖြစ်ရလေသည်။ ဒီအချိန် အတန့်ကာလလေးတွေမှာတော့ ချိုလက နယ်မှာပဲနေကာ ဟင်း လျာအသစ်တွေကို ဖန်တီးကာ အဲဒီဟင်းနှင့် လိုက်ဖက်သည့် အချစ်အတွေးအခေါ်လေးတွေ တွေးရင်း ကိုယ့်တိုင်လည်း အချစ် ဆရာမကြီး ဖြစ်မှန်းမသိ ဖြစ်လို့လာခဲ့လေသည်။

❖ ❋ ❖







တကယ်တော့ အချစ်ဆိုတာကလေ
ရွေးချယ်စရာများစွာထဲကမှ
တစ်ခုကို ရွေးချယ်ခြင်းပဲ။
အဲဒီတော့ ...
တစ်ခုတည်း ရွေးနိုင်ဖို့
များများရွေးစရာရှိမှ ဖြစ်မှာမှလား။

အိကိုကွင်း

❖ ❋ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်

မယ်မင်းဘုံ

အမှတ်-၃၄(မြေညီ)၊ ဓမ္မရိပ်သာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**




## ၁၀

ကောင်းက ကန်တင်းမှာ ထိုင်နေကာ လဆန်းအလာကို စောင့်နေတာဖြစ်၏။ လဆန်းက လွတ်သွားတဲ့ Lecture တွေကို မိတ္တူသွားကူးနေတာမို့ သူက ကန်တင်းမှာ ထိုင်စောင့်နေတာဖြစ်သည်။ ဆေးကျောင်းသားတစ်ယောက်ရဲ့ ဖြတ်သန်းမှုဟာ တက္ကသိုလ်ကျောင်းသားတွေရဲ့ဘဝမှာ ခက်ခဲမှုနှင့် tension အများဆုံး University life လို့ပဲ သူက ယူဆလေသည်။ ကျောင်းဖွင့်တာ ဘယ်လောက်မှ မကြာသေးပေမယ့် သူကော လဆန်းပါ စာထဲမှာ အာရုံက အပြည့်ထည့်ထားရပြီဖြစ်၏။

"ကောင်းရေ ... ဆောရီးဟယ်။ စောင့်နေရတာ ကြာသွားပြီလား။ မော်ကွန်း ... ထိုင်လေ"

လဆန်းက ကန်တင်းပြန်လာချိန်မှာတော့ သူမနဲ့ အတူ ညှေ့ယည်တစ်ယောက်ပါ ခေါ်လာခဲ့တာမို့ ကောင်းက လဆန်းနဲ့အတူပါလာတဲ့ သူ့ကို အကဲခတ်လိုက်သည်။

"မိတ်ဆက်ပေးရဦးမယ်။ မော်ကွန်း ... ဒါကောင်းထက်ဖော်တဲ့။ တစ်တန်းတည်း တို့တွေ အတူတက်ပြီး အခုမှပဲ သူငယ်ချင်းဖြစ်တော့တယ်။ ကောင်း ... ဒါမော်ကွန်းတဲ့။ မိတ္တူဆိုင်မှာ လူတွေက ကျပ်နေတာနဲ့ မော်ကွန်း ကူညီပြီး ကူးပေးလို့ အဆင်ပြေသွားတာလေ။ လဆန်းတို့ကို သူငယ်ချင်းတွေလို ရင်းရင်းနှီးနှီးပေါင်းလို့ ရပါတယ်"

ဟင်း ... လဆန်းမ၊ သူများကျ favour တွေကို ဇွက်စက်ပေးနေတော့တာပဲ။ သူက စိတ်ထဲက ပြောလိုက်ရင်း အပြင်မှာတော့ မော်ကွန်းနှင့် လက်ဆွဲနှုတ်ဆက်လိုက်ကာ ...

"တွေ့ရတာ ဝမ်းသာပါတယ်"

"ဝမ်းသာပါတယ်"

"လဆန်းနဲ့ ကောင်းက ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလေ"





"အင်း ... သူငယ်ချင်းနှစ်ယောက်က တော်တော်ခင်ကြတယ် ထင်တယ်နော်။ လဆန်းတို့ကသာ သတိမထားမိတာ။ ကျွန်တော်က လဆန်းတို့နှစ်ယောက်ကို သတိထားမိပါတယ်"

"ဟယ် ... ဟုတ်တယ်။ ကျန်း ... လဆန်းတို့က ဒီလောက်တောင် popular ဖြစ်တယ်လား။ ဟင်း ဟင်း"

ကောင်းက သူ့ရှေ့မှာ အိုဗာတင်းတွေ ပျော်နေသော လဆန်းကိုကြည့်ကာ အမြင်က ကတ်လာ၏။ အဲဒါကြောင့် တမင်တကာကို ချောင်းဟန့်လိုက်လျှင် မော်ကွန်းက သဘောပေါက်ဟန်ဖြင့် အလိုက်သိပေးလေသည်။

"ကဲ ... ကျွန်တော် သွားလိုက်ပါဦးမယ်။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့လေ။ နောက်မှ ဆုံမယ်နော် လဆန်း။ သားကြီး ... သွားပြီနော်"

"ဟုတ်ကဲ့ ... တာ့တာ"

"အိုခေ ... သားကြီး"

သူကော လဆန်းကိုပါ နှုတ်ဆက်သွားပြီး မော်ကွန်းက ထွက်သွားလေလျှင် ကောင်းက လဆန်းကို ဘုပြောလိုက်တော့သည်။

"ဟင်း ... သူများကိုဆိုရင်တော့ favour တွေ သိပ်ပေးတာပဲ"

"ကောင်းနော် ... ဘာစကားပြောတာလဲ။ ငါ့ကို ကန့်လန့်တိုက်နေတာလား"

"မတိုက်ရပါဘူး။ မြင်တာကို ပြောတာ"

ကောင်းက ရွဲ့ပြောလိုက်လျှင် လဆန်းက မဲ့ရယ် တစ်ချက်ရယ်လိုက်ကာ ...

"နင်ဟာလေ အူတိုစရာမရှိ ကြံဖန်တိုတယ်၊ ကဲ ... သွားမယ်"

လဆန်းက အိတ်ကို ကောက်လွယ်ကာ ထရပ်လိုက်လျှင် ကောင်းက အရွဲ့တိုက်တဲ့အနေဖြင့် မထသေးလျှင် လဆန်းက တစ်ချက် ပြန်ကဲကြည့်ကာ ...

"မလိုက်ဘူးဆိုတဲ့ သဘောပေါ့လေ"





"ဘယ်သွားမှာမို့လို့လဲ"

"မလိုက်လည်းနေ။ ငါက Junction Square သွားမလို့"

လဆန်းက ပြောပြောဆိုဆို ထွက်လို့သွားလေသည်။ သူက အဲဒီတော့မှ လဆန်းရဲ့နောက်ကို အသည်းအသန် ပြေးလိုက်ရတော့သည်။

လဆန်းရဲ့အနားမှာ အတူတူ BFF ဘဝဖြင့် ရှိနေရမှ သူက တစ်ဆင့်လေးတိုးချင်တာကြောင့် ကြိုးတော့ ကြိုးစားနေပေမယ့် အရာက မထင်သေးပေ။

❖ ❋ ❖

## ၁၁

"ဟယ်လို ... မော်ကွန်း၊ ငါ နင်တို့ကျောင်းရှေ့ရောက်နေပြီ။ ဘယ်မှာလဲ"

ချိုလက ကားကို ကျောင်းဝင်းထဲ ရပ်ထားကာ မော်ကွန်းဆီ ဖုန်းလှမ်းဆက်ရသည်။ ဒီနေ့က ချိုလရဲ့စာအုပ်လေး စတင်ထုတ်ဝေ ဖြန့်ချိလိုက်တဲ့နေ့မို့ ချိုလမှာ တကယ်ကြီးကိုပဲ ရင်ခုန်စိတ်လှုပ်ရှားနေတာ ဖြစ်သည်။ တစ်ခါတည်း လမ်းလည်း သင့်နေတာကြောင့် မော်ကွန်းရဲ့ကျောင်းကို ချိုလရဲ့အသစ်ထွက် စာအုပ်ကလေး ဝင်ပေးတာဖြစ်သည်။





"ခဏလေး စောင့်နေပါဦးဟာ။ ငါ သူငယ်ချင်းတစ်ယောက်နဲ့ အပြင်ခဏ ထွက်လာလို့။ နင်က ငါ့ကို ကြိုမပြောတာ"

"အင် ... နင်ကလည်း၊ ငါ နင့်ရဲ့ကျောင်းတိုင်ရာ ရောက်လာပေးတာကိုတောင် နင်က အပြင်တွေ လျှောက်လိမ့်နေတယ်ပေါ့လေ။ တော်ပြီဟာ။ အဲဒါဆိုလည်း ငါပြန်တော့မယ်"

"ဟား ... ဟာ။ မလုပ်ပါနဲ့ဆို။ ခဏလေးပဲစောင့်ပါ ချိုလရယ်။ ငါ ပြန်လာနေပြီ။ နောက် ဆယ်မိနစ်ဆို ကျောင်းထဲရောက်ပြီ။ နင် ကန်တင်းမှာ စောင့်နေလေ။ ဒါမှမဟုတ် ကန်တင်းမှာ မစောင့်ချင်ဘူးဆို ကားထဲမှာပဲ စောင့်နေ။ ငါ နင့်စာအုပ်ကို လိုချင်လို့ပါဟ။ နော်"

"အေးဟာ ... ပြီးရော။ ပြီးရော။ အဲဒါဆို ငါ ကားပေါ်ကပဲ စောင့်နေမယ်။ မြန်မြန်လာ"

ချိုလက ဖုန်းချပြီးသွားလျှင် ကားပေါ်မှာပဲ ပြန်ထိုင်နေဖို့အတွက် ကားတံခါးကို လှမ်းအဖွင့်မှာတော့ ချိုလရဲ့ မျက်လုံးက ကားတံခါးကို ကျော်လွန်၍ အကြည့်ရောက်သွားကာ

ထိုအကြည့်က သူ့ဆီရောက်၏။ သူဆိုတာကတော့ ဟိုတစ်ခါဆိုင်မှာ ပန်ကန်ဆေးပေးရတဲ့ ကောင်လေးပဲ ဖြစ်သည်။ ဒီကျောင်းက ကျောင်းသားများလား သူက။

ချိုလက လန်ထွက်နေသော ဒီခိုင်းဖြင့် တက်ကြွနေသော သူ့ဒီပုံစံကိုကြည့်ရင်း ပန်းကန်ဆေးနေရတဲ့ သနားစရာမျက်နှာငယ် ပုံစံလေးကို မြင်ယောင်လို့ လာလေသည်။ ချိုလက သူ့ကိုမြင်တာနှင့် အဲဒီ"ဆေးကျောင်းသား"လို့ ခေါ်ချင်စိတ်က တကယ်ပဲ ရင်ထဲကနေ ကလိ,ကလိ ဖြစ်နေတာကြောင့် သူချိုလ ကားရှေ့က ဖြတ်တာနှင့် လှမ်းခေါ်လိုက်တော့သည်။

"ဆေးကျောင်းသား ... ဟေ့ ... ချွတ် ... ချွတ် ... ဆေးကျောင်းသား"

ပထမတစ်ခါ ခေါ်သံကိုတော့ သူက ဂရုမထားမိပေ။ ဒုတိယတစ်ကြိမ် ခေါ်သံမှာတော့ သူက ချိုလကို လှည့်ကြည့်လေ၏။ ချိုလကို မြင်လိုက်တာနှင့် ဘီလူးတဘက်အလား ထင်မှတ်ကာ အင်မတန် ထိတ်လန့်ကြောက်ရွံ့ကာ အံ့သြသွားသောပုံစံ ဖြစ်သွားပြီးမှ ချိုလရှိရာဆီသို့ ဒေါကြီးမောကြီးဖြင့် ရောက်လာကာ ...





"မင်း ... မင်း ... ဘာကိစ္စ ဒီအထိ လိုက်လာနေတာလဲ။ မင်း ငါ့ကို အရှက်ခွဲမယ့် ရည်ရွယ်ချက်နဲ့ လိုက်လာတာလား။ မင်းပိုက်ဆံကို ငါ အခုပြန်ပေးလိုက်မယ်။ မင်းကွာ ရုပ်ကလေးနဲ့မှမလိုက် တော်တော်အကြံအစည်ကြီးတာပဲ ... မင်း ဘယ်သူလဲ။ ဘာကိစ္စ ငါ့နောက်ကို တကောက်ကောက် လျှောက်လိုက်ပြီး လိုက်အရှက်ခွဲနေတာလဲ"

အဲဒီ ဆေးကျောင်းသားသည် ချိုလရဲ့အရှေ့ကို ရောက်ပြီဆိုတာနဲ့ပဲ ချိုလကို ဘာမှတောင် ပြောခွင့်မပေးတော့ဘဲ တရစပ် non-stop ကို ကက်ကက်လန် ရန်တွေ့နေတော့တာပဲ ဖြစ်သည်။ ချိုလကို အဲဒီရန်တွေ့မှုအတွက် သဘောတကျဖြင့် ကက်ကက်လန် ရန်တွေ့နေသောသူ့ကို ဆန့်ကျင်စွာ ရယ်မောလိုက်လျှင် သူက နည်းနည်းတော့ ကြောင်အမ်းအမ်း ဖြစ်သွားရကာ ချိုကိုကြည့်၍ ...

"ဒီမှာ ... မင်း ဘာရယ်တာလဲ"

"ခစ် ... ခစ် ... ရယ်စရာကောင်းလို့ ရယ်တာပေါ့။ နေစမ်းပါဦး။ ရှင်ကကော ဘာတွေ ဒီလောက်တောင် ဒေါကန်နေရတာလဲ ဆိုစမ်းပါဦး"

"ဩော် ... မင်း ငါ့ကို'ဆေးကျောင်းသား'ဆိုပြီး ခေါ်နေတယ်လေ။ မင်း ဘာအထာ ဘာသဘောနဲ့ ခေါ်လဲဆိုတာ ငါ သဘောပေါက်တယ်"

ချိုလက အထူးအဆန်းစကားလုံးတွေ ဖြစ်သလို ချိုလကို ဒီလို ကက်ကက်လန်အောင် ရန်တွေ့လေသောကြောင့် အံ့လည်း အံ့ဩနေရတာမျိုးဖြစ်သည်။ ချိုလက အဲဒီအတွက် ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ သူ့ကို ပြန်ချေလိုက်သည့်အနေဖြင့် ...

"ကိုယ့်လိပ်ပြာ ကိုယ်မလုံတဲ့ သဘောပေါ့၊ ရှင်က ဒီက ကျောင်းသားမဟုတ်ဘူးလား။ 'ဆေးကျောင်းသား'ဆို ရှင့်အတွက်တော့ ပန်းကန်ဆေးတဲ့ definition ဆိုတော့လည်း အေးပေါ့လေ ... ပန်းကန်ဆေးတဲ့ ဆေးကျောင်းသားပဲပေါ့"

"ဟော့ ... ဟော့ ... တိုးတိုးပြောစမ်းပါ။ မင်းဟာလေ ငါ့ကို တမင်အရှက်ခွဲမယ့် ရည်ရွယ်ချက်နဲ့ ရောက်လာသလားအောက်မေ့ရတယ်။ မင်း ဒီကို ဘာလာလုပ်တာလဲ"

"ဟဲ့ ... ချိုလ၊ ဘာဖြစ်နေတာလဲ"





မော်ကွန်းက ချိုလဆီသို့ အပြေးအလွှား ရောက်လာသောကြောင့် ချိုလက သူ့ကို ဘာမှပြန်မဖြေရသေးခင်မှာ မော်ကွန်းက ဆေးကျောင်းသားကိုကြည့်၍ ...

"ကောင်းထက်ဇော် ... မင်း ဘာကိစ္စရှိလို့လဲ"

"အဲဒါ မင်းသူငယ်ချင်းလား"

"အေး ... ဟုတ်တယ်။ မင်း ဘာတွေ လာနှောင့်ယှက်နေတာလဲ"

မော်ကွန်း ပြောလိုက်တဲ့စကားက တကယ့်ကို အားနာစရာကောင်းရလောက်အောင် ဘုမ့်လို့ ချိုလက အားနာသွားရာ ဟဲ့ ... ဟု လှမ်းဟန့်လေသော်လည်း တားချိန်မရလိုက်စွာ ကိုဒေါသကူးသွာရ်ရ ဆေးကျောင်းသားက မော်ကွန်းကို ထပြောတော့သာဖြစ်သည်။

"ဟော့ကောင် ... မင်း ဘာစကားပြောတာလဲ။ ငါက ဘာနှောင့်ယှက်ရမှာလဲ။ ငါ့လမ်း ငါသွားနေတာ"

"ကဲ ... ကဲ ... ကဲ ... တော်ကြပါတော့။ ကျွန်မကလည်း ရှင့်ကို နောက်လိုက်တာပါ ဆေးကျောင်းသားရယ်။ ကျွန်မကြောင့် ပြဿနာမဖြစ်ပါနဲ့"

"အေး ... မနောက်နဲ့ မကြိုက်ဘူး"

ဆေးကျောင်းသားက ချိုလကို ဘုကြည့်ကြည့်ကာ လေသံမာဖြင့် ပြောပြီးထွက်သွားလေလျှင် ဒေါသများစွာဖြင့် ကျန်ခဲ့တာက မော်ကွန်းဖြစ်သည်။

"ဟော့ကောင် ... မိုက်ရိုင်းလှချည်လား။ ဟော့ကောင်"

"ကဲ ... ဟိုကလည်း သွားပြီပဲဟယ်။ တော်ပါတော့ ... မော်ကွန်းရယ်"

"အဲဒီကောင်နဲ့ နင်က ဘယ်လိုလုပ် သိနေရပြန်တာလဲ ချိုလ။ နင့်ဖယားလား"

မော်ကွန်းက ဒေါကန်ကန်ဖြင့် မေးလိုက်တာကို ချိုလက စိတ်တိုသွားရကာ သူ့လက်မောင်းကို ဖြန်းခနဲ ရိုက်လိုက်ရင်းက ...

"ဟဲ့ ... နင်ဟာလေ ပြောလိုက်ရင် တလွဲမှ တလွဲချည်းတွေပဲ။ ငါ့ကို ဒီလောက် ဟောက်စားလုပ်သွားတာ ငါ့ဖယား ဖြစ်မလား။ ငါ အဒီစီလေးတွေက ငါတိတ်ဆိုတိတ် ဟိတ်ဆိုဟိတ်ပဲ"





"အဲဒါဆို ... သူ ... သူက ဘယ်သူလဲ"

"ဒီလိုပဲ သိတဲ့သူပေါ့ဟာ။ ကဲပါ ... အဲဒါတွေ ထားလိုက်ပါဦး။ ရော့ ... ငါရဲ့ပထမဆုံးသော စိတ်ကူးတွေအကောင်အထည်ဖော်ခွင့်ရတဲ့ စာအုပ်လေး"

ချိုလက အာရုံလွဲတဲ့အနေဖြင့် စကားလမ်းပါလွှဲလိုက်ကာ ကားထဲက စာအုပ်လေးကို ထုတ်ပေးလိုက်သည်။ ချိုလရဲ့စာအုပ်လေးကို မော်ကွန်းက စိတ်ဝင်တစား လှန်ကြည့်ရင်း သဘောတကျပြုံးလိုက်ရင်း ...

"Congratulation ချိုလ၊ နင် တကယ်အောင်မြင်မှာပါ။ စာအုပ်က လုံးဝကို Quality အပြည့်ပဲ။ ဖလင်သားနဲ့ထုတ်ထားတော့ သိမ်းထားချင်စရာပဲ။ ဒါပေမဲ့လေ တစ်ခုတော့ လိုအပ်တယ် သိလား"

"ဘာလဲ"

"ဘာဖြစ်ရမလဲ။ နင် စားဖိုမှူးပုံစံလေးဝတ်ပြီး ဓာတ်ပုံရိုက်။ ပြီးရင် အဲဒီပုံကို မျက်နှာဖုံးတင်ရမှာ။ အဲဒါမှ စာရေးဆရာမ စားဖိုမှူး ပိုင်ချိုမလင်းက ဘယ်လောက်ချော သလဲဆိုတာ ပရိသတ်သိမှာပေါ့ဟ"

မော်ကွန်းရဲ့စကားကြောင့် ချိုလက သဘောတကျဖြင့် တဟားဟား ရယ်မောမိသွားသည်။ အဲဒီစိတ်ကူးကို ချိုလရဲ့ producer ဖြစ်တဲ့ ဖေကြီးနှင့် မေကြီးကလည်း အဲဒီလိုလုပ်ဖို့ ပြောတာပဲဖြစ်သည်။ ဒါပေမဲ့ ချိုလက Romantic Food Menu လေးကို တကယ့် Menu စာအုပ်လေးတစ်အုပ်အဖြစ် သိမ်းထားချင်စရာ ကောင်းလောက်အောင်လို့ ချိုလက ရှင်းရှင်းလေးပဲ အစားအသောက်ပုံကို မျက်နှာဖုံးတင်ထားကာ အချစ်ရဲ့သင်္ကေတ ပန်းနုရောင်စာအုပ်လေး ဖန်တီးခဲ့တာဖြစ်သည်။

"အဲဒါတွေက ပကာသနတွေပါဟာ။ အရေးကြီးတာက ငါ စာအုပ်လေး ပေါက်သွားစေချင်တာပဲ"

"ဖြစ်လာမှာပါဟာ။ နင့်စာအုပ်လေးက ကြည့်တာနဲ့တင် ရင်ခုန်စရာလေးပဲဟာ။ နင့်လိုပဲလေ"

"ကောင်စုတ်နော်။ မော်ကွန်း ... မဖောက်လာနဲ့"

"ဩော် ... သဘောရိုးပါ ချိုလရာ။ ဒါနဲ့လေ ဟိုကောင်က နင်နဲ့ ဘာမှမဆိုင်တာ သေချာပါတယ်နော်"

"သေချာတယ် ... သေချာတယ်"





ချိုလက စိတ်မရှည်တော့စွာဖြင့် ဆောင့်အော်ကာ ပြောလိုက်ပြီးမှ သတိရသွားကာ ဆေးကျောင်းသားရဲ့အကြောင်းကို စပ်စုကြည့်ဖို့ တွေးမိသွားတာကြောင့် မော်ကွန်းကိုပဲ အချိုသပ်မေးရတော့သည်။

"ဒါနဲ့ သူ့နာမည်က ကောင်း ... ကောင်းထက်ဇော်နော်။ သူက နင့်သူငယ်ချင်းလား"

ချိုလရဲ့မေးခွန်းကြောင့် မော်ကွန်းက မဖြေသေးဘဲ ချိုလကို မယုံသင်္ကာ စိုက်ကြည့်၏။ ချိုလက မျက်စောင်းတစ်ချက် ပြန်ထိုးလိုက်ရင်း ...

"ကဲ ... ဖြေမယ့်ဟာ မဖြေဘူး။ ငါက သူ့နာမည်တောင် စုမှသိတာပါဟယ်။ ပြောစမ်းပါ"

အဲဒီလို ပြောတော့မှ မော်ကွန်းက မဖြေချင့်ဖြေချင်နှင့် ပြန်ဖြေလေသည်။

"ဒီကောင်က ဘဝင်ရူးပါဟာ။ သူ့သူငယ်ချင်းလိုလို ရည်းစားလိုလို ကောင်မလေးနဲ့ ငါက ခင်နေတာကို J ဝင်နေပြီး ငါ့ကို အမြင်စောင်းနေတာလေ။ ငါကတော့ ဒီကောင်နဲ့

သူငယ်ချင်းရယ်တော့ မဟုတ်ပါဘူး။ ဒီလိုပဲ တစ်တန်းတည်း အတူတူ တက်နေကြတဲ့ သူတွေဆိုတော့ တွေ့နေမြင်နေတာပေါ့။ ကဲ ... ငါ့ကိုတော့ ပြောစမ်းပါဦး။ ကောဇ်းထက်ဇော်နဲ့က ဘယ်လိုသိတာလဲ ဆိုတာ"

မော်ကွန်းရဲ့မေးခွန်းကြောင့် ချိုလက ဘာပြန်ဖြေရင်ကောင်းမလဲဆိုပြီး ဦးနှောက်ကို အလျင်အမြန်ပဲ အလုပ်ပေးလိုက်လေသည်။ ကောင်းထက်ဇော်က ဆိုင်မှာ ပန်းကန်လာဆေးသွားတယ်ဆိုတာကြီးကို မော်ကွန်းကို မပြောပြချင်ပေ။ အဲဒီတော့လည်း ထုံးစံအတိုင်းပင် ချိုလက အနိုင်နဲ့ပိုင်းပစ်ခဲ့ကာ ...

"နင် သိချင်ရင် facebook မှာ ရှာလေဟယ်။ ငါကတော့ ပြောမပြဘူး။ တော်တာ ... ငါ သွားမယ်။ ညနေ အိမ်လာခဲ့ဦးလေ။ မေကြီးတို့က နင့်ကို ဘာပေးမလို့ ဆိုလားပဲ။ သွားပြီဟေ့"

ချိုလက ကားပေါ်တက်ကာ စက်နှိုးလိုက်လျှင် မော်ကွန်းက ကားမှန်ကို တတောက်တောက်ခေါက်ကာ စိတ်မပြတ်နိုင်စွာ မေးရလေသည်။





"ချိုလ ... ချိုလ ... အခု ဘယ်သွားမလို့လဲ"

"ဘယ်သွားသွားပေါ့။ နင် အပူပါလို့လား"

"စိတ်ပူလို့ပါဟာ။ နင်ကလည်း။ ကားလည်း ဖြည်းဖြည်းမောင်းဦးနော်"

"လျှာမရှည်နဲ့။ ငါ နယ်မှာတည်းက ကားမောင်းကျွမ်းပြီးသား။ ရန်ကုန်လမ်းလည်း ငါသိပြီးသား။ သွားမယ်"

ချိုလက ကားကို ဝေါခနဲ မောင်းထွက်လာခဲ့သည်။ တက်ကြွရွှင်မြူးသော စိတ်အစဉ်တို့နဲ့အတူ ဒီကနေ့ စာအုပ်ထွက်ခြင်းအတွက် ရင်ခုန်မှုကပါ စောင့်စားနေရလေသည်။

❖ ❋ ❖

## ၁၂

စာအုပ်ဆိုင်ကနေ ဒီနေ့ သူဖတ်ဖို့အတွက် ဝယ်လာတဲ့ စာအုပ်တွေထဲမှာ Romantic Food Menu ဆိုတဲ့ စာအုပ်ကတော့ သူ့အတွက် စိတ်ဝင်စားမှု အပေးနိုင်ဆုံး စာအုပ်ဖြစ်သည်။ အဲဒီစာအုပ်က ချက်နည်းပြုတ်နည်းစာအုပ် ဖြစ်သည်။ ရေးတဲ့သူက "Y CHO LA MIN"ဖြစ်ကာ သူ့ရဲ့ Romantic Food Menu ဆိုတဲ့ စာအုပ်ကတော့ သူ့အတွက် လေ့လာစရာ မှတ်သားစရာတွေပဲ ဖြစ်သည်။ တစ်ခါမှ မဖတ်ဘူးသေးတဲ့ ဟင်းလျာနှင့်အချစ် အတွေးအခေါ်လေးတွေ အကြံပြုချက်လေးတွေကို ရေးထားတာပဲဖြစ်သည်။ ရေးထားတဲ့ အရေးအသား၊ အတွေးအခေါ်လေးတွေဟာ တကယ့်ကို စိတ်ဝင်စားဖွယ် အတိပဲဖြစ်၏။





**"ပျိုလေးမျှော်ဟင်း (ကြက်ကိုလာချက်ဟင်း)"**

ဒီဟင်းလေးကတော့ ကြက်သားကို ကိုလာနဲ့ချက်တဲ့ ဟင်းလေးပါ။ ကိုလာဆိုတဲ့ အဓိပ္ပာယ်ဟာ "ကိုကိုလာပါစေသား"ဆိုတဲ့ သဘောလို့ ရျိုလက တွေးမိတယ်။

တကယ်တော့ မိန်းကလေးတွေဘာဝဆိုတာ မိန်းမကြိုက်တော့ မျှော်လိုက်တာ ဆိုသလို ကိုယ်ချစ်ရတဲ့သူအတွက် မျှော်လင့်ချက်လေးနဲ့ သူ ကိုယ့်ဆီလာပါတော့ဆိုတဲ့ မျှော်လင့်မှုပဲရှိပြီး ကိုယ့်ဘက်က စပိုင်ခွင့်မရှိတဲ့ ဘဝမှလား။

အဲဒါကြောင့် ရျိုလက ရျိုလရဲ့သူငယ်ချင်း မိန်းကလေးတွေရဲ့ တစ်ဖက်သတ် မျှော်လင့်ချက်တွေ အရောင်တက်ဖို့ ဒီဟင်းလေးကို ဖန်တီးလိုက်ချင်ပါတယ်။

ကိုယ်ချစ်ရတဲ့သူကို မျှော်နေရင်းနဲ့ ဒီကြက်ကိုလာချက်ဟင်းလေးကို ချက်ပြီး ချစ်တဲ့သူကိုပဲဖြစ်ဖြစ် မိမိကိုယ်တိုင်ကပဲဖြစ်ဖြစ် စားကြည့်လိုက်ပါလား။ ပျိုလေး

ဖျော်ဟင်း တစ်နည်း(ကြက်ကိုလာချက်ဟင်းလေး)က ကိုကိုလာဖို့ ဆုတောင်းလေးပြည့်ဖို့ တစ်နည်း ဖြည့်တင်းပေးမှာပါ။

... ဟု အစချီကာ ဆွဲဆောင်မှုရှိရှိ ရေးသားထားတဲ့ အရေးအသားကို သူက ဖတ်ရင်း သဘောကျသွားကာ အဲဒီဟင်းလေးတော့ ချက်ကြည့်ဦးမည်ဟု တေးထားလိုက်သည်။ ကြက်သားကို အနေတော်အတုံးလေးတွေလှီးကာ ထိုကြက်သားတုံးရုံလေးတွေကို ကိုလာ(ကြက်သားမြုပ်အောင်) မိနစ်အနည်းငယ်ခန့်စိမ်ကာ ထုံးစံအတိုင်း ဆီသတ်ပြီးနောက် ကိုလာစိမ်ထားတဲ့ ကြက်သားလေးတွေကိုဆယ်ပြီး ဆီသတ်ထားတဲ့အိုးထဲထည့်ကြော်ကာ မကျက်တကျက် အနေအထား ရောက်ပြီဆို ခုနကစိမ်ထားတဲ့ ကိုလာတွေ အိုးထဲလောင်းထည့်ကာ ပွက်လာပြီဆို အင်မတန်အရသာရှိကာ နူးညံ့လှသော ပျိုလေးဖျော်ဟင်း(ကြက်ကိုလာချက်ဟင်း) ရပါပြီဟု ရေးသားထားချက်တွေကို သူက ဖတ်၍ မှတ်ထားရင်း ချက်စားဖို့ တေးထားလိုက်သည်။





ဘာပဲဖြစ်ဖြစ် ဒီစာအုပ်လေးက သူ့အတွက်တော့ တကယ်အသုံးဝင်တာပဲဖြစ်သည်။ ဟင်းချက်နည်း တစ်မျိုးစီတိုင်းမှာ အဲဒီဟင်းနှင့် လိုက်ဖက်တဲ့ အချစ်အတွေးအခေါ်၊ ဘဝအတွေးအခေါ်လေးတွေ ရေးထားတာဟာ တကယ်ကို ဗဟုသုတရစရာပဲဖြစ်သည်။ ဒီစာအုပ်က သူ့နဲ့ကတော့ တကယ့် အံကိုက်ပဲဖြစ်၏။ ကောင်းက လဆန်းကို ရည်းစားစကား ပြောဖို့ရာ အသင့်လျော်ဆုံး ဟင်းလျာကို ရှာဖွေရင်းက Romantic ရည်းစားစကားအတွက် Romantic Food Menu ဟင်းချက်နည်းစာအုပ်ကို အားကိုးရလေတော့သည်။

❖ ❋ ❖

## ၁၃

ကောင်းက ကားပေါ်မှာ ထိုင်စောင့်နေကာ လဆန်းအလာကို စောင့်နေတာဖြစ်၏။ ဒီကနေ့မှာတော့ ဟို Romantic Food Menu Book လေး၏ ကြီးမားသော ကျေးဇူးကြောင့် သူ လဆန်းကို ဖွင့်ပြောမယ့် ရည်းစားစကားအတွက် သူ idea ရလာခဲ့ကာ အကောင်အထည်လည်း ပေါ်လာခဲ့ပြီဖြစ်သည်။ ဒီနေ့ ထမင်းစားချိန်မှာ ကန်တင်းမသွားဘဲ ကားပေါ်မှာပဲ ထမင်းအတူတူစားဖို့ လဆန်းနှင့် ချိန်းထားပြီးသားမို့ သူက ကားပေါ်မှာ အရင်ကြိုလာစောင့်နေတာဖြစ်သည်။ ခဏနေတော့ လဆန်းက ရောက်လာကာ ကားပေါ်တက်ထိုင်ရင်း ...





"ကောင်း ... နင်ကလဲ တကယ့်ရှုပ်ပဲဟာ။ ကန်တင်းသွားမယ်လေ။ ဘာကိစ္စ ကားပေါ်ခေါ်နေရတာလဲ"

"အကြောင်းရှိလို့ပေါ့ဟ၊ ကဲပါ ... လဆန်းရယ်။ နင့်အတွက် "နေ့လယ်စာကို ငါ စပါယ်ရှယ် ပြင်ဆင်လာတယ်။ ဒီမှာပဲ စားရအောင်"

"ဟယ် ... ကားထဲမှာကြီးတော့ ငါ မစားချင်ပါဘူး ကောင်းရယ်။ ကျောင်းထဲမှာကြီးကိုး။ နင်နဲ့ ငါ ကားပေါ်မှာ ထမင်းစားနေတာကို လူတွေအမြင်မှာလည်း မသင့်တော်ဘူး။ ကန်တင်းမှာပဲ သွားစားကြရအောင်ဟာ"

လဆန်းက ကားပေါ်မှာ စားမယ့်ဟန် လုံးဝမရှိချေ။ ကောင်းက ထမင်းစားချိန်မှာမှ ပြောဖို့အသင့်တော်ဆုံးသော ရည်းစားဖြစ်နေသည့်အတွက် သူက အဆင်ပြေအောင် တစ်ခုခု စီစဉ်ရတော့၏။

"အေးဟာ။ နင် ဒီမှာ မစားချင်ဘူးဆိုလည်း ရတယ်။ ဒါပေမဲ့ နင် ငါ့ကို ကတိတစ်ခုတော့ ပေးရမယ်။ ကန်တင်းမှာ နင် ငါ့ကို ထမအော်ပါဘူးဆိုတဲ့ ကတိ"

လဆန်းက စိတ်မရှည်တော့ဟန်ဖြင့် သက်ပြင်းရှည်တစ်ခုချရင်းက ...

"အေး ... ပေးတယ်ဟယ်။ ပေးတယ်။ လာ ... သွားမယ်။ ထမင်းစားချိန်တောင် လွန်တော့မယ်။ ဆင်း ... ဆင်း"

လဆန်းက ပြောရင်း သူ့ကားပေါ်က ဆင်းသွားကာ ရှေ့ကနေ သုတ်သုတ်, သုတ်သုတ်ဖြင့် ကန်တင်းသို့ သွားလေ၏။ သူ့မှာက အကြံနှင့်လူမို့ ထမင်းချိုင့်ခြင်းကြီးဆွဲလာကာ ကန်တင်းကို လိုက်ရတော့သည်။

"ဟယ် ... ချိုတို့ နင်တို့ အခုမှ ကန်တင်းလာတာလား"

"ဟုတ်ပါ့ဟယ်။ ဒီမှာလေ ... သန္တာစာအုပ် မိတ္တူသွားဆွဲနေလို့။ နင် အခုမှ လာတာလား။ ငါတို့နဲ့ လာထိုင်လေ"

ကောင်းက သွားထိုင်တော့မယ့် လဆန်းကို မထိုင်အောင် တားလိုက်ရတော့သည်။

"ဟဲ့ ... ဟဲ့ ... လဆန်း။ မထိုင်နဲ့လေဟာ။ ငါကယောက်ျားလေးတစ်ယောက်တည်း။ သူတို့က မိန်းကလေးတွေတစ်ပုံကြီးဟာ။ ငါ နင့်ကို ပြောစရာရှိလို့သတ်သတ်ထိုင်ရအောင်နော်"





"ဟား ... နင်ကတော့ ဂယက်ပဲ။ ဘာဖြစ်နေတာမှန်းကို မသိဘူး။ အေး ... ထိုင် ... ထိုင်။ အဲဒီမှာ ... ခဏနေဦး။ ငါ ခဏတော့ သန္တာတို့နဲ့ စကားသွားပြောဦးမယ်"

"Ok ... Ok ... ပြန်လာနော်။ ငါ စောင့်နေမယ်"

ကောင်းက သန္တာလွင်တို့နှင့် မလှမ်းမကမ်းဝိုင်းမှာ ...င်လိုက်ကာ ဒီနေ့က စပါယ်ရှယ်ထမင်းဘူး ထည့်လာတာမို့ ...န်တင်းမှာ အအေးလောက်သာမှာသည်။ ဒီကနေ့ ဟင်းတွေမှာ ...ကိုယ်တိုင် စီစဉ်လာတဲ့ ဟင်းကတော့ လဆန်းကို ရည်းစား ...ကားပြောမယ့်ဟင်းပဲဖြစ်ပြီး ကျန်တာကတော့ ဒေါ်လေးလုံးချက် ...းတာဖြစ်ပြီး ဒေါ်လေးလုံးကို သူက နှစ်ယောက်စာ ထမင်းဘူး ...ည့်ခိုင်းထားတာဖြစ်သည်။ သူ့ရဲ့ အဲဒီလိုကြီးမားလှသော စေတနာ ...း အသိအမှတ်ပြုလေပါသော လဆန်းက အားနာပါးနာဖြင့် သူ ...ည့်လာတဲ့ ထမင်းဘူးကို စားမှာဖြစ်၏။ ကောင်းက လဆန်း ...း စောင့်နေလျှင် ခဏကြာတော့ လဆန်းက ရောက်လို့လာကာ ...မင်းဘူးကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်ရင်း ...

"ထူးတော့ အရမ်းထူးဆန်းနေတယ်။ အရင်တုန်းကလည်း ငါတို့ ကန်တင်းမှာပဲ စားနေကြ။ အခု တကူးတကကြီးကို ငါ့အတွက်ပါ ထမင်းဘူးထည့်လာတယ်ဆိုတော့ ဘာလဲ။ အန်တီလွင် အတင်းထည့်ပေးလိုက်တာဆိုပြီးတော့,တော့ လာမချီးနဲ့နော်။ ကျောင်းကအပြန် နင့်အိမ် ငါလိုက်ပေး လိုက်မှာ။ အမှန်အတိုင်းဖြေ"

ကောင်းက မသက်သာသလို စစ်ချက်အတွက် ပြုံးစိစိ မျက်နှာထားဖြင့် မှန်ရာကို ဝန်ခံလိုက်လေသည်။

"ဟဲ ဟဲ ... အမှန်အတိုင်း ပြောပါမယ်ဟာ။ ဒါပေမဲ့ နင် စိတ်တော့ မဆိုးရဘူး"

"ကဲ ... ပြောမှာသာပြောပါ ကောင်းရယ်။ ငါ ဗိုက်ဆာ နေပြီ"

"အေးပါ ... ဗိုက်ဆာရင် ရော ... ထည့်စား။ ဒီဟင်းတွေ က ငါချက်ထားတာ မဟုတ်ဘူး။ ငါလက်ရာက ကော်ဖီ မှာ။ ဘူးဖွင့်ကြည့်လိုက်"





ကောင်းက စားပွဲအလယ်မှာ ချထားတဲ့ မုန့်ဘူး အဝိုင်းလှလှလေးကို လက်ညှိုးညွှန်ပြလိုက်သည်။ သူ့ရဲ့အပြုအမူ တွေကို စိတ်ဝင်စားသွားသော လဆန်းက မုန့်ဘူးလေးကိုယူကာ ဖွင့်လိုက်သည်။

"ဟင် ... ဒါက ..."

ဘဲဥခြမ်းလေးတွေ ဝိုင်းထားတဲ့အလယ်မှာ ပြောင်း ဖူးအဝါ(သကြားပြောင်း)ဆီဆမ်းလေး ရှိနေ၏။

လဆန်းကအံ့သြ သလို မျက်ဝန်းဖြင့် သူ့ကိုကြည့်၍ ဒါက ... ဆိုတဲ့ မေးခွန်းထုတ်လာလျှင် သူကလည်း ရိုးရှင်းစွာ အဖြေပြန်ပေးလိုက်၏။

"ငါ့ရင်ထဲမှာ နင်နဲ့ပတ်သက်ပြီး ဘာတွေဖြစ်နေတယ်ဆို တာ နင် သိပြီးသားပဲ လဆန်းရယ်။ ဒီဘူးထဲက အစား အသောက်က ငါ့ရဲ့အချစ်တွေကို ပုံဖော်ထားတဲ့ အနုပညာ ပါ"

"အနုပညာ။ အလို့ ... တယ်ဟုတ်ပါလား။ ဆိုစမ်းပါဦး"

လဆန်းရဲ့ပုံကို လေ့လာကြည့်ရတာတော့ သူ့ရဲ့ ရည်းစားစကားပြောခြင်းအပေါ် စိတ်ဆိုးဟန်တော့ မပြပါ။ သူမကိုကြည့်ရသည်မှာ သူ့ထက် သူဆိုလိုချင်သည့် အဓိပ္ပာယ်ကို စိတ်ဝင်စားနေပုံရသည်။ ဒီလိုအချိန်မျိုး ဖြစ်နေတယ် ဆိုကတည်းက အဲဒါဟာ သူ့အတွက်တော့ အခွင့်အရေးမို့ ကောင်းက သူ့ရဲ့ရည်းစားစကား ပုံဖော်ခြင်းဟင်းတစ်မယ်အတွက် ရှင်းလင်းချက်ထုတ်ရလေသည်။

“ငါ နှင့်အပေါ်ကို ထားတဲ့စိတ်က အဲဒီ ဘဲဥလေးလိုပဲ။ အဆုံးအစမရှိဘူး။ ဘယ်တုန်းက နှင့်ကို ချစ်မိသွားမှန်းမသိအောင် အဆုံးအစမရှိခြင်းကို ရည်ညွှန်းထားတာ။ ဟောဒီ ပြောင်းဖူးကတော့ နှင့်အပေါ်ထားတဲ့ ငါ့ရဲ့စိတ်တွေ ဘယ်တော့မှ မပြောင်းလဲဘူးဆိုတာကို ပြောင်းဖူးနဲ့သက်သေပြတာ ...

အဲဒီတော့ ငါ့ရင်ဘတ်ထဲက စကားလုံးတွေကို ဖော်ထားတဲ့ ဘဲဥနဲ့ ပြောင်းဖူးဟာ နှင့်ကို ပြောချင်တဲ့ ငါ့ရဲ့ရည်းစားစကားပေါ့”





ကောင်းရဲ့စကားအဆုံးမှာ လဆန်းက တစ်ချက်တော့ ငြိမ်ကျသွားသည်။ အဲဒီလေ[illegible]ဆို အလားအလာက အထူးခြားဆုံးသော Romantic တစ်ခုကို ဖန်တီးလိုက်နိုင်ပြီမို့ သူက ကျေနပ်ပီတိဖြစ်ရကာ လဆန်းဆီက တုံ့ပြန်မှုတစ်ခုကို တောင်းခံလေသည်။

“လဆန်း... တစ်ခုခု ပြန်ပြောဦးလေဟာ။ ငါ့ကို စိတ်ဆိုးသွားတာလား”

လဆန်းက သူတောင်းဆိုနေတဲ့ တုံ့ပြန်မှုအတွက် သူ့ကို သေချာစိုက်ကြည့်၍ ...

“အနုပညာတစ်ခုလိုပဲ ခံစားကြည့်ရင် နှင့်ရဲ့ Performance ကိုတော့ ငါ သဘောကျတယ်”

“ဟား ... ဒါဆို”

ကောင်းက အရမ်းကို ကောင်းနေသော အလားအလာအတွက် ပျော်ရွှင်လွန်းလှစွာဖြင့် သူ့ရဲ့ဝမ်းသာမှုတွေ အဆီးအတားမရှိ ဖြစ်နေစဉ်မှာ လဆန်းက ခပ်မြန်မြန်ပင် ဘာရိတ်ဆောင့်အုပ်၏။

"နေပါဦး။ မငိုရှာပါနဲ့ဦး ...

နင်နဲ့ ဒါက သူငယ်ချင်းတွေလေ။ နင်က ငါ့အပေါ် ရုတ်တရက်ကြီး ပြောင်းလဲသွားတဲ့ ခံစားချက်ကြီးကို ငါ ဘက်ကလည်း မယုံနိုင်သေးဘူး။ အဲဒါကြောင့် အချိန် တစ်ခုအထိ ငါ စဉ်းစားကြည့်မယ်။ ငါဘက်က ပဲမများဘဲ ပွင့်ပွင့်လင်းလင်း ပြန်ဖြေတယ်ဆိုတာက နင်နဲ့ ငါက သူငယ်ချင်းအရင်းကြီးတွေမို့လို့နော်"

လူဆန်းဘက်က response က တကယ့်ကိုပဲ တည်ငြိမ်နေတာမို့ သူက ရင်ကတော့ ခုန်သွားရပါသည်။ လဆန်း ဆီကအဖြေက စဉ်းစားဦးမည်ဆိုတာက နှစ်သိမ့်တာလား အတည် ပြောတာလား မသိသော အဖြေစကားအတွက် သူက သေချာ အောင် မေးခွန်းထုတ်လိုက်သည်။

"နင် ငါ့ကို တကယ်တော့ စဉ်းစားပေးမှာပါနော်"

"ဪ ... တကယ် ပြောတာပါ။ ငါ့ဘက်ကလည်း သေချာမှုရှိတဲ့ ဖီလင်မျိုး ရှိလာတယ်ဆိုရင် အဖြေပြန်ပေး မယ်လေ။ အခုလောလောဆယ်တော့ ဗိုက်ဆာနေပြီမို့ စားခွင့်ပြုပါတော့နော်"





ကောင်းက ချစ်စရာကောင်းသော လဆန်းရဲ့အပြော ကို သဘောကျလက်စကား ကျေနပ်သွားပြီး လဆန်းရဲ့ထမင်းဘူး ထဲသို့ သူ့ရဲ့ချစ်ခြင်းပြ အနုပညာဖြစ်သော ဘဲဥနှင့်ပြောင်းဖူးကြော် ကို ထည့်ပေးလိုက်သည်။ လဆန်းက ပြုံးမြိမြိ မျက်နှာထားဖြင့် ကြည်ကြည်သာသာ စားလေလျှင် သူက မိုးပေါ်ရောက်သွားသော ပျော်ရွှင်မှုနဲ့အတူ အဲဒီလိုမျိုး idea ထုတ်ပေးလေတဲ့ စာရေးဆရာမ ဒွန်ရှိုလမင်းကို ကျေးဇူးမှ အကြီးကြီး သွားတင်လေတော့သည်။

❖ ❋ ❖

## ၁၄

"Congratulation ချိုလလေး။ Dreams do come true ဆိုတဲ့ စကားလိုပဲ ချိုလရဲ့ အိပ်မက်တွေ တကယ်ပဲ အကောင်အထည်ပေါ်သွားပါပြီ။ ဒီနေ့ပဲ နယ်ကအမှာတွေ ထပ်တက်တယ်။ ပြီးတော့ အရောင်းရဆုံးစာရင်းမှာ ချိုလရဲ့ Romantic Food Menu က နံပါတ်(၃)ချိတ်တယ်။ အခုဆို ချိုလက Best Seller စာရေးဆရာမ တစ်ယောက် ဖြစ်ပြီလို့ ယူဆလို့ရပြီ"

ဒေါ်လေးမေရဲ့ ပြောစကားကြောင့် ချိုလက လက်ဖျားခြေဖျားတွေတောင် အေးစက်လာကာ မျက်ရည်တောင်ဝဲလို့





တက်လာသည်။ တကယ်ကြီးကို မယုံကြည်နိုင်စရာကောင်းသော အိပ်မက်ထဲက အဖြစ်အပျက်ကို အပြင်မှာ နဖူးတွေ့ ဒူးတွေ့ကြုံလိုက်ရသလိုမျိုးကို ခံစားလိုက်ရလေသည်။

ချိုလရဲ့အဖြစ်ချင်ဆုံးဆန္ဒက ဟင်းချက်နည်းတွေကို အချစ်၊ ဘဝ၊ စိတ်ခံစားမှု အတွေးအခေါ်လေးတွေ ထည့်ပြီးရေးတဲ့ စာရေးဆရာမတစ်ယောက် ဖြစ်ချင်တာဖြစ်သည်။ အခုဒီအိပ်မက်က တကယ်ပဲ အရောင်လှဲ့ခဲ့ပြီဖြစ်သည်။

"တကယ်ပဲလားဟင် ဒေါ်လေးမေ။ မယုံနိုင်စရာပါပဲ"

"ဟုတ်တယ်။ အဲဒါ တကယ်ပဲ သမီး။ ဒေါ်လေးပြောခဲ့ပြီးသားပဲဟာ။ သမီးက အောင်မြင်မှာပါလို့။ ဒါပေမဲ့ ဒေါ်လေး ထင်ထားတာထက် သမီး ပိုအောင်မြင်တယ် ...

စာအုပ်ဈေးကွက် ကျနေတဲ့အချိန်မှာ သမီးမိဘတွေက ရဲရဲဝံ့ဝံ့ ထုတ်ပေးတာနဲ့တန်အောင် သမီးက ထူးထူးခြားခြား အောင်မြင်တာ ...

အေးလေ ... ပေါက်တာလည်း မပြောနဲ့။ ညည်းက တကယ် brain ပြေးတာကို။ အချစ်ဝတ္ထုရေးတဲ့ စာရေး

ဆရာမ မလုပ်ဘူး။ ဟင်းချက်နည်းနဲ့လိုက်တဲ့ အချစ်အကြောင်းရေးတဲ့ စာရေးဆရာမဆိုတော့ အခုဆို ချိုလရဲ့ Menu book ကလေ ဒေါ်လေးတို့ မျှော်မှန်းထားသလိုပဲ အိမ်ရှင်မလက်စွဲတင် မဟုတ်တော့ဘူး။ လူငယ်လေးတွေ၊ ကောင်လေးကော ကောင်မလေးတွေကရော ဝယ်ကြတဲ့ လမ်းညွှန် Menu book တစ်ခု ဖြစ်နေတာ ...

အဲဒီတော့ ချိုလဘက်က အားပေးမှု နိုင်မာလာအောင်။ စီးပွားရေးအရလည်း demand တွေ တက်လာအောင်လို့ ဟင်းချက်နည်းအသစ်တွေ ဖန်တီးရမယ်။ ပြီးရင် အဲဒီဟင်းနဲ့လိုက်မယ့် အချစ်ကိစ္စအကြောင်းအရာလေးတွေ တွေးရမယ်။ ဒီ Romantic Food Menu ဆိုတဲ့ trend အောက်ကနေပဲ ဒေါ်လေးတို့က (1), (2), (3) ဆိုပြီး ဆက်ထုတ်သွားရမှာပဲ ...

သမီး ကြိုးစားဖို့ပဲ လိုတယ်”

အရမ်းကို အားရစရာကောင်းတဲ့ ဒေါ်လေးမေရဲ့ စကားတွေကြောင့် ချိုလက အရမ်း အရမ်းကို ပျော်ရွှင်ကျေနပ်





ဝမ်းသာရတော့သည်။ ပြီးတော့ ဟင်းအသစ်တွေ ထပ်ထပ်ဖန်တီးဖို့ mood တွေလည်း ရလေသည်။

“စိတ်ချပါ ဒေါ်လေးရယ်။ သမီး ဒီထက်မက အောင်မြင်အောင် ကြိုးစားမယ်”

“ကောင်းတယ်။ အဲ ... ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ချိုလက ကျောင်းတစ်ဖက်နဲ့ဆိုတော့ စိတ်ကို နှစ်ခုအာရုံ ထားနေရမှာနော်။ တစ်ဖက် အားစိုက်လို့ တစ်ဖက်ဒေါက် လျော့သွားတယ် ဆိုတာမျိုး ဒေါ်လေးလည်း မဖြစ်စေချင်ဘူး။ သမီးမိဘတွေကလည်း မဖြစ်စေချင်ကြဘူး။ အဲဒါကိုတော့ သမီး ဘယ်တော့မှ မမေ့နဲ့။ ကြားလား”

“ဟုတ်ကဲ့ ... ဒေါ်လေး”

ချိုလက ဒေါ်လေးမေကို လေးလေးနက်နက်ဖြင့် ခေါင်းညိတ်ပြလိုက်ချိန်မှာပဲ ချိုလရဲ့ဖုန်းလေးက မြည်လာလျှင် ချိုလက နံပါတ်ကိုကြည့်လိုက်သည်။ အာရုဏ့်ဆီက လာတာဖြစ်တာကြောင့် ချိုလက ဖုန်းကို Silent လုပ်ရင်း မကိုင်ဘဲထားလျှင် ဒေါ်လေးက အကဲခတ်ကြည့်ရင်းက ...

"ဘယ်သူ့ဆီက ဖုန်းမို့လို့လဲ။ ကိုင်လိုက်လေ"

"အမ် ... ဩော် ... ဟဲဟဲ ... ရတယ် ဒေါ်လေးမေ။ အရေးမကြီးဘူး"

"အရေးမကြီးဘူး။ ဘာကိုဆိုလိုတာလဲ အရေးမကြီးဘူးဆိုတာ။ ဖုန်းဆက်တယ် ဆိုကတည်းက ပြောစရာရှိလို့ပေါ့။ ကိုင်လိုက်လေ"

ဒေါ်လေးမေက ဖွတ်ကိုင် ကိုင်ခိုင်းတာကြောင့် ချိုလက ဖုန်းကိုင်မယ်လုပ်စဉ်မှာ ဖုန်းက missed call ဖြစ်လို့သွားလေ၏။

"ဟယ် ... missed call ဖြစ်သွားပြီ"

"အဲဒါဆို ဖုန်းပြန်ခေါ်လိုက်လေ"

"အာ ... အဲလိုကြီးတော့ ပြန်မခေါ်ချင်ပါဘူး ဒေါ်လေးကလည်း။ သိရဲ့သားနဲ့ သမီးဖုန်းက အဝင် call တွေ သိပ်များလွန်းလို့ စိစစ်ကိုင်နေရတဲ့ဟာ။ missed call ဖြစ်တိုင်း လျှောက်ခေါ်လို့ကတော့ အဲဒီ Call list ကို Screenshot ရိုက်ပြီး Facebook တင်လိုက်လိမ့်မယ်။ နေ ... နေ ... ဒေါ်လေး အရေးမကြီးဘူး"





ချိုလက ဖြစ်နေကြ ဖြစ်စဉ်အတိုင်း ရိုးရိုးလေး ပြောလိုက်ပေမယ့် ဒေါ်လေးမေကတော့ ချိုလကို မျက်စောင်းတစ်ချက်ကဲကြည့်ရင်း ...

"ဟင်း ... ခြေတာအေ"

"ဟက် ... ဟက် ... ဒေါ်လေးမေက ဒါလည်း ရတာပဲလား"

"အမယ်လေး ... ရတာပေါ့။ တို့အိုးမားက ခေတ်မီအိုမားဟာ။ ကဲ ... မေမေ ပြောတာတွေလည်း မောရောပေါ့။ ရော့ ... ဒီမှာ သမီး ပူတင်းဖုတ်ထားတယ်။ စားကြရအောင်"

မမယ်မုံက ပူတင်းပန်းကန်ကြီး သယ်လာကာ ချိုလတို့ရဲ့ စကားဝိုင်းထဲ ဝင်လာမှ ပိုပြီး စည်ကားသွားတော့တာဖြစ်သည်။

"ဝါး ... မမယ်မုံ လက်ရာ စားရတော့မယ်။ ဒါကြောင့် နောက်ဖေးမှာ တကုပ်ကုပ်နဲ့ ငြိမ်နေတယ်မှတ်တာ။ သူက ပူတင်းလုပ်နေတာကိုး"

“ဟုတ်တာပေါ့အေး။ စားဖိုမှူးကြီးကို စားဖိုမှူးလေးက ပူတင်းနဲ့ ဝုတ်ပြရတာပေါ့။ ကဲ ... စား”

ချိုလနှင့် မမယ်မုံက ပူတင်းပန်းကန်ဆီ အာရုံရောက်လေပေးဖြောင့်နေချိန်မှာ ဒေါ်ခိုလေးမေက ချိုလကိုကြည့်၍ ခုနက ဖုန်းကိစ္စကို ပြန်ဆွဲထုတ်လေပြန်တော့သည်။

“ချိုလရယ် ... လိမ္မာစမ်းပါ။ လူဆိုတာ Perfect မဖြစ်ဘူးဆိုတာ ဒေါ်လေး သိတယ်။ ဒါပေမဲ့ ရည်းစားရှုပ်တယ်ဆိုတာ နာမည်ကောင်း မဟုတ်ဘူးနော်။ ကိုယ်က အခုဆို အောင်မြင်မှုရလာပြီ။ စိတ်ထင်တိုင်းကြီ လျှောက်မလုပ်ရဘူး။ အဲဒီရည်းစားများလို့ပဲ ညည်းနဲ့ ညည်းအမေ ခဏခဏ ပြဿနာတက်နေကြတာ။ ကျုပ်က အခုချိန်မှာ ညည်းကို အစစအရာရာ တာဝန်ယူပြီး ခေါ်ထားရတာ။ တစ်ခါတည်း ပြောထားမယ်နော်။ ရှုပ်ရှုပ်ယှက်ယှက် အသံများ တစ်ခုခု ကြားလိုက်လို့ကတော့ ညည်း အတွေ့ပဲနော်”





များမြောင်လှပါသော warning တွေကို နားထောင်ရာ ချိုလက စိတ်တွေညစ်လှစွာဖြင့် ခုနက ပျော်နေတဲ့အပျော်လေးတွေတောင် ပျောက်ချင်ချင် ဖြစ်ရကာ ...

“ဟင်း ... ဒေါ်လေးကလည်း တစ်ခါလာလည်း ရည်းစားများတယ်၊ နှစ်ခါလာလည်း ရည်းစားရှုပ်တယ်နဲ့။ သမီးက နာမည်ကြီး ထမင်းဝေပါ။ တစ်ခါမှ ရည်းစားမထားခဲ့ဖူးပါဘူး။ မေကြီးတို့က အထင်တွေ လွဲနေတာ”

“အေးလေ ... အမေကလည်း။ ချိုလလေးမှာ ရည်းစားမရှိပါဘူး။ ဒီအရွယ် ဖလန်း ဖလန်းလေးဆိုတော့ သူလည်း နည်းနည်းပါးပါးတော့ ပြောရဆိုရ ရှိတာပေါ့။ ချိုလက လိမ္မာပြီးသားပါ မာမိရဲ့”

“ဟင်း ... နင်တို့နှစ်ယောက်ပဲ အတိုင်အဖောက်ညီနေ။ ပြော ... မပြောလိုက်ချင်ဘူး။ ယမ့် ... ပူတင်းတွေဖုတ်ဒိုင်ခံစား သိလား။ လူက တစ်နေ့တခြား ပိုပိုဝလာပြီ”

“ဟင်း ... မေမေတို့လည်းနော်။ ကိုယ့်သမီးလေးဆိုလည်း ပြောမယ် ဆိုတာကြီးပဲ။ ဒီတစ်ယောက်တည်းရှိတဲ့ သမီး

လေးကိုပဲ သိပ်ပြောတာပဲ။ တို့ညီအစ်မတွေ ကံကိုဆိုးပါ
တယ်ကွယ်"

"ဟုတ်ပါတယ် မမရယ်။ ကံဆိုးလွန်းပါတယ်"

ချိုလနဲ့ မမယမုံက တစ်ယောက်နဲ့ တစ်ယောက် အတိုင်အဖောက်ညီညီပြောကာ ဒေါ်လေးမေကို နောက်နေကြလျှင် ဒေါ်လေးမေက ဒေါကန်ကန်ဖြင့် ချိုလတို့နှစ်ယောက်ကို မျက်စောင်းကဲကြည့်ကာ ...

"မနိုင်တော့ဘူးဟော့။ နင်တို့နှစ်ယောက်ကိုတော့။ အေး... ကြပ်ကြပ် သတိထားကြနော်။ နင်တို့တွေ"

ဒေါ်လေးမေက မနိုင်,နိုင်ရာမဲကာ ကြိမ်းသွားပြီး အိမ်ထဲဝင်သွားလေလျှင် ချိုလနှင့် မမယမုံက ပျော်ရွှင်စွာဖြင့် လက်ဝါးချင်း ရိုက်လိုက်ကြကာ သဘောတကျ ဖြစ်ရလေသည်။

"ဟား ဟား ... ကဲ ... စား။ ငါ့ညီမလေး။ အောင်မြင်မှု အတွက် ဂုဏ်ယူပြီးသား။ ညနေကျရင် တို့တွေ ညီအစ်မ နှစ်ယောက် ခိုင်လီကြက်ချဉ်စပ်မှာ အောင်မြင်မှုကို အပီ အပြင် ထပ်ပြီးဂုဏ်ပြုကြစို့။ Ok"





"ဟား ဟား ... Ok ... ဒါမျိုးဆို Ready ပါ"

ချိုလနှင့် မမယမုံက အတိုင်အဖောက်တွေညီစွာ Bravo လုပ်ကြ၍ ညနေကဲဖို့ ပြင်ထားသည်။ ဒီလိုအချိန်ကာလ ဘွဟာ ချိုလအတွက်တော့ အရမ်းကို ပျော်ရွှင်မှုရှိနေသော အချိန်တွေ ဖြစ်တာကြောင့် စိတ်ထဲမှာ ဘာအရာကြီးကြီး ဖြစ်ဖြစ် ကို လှလို့ ပလို့ နေတော့သည်။

❖ ❋ ❖

## ၁၅

ကောင်းက ခိုင်လီကြက်ချဉ်စပ်ဆိုင်ကနေ မေမေ့အတွက် ပါဆယ်လာဝယ်ပြီးနောက်မှာ အိမ်ပြန်ဖို့အတွက် ကားကို အိမ်ပြန်လမ်းကို ဦးတည်ရမည်။ ပြီးရင် လမ်းကြုံအနေနဲ့ ကီးမားပလာတာပါ ဝယ်သွားမည်။ ကီးမားဆို လဆန်းကလည်း အရမ်းကြိုက်တာမို့ သူက လဆန်းအတွက်ပါ ပါဆယ်ဆွဲသွားဖို့ စိတ်ကူးခဲ့သည်။ စသဖြင့် အစီအစဉ်တွေကို သူ့ဘာသာဆွဲကာ ကားပါကင်ကနေ ထွက်လာခဲ့သည်။ အဲ ... နေဦး။ လဆန်းကြက်ချဉ်စပ်လေးများ စားချင်ဦးမလား မသိဘူး။ ဖုန်းဆက်ကြည့်ဦးမှ။





ကောင်းက ဆိုင်ဝင်းရှေ့ယာထဲက မထွက်ရသေးခင်မှာ လဆန်းဆီကို ဖုန်းဆက်ဖို့ ဖုန်းကို ဘောင်းဘီအိတ်ထဲက နှိုက်နေရသည်။ ဒီနေ့ သူဝတ်ထားတာက လည်သာ skinny မို့ အိတ်က ကျပ်နေတာကြောင့် ထိုင်နေတဲ့ကိုယ်ကို အသာကြွ၍ အိတ်ထဲထုတ်နှိုက်နေစဉ်မှာပင် သူကော ကားကော vibration တစ်ခု ဖြစ်သွားတာကြောင့် လန့်ဖျပ်သွားရသည်။ ဟ ... ဘာလဲဟ။ ဖုန်းလာတာများလား။ သူ့ iphone 5s ရဲ့ vibration က အဲဒီလောက်တောင် တုန်ရလား။ အဲဒါတော့ မဖြစ်တန်ကောင်းပေ။ ဒါ ... ဒါဆို ...။

ကောင်းက စိုးရိမ်စိတ်ပူမှုနဲ့အတူ ကားပေါ်က ဝုန်းခနဲ ဆင်းချလိုက်လျှင် ထင်ထားသလိုပင် သူ့ကားကို အနောက်က ဝင်ကြုံးလိုက်တာပဲဖြစ်သည်။ အနောက်က KLUGER အမည်းကြီးက မည်းမည်းကြီးရပ်နေရာက အဲဒီကားထဲ မောင်းသူဟာတော့ ဆင်းမလာသေးချေ။ ကောင်းက သူ့ရဲ့ ချစ်စရာ Ractics ကားလေး ဘာဖြစ်သလဲ အပြေးအလွှား ကြည့်လိုက်လျှင် ပြားနေတဲ့ သူ့ကားလေးရဲ့ဖင်ဟာ ရှိုင့်လို့ဝင်သယောင်မို့ သူ့မှာ ရေရေလည်

လည်တွေ ပေါက်ကွဲကာ အနောက်ကကားကို သွား၍ မှန်တံခါးကို တခေါက်ခေါက် ခေါက်ပစ်လိုက်လျှင် ပါဝါဝင်းဒိုးရဲ့ခလုတ်နှိပ်ထားမှုကြောင့် မှန်တံခါးက တဖြည်းဖြည်းချင်း အောက်ကို အကျမှာ ဝင်းလင်းဖန့်နေသော မျက်နှာတစ်ခုကို တွေ့ရလေသည်။ ဒီမျက်နှာ ... ဒီမျက်နှာက ...။

ကောင်းရဲ့ဦးနှောက်က သံစုံအချက်ပေး ခေါင်းလောင်းသံတွေ မြည်လို့လာလျှင် သူ့ရဲ့ဒေါသတွေက အလိပ်လိပ်တက်ထွက်လာရကာ အဲဒီမျက်နှာကို လက်ညှိုးထိုး၍ ကယောင်ကတမ်း အသံက ထွက်လာလေသည်။

"မင်း ... မင်း ... မင်း ဒါဘာလုပ်တာလဲ"

သူ့ရဲ့အသံက ဆောင့်ထွက်ချလာသောအခါတွင်မှာတော့ အဲဒီကျမှ ကားပေါ်ကနေ အသည်းအသန် ဆင်းလာကာ...

"ကျွန် ... ကျွန်မ တောင်းပန်ပါတယ်။ ဆေးကျောင်းသားရယ်".

"ဘာ ... မင်း"





ကောင်းက အဲဒီမိန်းမရဲ့ "ဆေးကျောင်းသား"ဆိုတဲ့ ခေါ်သံ တစ်ခါကြားရတိုင်း အပုံလိုက်ရှိတဲ့ ပန်းကန်တွေကို ပြေးမြင်ကာ လူက ဆို့နင် ဆို့နင် ဖြစ်ရလေသည်။ ဘယ်လိုတိုက်ဆိုင်မှုကြောင့်မှန်းကို မသိပေ။ သူဟာ ဒီမိန်းမနဲ့တွေ့တိုင်းမှာ အကြီးကြီးတွေ ရှော့ခ်ဖြစ်ရတာပဲဖြစ်၏။

ကောင်းက မျက်နှာမချိုမချဉ်ရုပ်ဖြင့် တောင်းပန်နေတဲ့ အဲဒီမိန်းမကို ဒေါကန်စွာ တစ်ချက်ကြည့်လိုက်သည်။ ပုံစံကတော့ လုံးဝကို လန်ပျံနေကာ ခေတ်ရှေ့ပြေးအထာဖြစ်၏။ အဖြူနဲ့အနက် အစင်းကြား ပေါင်လယ်ဘောင်းဘီတိုကို Sport type တီရှပ်အမည်းနှင့် ဝတ်ထားကာ လက်တွေက ဘလင်းဘလင်း ပွင်းတွေက ရှပ်ယှက်ခတ်နေအောင် ပတ်ထား၏။ ပုံစံကိုက တစ်ခါတွေ့ရင် တစ်ပုံပြောင်းနေကာ ကြည့်ရသည်မှာ ဒေါသဖြစ်ချင်စရာတွေချည်းပဲဖြစ်၏။ ကောင်းက လောလောဆယ်ဆယ်မှာ အဲဒီ ဆေးကျောင်းသားကိစ္စထက် အရေးကြီးတဲ့ကိစ္စက ရှိနေတာကြောင့် သူက အပြတ်ကောရတော့သည်။

"အခု မင်းလုပ်လိုက်တာ ငါ့ကား ချိုင့်သွားပြီ။ ဒီလောက် အကျယ်ကြီးလမ်းမှာ မင်း ဘယ်လိုမောင်းနေတာလဲ"

"ဘာ ... ဒီမှာ ကျွန်မ မှားတယ်ဆိုတာ ဝန်ခံတယ်။ ဒါပေမဲ့ ရှင်လည်း မမှန်ပါဘူး။ ရှေ့ကနေ မသွားဘဲ ဘာ ရပ်လုပ်တာလဲ။ ကားက ရှေ့ပဲသွားတော့မလို နောက်ပဲ ပြန်ဆုတ်လာတော့မလိုနဲ့ ဒီလောက် ဂယက်ထနေတာ ကျွန်မ ဘရိတ်နဲ့ လီဗာ လန့်ပြီးမှားနင်းမိသွားတာပေါ့"

ဖြေလိုက်တဲ့ အဖြေစကားကြောင့် သူ့မှာမျက်လုံးတွေတောင် ပြူးလို့ကျယ်ကုန်၏။ ဘုရား ... ဘုရား။ ကံသီတာမှ အကြီးကြီး သီသွားပေလို့ပဲ။ မယ်မင်းကြီးမက လွဲတာမှ ဘရိတ်နဲ့လီဗာ မှားနင်းတာတဲ့။ ဆောင့်စက်ပြီး လီဗာကို တဆုံးသာနင်းချထည့်လိုက်လို့ကတော့ သူဟာ ဒီအချိန်မှာ အဲဒီ ထမင်းဆိုင်ပိုင်ရှင်မကို ခုလို ကက်ကက်လန်တောင် ရန်တွေ့ချိန်တောင် မရတော့ဘဲ မာလကီးယားသွားရတော့မယ့် သဘောမှာဖြစ်သည်။

"မင်း ... မင်း ... ကားမမောင်းတတ်ဘူးလား"

"သြော် ... မောင်းတတ်လို့ မောင်းနေတာလေ။ ရှင်ကကော ရှေ့ကနေ လိပ်လိုမောင်းနေတာ ဘာဖြစ်နေတာလဲ။ မမောင်းတတ်ဘူးလား"





"ဘာ"

"ဟိုး ... ဟိုး ထား။ ဟိုးထား ... နေကြပါဦး။ မောင်လေးရယ် အစ်မကြားထဲက တောင်းပန်ပါတယ်။ အစ်မက ချိုလရဲ့အစ်မပါ။ မောင်လေး ကားကိုလည်း အကောင်းအတိုင်းဖြစ်အောင် ပြန်လုပ်ပေးပါ့မယ်"

"ဟ ... မမ့ယမုံ ဘာကိစ္စ လုပ်ပေးရမှာလဲ။ သူ ရှေ့က မောင်းနေတာ အချိုးမပြေလို့လေ"

အဲဒီမိန်းမရဲ့ အစ်မဆိုသူက လုံးဝကို ဘော်ဒီက အပြည့်စား အယ်ထွက်နေကာ ဗလအားကိုးနဲ့ မဗြိမ်းခြောက်လေပဲ သူ့ကို အကြီးအကျယ် တောင်းပန်ကာ ပြောတာမို့ သူက ပြေပြေလည်လည် ပြန်လည်ပြောချင်ပါသော်လည်း ဟိုအမျိုးသမီးက စွတ်စက်ပြီးတော့ကို ကက်ကက်လန်နေတာကြောင့် သူက ဒေါကန်ရကာ လုံးဝအလျှော့ပေးဖို့ စိတ်ကိုမကူးမိချေ။

"ရတယ်လေ။ မလျှော်လို့ကတော့ စခန်းမှာသာ ရှင်းလိုက်"

"ဟဲ့ ... ဆေးကျောင်းသား။ နင် တော်တော်မိုက်ရိုင်းတာပဲ။ ဒီလောက် ဖြစ်တာလောက်နဲ့ စခန်းသွားစရာလား။

အဲဒီလောက်ကတော့ ငါ ဈေးတစ်ခါဝယ်တာတောင် မရှိဘူး။ လေးထောင့်သုံးရာ အဆတစ်သန်းလောက် လျော်ပေးနိုင်တယ် သဘောပေါက်"

သူ့ကို ကက်ကက်တွေလန် ရန်တွေ့နေရာကမှ ပို ထမင်းဖိုးကိစ္စကပါ ပါလာကာ မနိုင်,နိုင်ရာ ဆွဲထည့်နေတာကြောင့် သူက မိုးလုံးမှိုင်း ဒေါသတွေဖြင့် ထအော်ပစ်လိုက်သည်။

"ဟျောင့် ... မင်း ဘာစကား ပြောတာလဲ။ မင်းကွာ ... မိန်းကလေး ဖြစ်နေလို့"

"ဟက် ဟက်။ ရယ်ရတယ်။ အခုကျတော့ ဆတ်ဆတ်ခါနာတယ်။ ဒီမှာ ရှင့်ကားမောင်းတာ အသုံးမကျလို့ အခုလိုဖြစ်တာ။ ကျွန်မဘက်က ငွေဘယ်လောက်ပဲဖြစ်ဖြစ် လျော်နိုင်တယ်။ ဒါပေမဲ့ ကျွန်မ လုံးဝမမှားတဲ့အတွက် မလျော်နိုင်ဘူး။ မကျေနပ် ကြိုက်တဲ့နေရာ သွားတိုင်။ ပေါက်တယ်နော် ဆေးကျောင်းသား။ မမယမုံ ... သွားမယ်"

အဲဒီမိန်းမရဲ့ပုံစံဟာ လုံးဝကို သူ့ကို I don't care လုပ်နေတာကြောင့် သူ့မှာ ရေရေလည်လည် ပေါက်နေရတာပဲ





ဖြစ်သည်။ ဒီမိန်းမဟာ တစ်ချိန်လုံး သူ့ကို "ဆေးကျောင်းသား" ဆိုပြီး နှိပ်ကွပ်နေတာ။ ဒီကိစ္စဟာ သူ့အတွက်တော့ တကယ်ပဲ ထိပ်တန်းလျှို့ဝှက်ချက် ဖြစ်သည်။ အခု သူ့အစ်မကိုပြောပြ၊ သူ့အစ်မကနေ တခြား တခြား တခြားဖြင့် အဲဒီပါးစပ်ပေါက်တွေကို သူ လိုက်ပိတ်နိုင်မှာ မဟုတ်ချေ။

အဲဒီအဌက် ကောင်းက အမြင်ကတ်စရာကောင်းလှသော အဲဒီအချေမကို ကားပေါ်မတက်ခင် လှမ်းပြောလိုက်သည်။

"ဟေ့ ... နေဦး။ ပြောစရာ ကျန်သေးတယ်"

သူ့စကားကြောင့် သူမက လှည့်လာကာ မေးတစ်ချက် ဆတ်ပြသည်။ ကောင်းက ပြတ်ပြတ်သားသား တားမြစ်ရမည့်ကိစ္စကို ပြောလိုက်တော့၏။

"ဒီနေ့ဖြစ်တဲ့ ကိစ္စအတွက် ငါ့ကားကို ငါ့ဘာသာပဲ တာဝန်ယူလိုက်မယ်။ မင်းကိုလည်း ရှော်ပေးလိုက်တယ်။ အဲဒီအတွက် မင်းလည်း ငါ့ကို အကြွေးတင်သွားပြီနော်"

"အဲဒီတော့ ကျွန်မက ဘာလုပ်ရမှာလဲ"

တွေ့လား။ ပြောတဲ့ပုံစံကိုက ဒေါကန်ချင်စရာ လေသံနှင့်ဖြစ်၏။ ကောင်းက ဖယားပြတ်ချင်တာကြောင့် တစ်ခါတည်း အပြတ်ပြောလိုက်သည်။

"ငါ့ကို နောက်တစ်ခါ ထပ်တွေ့ဖြစ်ခဲ့ရင် အဲဒီအကြည့်နဲ့ အဲဒီလေသံနဲ့ 'ဆေးကျောင်းသား'လို့ ဘယ်တော့မှမခေါ်ပါနဲ့။ အဲဒါ Last warning နော်။ မင်းရဲ့ အဲဒီခေါ်သံက ငါ့ကို အကြီးအကျယ် ဒေါသထွက်စေတယ်"

သူက လက်ညှိုးထိုးကာ သတိပေးစကား ပြောပြီးနောက် သူ့ကားဆီသို့ ပြန်လျှောက်လာခဲ့ကာ ကားပေါ်တက်ကာ အရှိန်ပြင်းပြင်း မောင်းထွက်လာခဲ့သည်။ သူ့ကို မကျေမချမ်းလေသံဖြင့် အဲဒီမိန်းမ အနောက်ကနေ လှမ်းခေါ်နေတာကို သူကြားသော်လည်း ဂရုမစိုက်ဘဲ မောင်းထွက်လာတာဖြစ်သည်။

ဆေးကျောင်းသားဆိုတဲ့ အဲဒီခေါ်သံကြီးက သူ့ကို ပန်းကန်ဆေးဆိုတဲ့ ဂုဏ်ပုဒ်ကြီးဆိုပြီး ဆိုက်ကိုဖြစ်စေတာကြောင့် သူ့မှာ တကယ့်ကိုပဲ ကြိတ်မနိုင် ခဲမရ ဖြစ်ရလေသည်။ သူက ဆေးကျောင်းတက်နေတဲ့ ဆေးကျောင်းသား ဖြစ်ပေမယ့် အဲဒီ





အခြေမ "ဆေးကျောင်းသား"လို့ ခေါ်လိုက်တိုင်း ဗိုက်ဆံလေးထောင့်သုံးရာ မရှင်းနိုင်၍ တောင်လိုပုံနေတဲ့ ပန်းကန်တွေပြေးမြင်ကာ အရမ်းကိုပဲ အဲဒီမိန်းမကို $ မြင်ကတ်ရလေသည်။

❖ ❋ ❖

❋ ၁၆ ❋

အီကိုကျောင်းဝင်းတွင်းသို့ ကားကို ခပ်ကြမ်းကြမ်း မောင်းချလာကာ ပါကင်ထိုး၍ ကားပေါ်က ဆင်းလာလေလျှင် အားလုံးက ကွက်ကြည့်၊ ကွက်ကြည့် ကြည့်ရလေသည်။ သိတဲ့အတိုင်းပဲ အီကိုဆိုတာ မိန်းကလေးများ၍ ယောကျ်ားလေးနည်းတာကြောင့် အဲဒီလူနည်းစု ယောကျ်ားလေး ပတ်ဝန်းကျင်မှာတော့ ပိုင်ချိုလမင်း ဆိုတာကတော့ အီကိုကျောင်းရဲ့ကွင်းပဲ ဖြစ်သည်။

ချိုလ လာပြီဆို အဲဒီလိုပဲ ကွက်ကြည့်၊ ကွက်ကြည့်တွေ လုပ်ကြကာ တချို့ကတော့ သိသိသာသာပင် ချိုလရဲ့အနား





ကို ချဉ်းကပ်ကာ တချို့ကျတော့ အဝေးကနေ မျှော်တော်ယောင် လုပ်နေတာမျိုးဖြစ်၏။

"ဟော့ ... ချိုလ၊ ဒီနေ့ ကျောင်းလာတာ စောလှချည်လား"

ချိုလကို လာနှုတ်ဆက်ကာ ချိုလနဲ့အတူတူ လမ်းလျှောက်လာတာမို့ ချိုလက ဇင်ကို့ကို အပြုံးဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်ရင်း ...

"စောစောလာတယ် ဆိုကတည်းက လာတာစောလို့ပေါ့ ဇင်ကိုရဲ့"

"ဟား ... ချိုလကတော့ လုပ်ပြီကွာ။ အရမ်းပြောတတ်တာပဲ"

"မပြောတတ်ပါဘူး။ ချိုလက ဒီတိုင်းပဲ နေတာပါ"

"ကဲပါ ... ကန်တင်း သွားရအောင်လား"

"ဆောရီး။ ချိန်းထားတာလေး ရှိသေးလို့။ နောက်များမှ ပေါ့"

ချိုလက ပြုံးတုံ့တုံ့မျက်နှာငပေးဖြင့် အသာလေးပင် အေးဆေးနွေးထွေး ခေါက်ချသွားနိုင်ခဲ့လျှင်တော့ ဇင်ကို့မှာ ပခုံး

တစ်ချက်တွန့်၍သာ ကျန်နေခဲ့ရတော့သည်။ လုံးဝကို ဂေါ်လီမို့ သူက အပြတ်ငြိနေရတာကြောင့် သူ့မှာ အဲဒီလောက်အထိ အချိန်ကုန်ခံနေရတာဖြစ်သည်။

"ဟော့ကောင် ... ဘယ်လိုလဲကွ။ တပ်ခေါက်ပြန်လိုက်ရပါလား"

"မပြန်ပါဘူးကွာ။ ရှေ့တစ်လှမ်းတိုးဖို့ နောက်တစ်လှမ်းဆုတ်တယ်လို့ ပြောစမ်းပါကွာ။ ငါနဲ့ ချိုလနဲ့က အဆင်ပြေပြီး ဂဏန်းငြိမ်ထားပြီးသားပါ"

"ဟား ... မင်းတင် ဂဏန်းငြိမ်တာ မဟုတ်ပါဘူးကွာ။ ကျန်တဲ့သူတွေနဲ့လည်း ဂဏန်းက ငြိမ်ပြီးသားပဲဟာ။ ဟော့ကောင် ... တို့ အီကိုကွင်းက လူတင်,ကွင်းဖြစ်တာ မဟုတ်ဘူးနော်။ ကိုကိုတွေကို အီတဲ့နေရာမှာလည်း ကွင်းပဲ"

စသဖြင့် နောက်ကွယ်ကနေ ချိုလကို ဤသို့ ဤပုံ အမျိုးစုံ ဝေဖန်ကြသော်လည်း ချိုလကတော့ အမြဲထာဝစဉ်အပြုံး မပျက်ပေ။ သိတယ်မှလား ... ကိုယ်တွေက ဆရာမကြီးဆိုတော့ အဲဒီလိုပဲ ခြေတတ်ရတယ်လေ။





အဲဒါတောင်မှ ခြေလို့နေလို့ကို ချစ်ပါတယ်ဆိုတဲ့ သူတွေက ဒုနဲ့ဒေး ရှိနေသောအခါ ချိုလက ရွေးလို့ကိုမတတ်ကာ ခက်ရချည်သေးသည်။

❖ ❋ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၃(မြေညီ)၊ ဓမ္မဇေ့လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**



ကိုယ်က ဝတ္ထုစာအုပ်ပါ ချစ်သူ
မင်းပျော်စေဖို့ တစ်ခဏတာ ဖတ်ပေမယ့်
မင်းရင်ထဲမှာ ကျန်နေခဲ့အောင်
ကိုယ် ရည်ရွယ်ပါတယ်။

ကိုယ်က ရုပ်ရှင်တစ်ကားပါ ချစ်သူ
မင်းအပန်းပြေဖို့ တစ်ခဏတာ ကြည့်ပေမယ့်
မင်း အပိုင်ဝယ်သိမ်းထားချင်အောင်
ကိုယ် ရည်ရွယ်ပါတယ်။

ကိုယ်က တစ်ရှူးတစ်ရွက်ပါ ချစ်သူ
မျှော်လင့်ချက် ပါကင်တွေ
ဘယ်လောက်ထုပ်ပိုးထားပေမယ့်

တစ်ရှူးဟာ တစ်ခါသုံးပြီး လုံးချေလွှင့်ပစ်ခံရပါတယ်
အလွှင့်ပစ်ခံ တစ်ရှူးလေး
မင်း မနင်းပါစေနဲ့လို့ကွယ်
ကိုယ် ရည်ရွယ်ပါတယ်။

❖ ❋ ❖





၁၇

သူက ကျူရှင်ကအပြန်မှာ ချစ်စရာ အလွန်ကောင်းသော လဆန်းရဲ့မျက်နှာလေးကို တစိမ့်စိမ့် ကြည့်ချင်တာကြောင့် ကျူရှင်အဆင်းမှာ သူနှင့် လဆန်းတို့နှစ်ယောက် People Park ထဲက Happy မှာ ထိုင်ဖြစ်ကြ၏။ လဆန်းက Facebook ထဲ Check-in ဝင်နေရတာကြောင့် မအားသေးချိန်မှာ သူက အခွင့်အရေးရတုန်းလေး မိုးငေးနေတာဖြစ်၏။

"ကောင်းနော် ... ဘာကိစ္စ တစ်ချိန်လုံး စွတ်ကြည့်နေရတာတုံး"

"ဟောဗျာ။ ကြည့်တာပဲ ... မကြည့်ရဘူးလား။ နင့်ကို ငါ Propose လုပ်ထားတာလေ။ ဒီလောက်တော့ ပိုးပန်းရမှာပေါ့"

သူ့စကားကြောင့် လဆန်းက မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း ...

"ပြောပြန်ပြီလား ဒီစကား။ နင်နဲ့ ငါက သူငယ်ချင်းပါဆို"

လဆန်းက ဖုန်းကို ဘေးချလိုက်ကာ ပြောလိုက်ရင်း အအေးခွက်ကို မ,ယူသောက်လိုက်သည်။ ကောင်းက ဒီနေ့ အပြေတောင်းဖို့ စဉ်းစားထားတာကြောင့် ခေါင်းစဉ်ကို အဲဒီဘက်မှာပဲ ဆောင်းပေး ပြောနေတာဖြစ်၏။

"လဆန်းကလည်းဟာ။ ငါ တကယ် နင့်ကို ချစ်တာပါ။ ချစ်လို့လည်း အရာရာ နင့်သဘောကျ ဖြစ်စေခဲ့တာလေ"

"ကောင်းနော် ... နင် မုန့်အတူသွားစားရအောင်ဆိုတာ ဒီအကြံဆိုးကြီးနဲ့လား။ အဲဒါပဲပြောပြီး ငါ့ကို စိတ်ညစ်အောင် လာစားနေမယ် ဆိုရင်တော့ ငါ နင့်ကို စိတ်ဆိုးမှာနော်"





လဆန်းက သူ့ကို အဲဒီလိုလေး ခပ်စွာစွာ ပြောလိုက်တော့ သူက နည်းနည်းတော့ ကြောက်သွားရသည်။ လဆန်း တကယ်စိတ်ဆိုးသွားရင် သူပဲ စိတ်ဆင်းရဲရမှာဖြစ်၏။ အဲဒါကြောင့် လဆန်း စိတ်တိုင်းကျဖြစ်အောင် သူက ခေါင်းပဲညိတ်ပြလိုက်ကာ လဆန်းအတွက် သူ ဒီနေ့ လုပ်လာတဲ့ ဆုရှိဘူးလေးကို ကျောပိုးအိတ်ထဲက ထုတ်လိုက်ကာ ...

"အေးပါဟာ။ မပြောနဲ့ဆိုလည်း မပြောတော့ပါဘူး။ ရော့ ... ဒါက ဒီနေ့အတွက် နင် စာကျက်ရင်းစားဖို့ ကြက်ဥလိပ်ဆုရှိ"

သူပေးတဲ့ မုန့်ဘူးလေးကိုယူကာ ဖွင့်ကြည့်လိုက်ရင်း ကြက်ဥလိပ်ဆုရှိကိုကြည့်ကာ သဘောတကျ ပြုံးလိုက်ပြီး ...

"ကဲ ... ဆိုစမ်းပါဦး။ ဒါရဲ့အဓိပ္ပာယ်ကကော။ ဘာဆိုလို ချက်နဲ့ ပေးတာလဲ"

ကောင်းက သဘောပေါက်လွယ်လွန်းသော လဆန်းကို ကြက်ဥလိပ်ဆုရှိရဲ့ definition ကို ဖွင့်ဆိုပေးလိုက်သည်။

"ဒါပေါ့ဟ။ ကြက်ဥလိပ်ဆူရှီမှာလည်း definition ရှိတာပေါ့။ ထုံးစံအတိုင်း ကြက်ဥကတော့ အဆုံးအစမဲ့တဲ့ ငါ့ရဲ့အချစ်ပေါ့ဟာ။ ဆူရှီကတော့ သူ့ရဲ့အဓိကအခြေခံက ကောက်ညှင်းဆန်လေ။ ငါက အဲဒီလို ကောက်ညှင်းဆန်လိုမျိုး နက်ရှိုင်းစေးကပ်တဲ့ အချစ်မျိုး ပေးပါ့မယ်လို့ ရည်ရွယ်တာလေ"

"ဟက် ဟက် ... နင် ဒီလောက်ထိ အတွေးအခေါ်တွေကော၊ လက်ရာတွေကော ဒီလောက်တောင် ကောင်းလာတယ်ဆိုတော့ ဒါ ရိုးမှရိုးရဲ့လား"

"အာ ... ရိုးပါတယ်ဟ။ ငါ ဟင်းချက်ဝါသနာပါတယ်ဆိုတာလည်း နင် သိရက်သားနဲ့"

"ဟုတ်ပါတယ်။ နင့် ဝါသနာက ကောင်းပြီးသား။ နင် အဲလို ချက်ပြုတ်မှ ငါ များများစားရမှာလေ။ ငါပြောတာက အခုတလော နင် ငါ့ကို ချက်,ချက်ကျွေးနေတဲ့ ဟင်းတွေက ခါတိုင်းလို မဟုတ်ဘဲ ခါတိုင်းထက် ပိုထူးနေတယ်။ ပြောတဲ့ စကားတွေကလည်း ဟင်းနဲ့ကွက်တိ





Romance တွေဖြစ်လွန်းလို့ ငါက နင့်ရဲ့ own tune တွေ ဟုတ်မှ ဟုတ်ရဲ့လားလို့"

ကောင်းက အဲဒီမေးခွန်းအတွက်တော့ အမှန်အတိုင်းခံဖို့ ဆုံးဖြတ်လိုက်ကာ လဆန်းကို ဟဲခနဲ ရယ်ပြလိုက်ရင်း...

"ဟဲ ဟဲ ... နင်က အရမ်းသိတာပဲ။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ငါ အဲလို Romantic ဖြစ်အောင် ချက်နိုင်ဖို့ Romantic Food Menu ဆိုတဲ့ စာအုပ်ကို ဖတ်တာဟ ...

အဲဒီစာအုပ်ကနေ လေ့လာပြီး ငါမှာ နင် ခိုက်အောင် လုပ်နေရတာ"

"ဟင်း ဟင်း ... မဆိုးပါဘူး။ နင် တစ်မှတ်ရသွားပြီ"

ကောင်းက လဆန်း ဆိုလိုတာကို နားမရှင်းတာကြောင့် လဆန်းကို မေးခွန်းပြန်ထုတ်ရသည်။

"ဟင် ... ဘယ်လို ... ဘယ်လို ... ဘာကို တစ်မှတ်ရတာလဲ"

"နင့်ကို ငါက လိမ်ပြောမယ်ပဲ တွက်ထားတာ။ နင်က နင် ဘယ်ကနေ Reference ယူတယ်ဆိုတာကို ငါ့ကို

အမှန်အတိုင်း တကယ်ကြီး ပြောပြလိမ့်မယ်လို့ ဘယ်ထင်ထားမလဲ။ အမှန်တော့ ငါလည်း အဲဒီစာအုပ် ဖတ်ပြီးပြီ။ နင်က အဲဒီလို ဟင်းချက်နည်းစာအုပ်တွေ ဖတ်ရတာ ဝါသနာပါမှန်းသိလို့ ငါက အဲဒီ Romantic Food Menu လေးကို နင့်အတွက်ဆိုပြီး ဝယ်လာတာ။ ငါဖတ်ကြည့်လိုက်တော့ နင် ငါ့ကိုပြောတဲ့ တော်လ်ကီတွေနဲ့ ဟင်းတွေ တွေ့လို့ ငါက အစမေးတာ။ အဲဒါကို နင်က အမှန်အတိုင်း တယ်ကြီး ဖြေတာဆိုတော့ နင့်ရဲ့ရိုးသားမှုအတွက် တစ်မှတ်ပေးတာ"

ဟား ...။ ကောင်းက ပျော်လွန်းလို့ ထတောင်ခုန်ချင်မိသွားသည်။ အဲဒီ Romantic Food Menu လေးက တကယ့်ကိုပဲ သူ့အတွက်တော့ ကောင်းကျိုးပေးတဲ့ Lucky Book လေးပါလား။ အစကတော့ ကောင်းက ငါ့ရင်တွင်းဖြစ်တွေ ဘာတွေ လုပ်ဦးမလို့ပဲ။ ဒါပေမဲ့ ဒီလိုစာအုပ်မျိုးဆိုတာက တစ်နိုင်ငံလုံး ဖြန့်ချိထားတဲ့ စာအုပ်ဖြစ်တာကြောင့် သူ လိမ်လိုက်ရင် ဂိမှာဖြစ်တာမို့ အမှန်အတိုင်း ဖြေလိုက်တာဖြစ်၏။





"ဟား ... ဝမ်းသာလိုက်တာဟာ။ ဒါဆို ငါက တစ်မှတ်တိုး ကံထူးသူကြီးပေါ့နော်။ အောင်မှတ်ရဖို့ ဘယ်လောက်လိုသေးလဲဟင်"

"ဒါကတော့ Top Sceret ပဲ"

"ငါ့ကို နည်းနည်းလေးတော့ ငဲ့ညှာသနားသောအားဖြင့် အဖြေလေးတော့ ပေးပါဟာ"

လဆန်းက ကောင်းရဲ့မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ရင်း ...

"အချိန်တန်တော့ သိရမှာပါဟာ။ နင့်ကို ငါ ပြောပြီးသားပဲလေ။ ငါ့ဘက်က သူငယ်ချင်းထက်ပိုတဲ့ ဖီလင်မျိုးရှိနေတာ သေချာပြီဆို စိတ်ချ နင်အဖြေတောင်းစရာတောင် မလိုဘူး။ ငါက အဖြေလှမ်းပေးမယ်။ ဟုတ်ပြီလား ...

လောလောဆယ်တော့ Patho တွေနဲ့ ခေါင်းတွေ ခြောက်နေတဲ့ ငါ့တို့ရဲ့ ဦးနှောက်လေးတွေကို သနားသောအားဖြင့် ခေါင်းမစားခိုင်းပါနဲ့ဟာ ... နော်"

လဆန်းက သူ့ကို နှစ်သိမ့်သလို ကျေနပ်လောက်မည့် စကားပြောတာကြောင့် သူ့ဘက်က ခေါင်းညိတ်လက်ခံနိုင်စွာဖြင့် သဘောတူလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူကတော့ ကြည်နူးလို့နေရတာပဲဖြစ်၏။

လဆန်းနဲ့ သူဟာ ချစ်သူမဟုတ်လည်း ဒီလိုနှစ်ယောက်တည်း အမြဲလိုလို ရှိနေတာပဲဖြစ်၏။ လဆန်းကို ရည်းစားစကား ပြောထားတာဟာ သူတို့နှစ်ယောက်ရဲ့ ခိုင်မာတဲ့ Relationship ကို ပိုတွယ်မြဲစေဖို့ပဲ ဖြစ်၏။

ကောင်းအတွက်ကတော့ လဆန်း အခုလို ဘေးနားမှာ ရှိနေတာလေးတင် ကျေနပ်နေရတာဖြစ်သည်။

❖ ❋ ❖





လူကြိုက်များ နှစ်သက်အားပေးခြင်းကို ခံရကာ ပရိသတ်လက်ခံမှု အခိုင်အမာ ရရှိလာခဲ့ခြင်းအပေါ် ချိုလကလည်း ကျောင်းတစ်ဖက်နဲ့မှ တကယ့်ကို အားသွန်ခွန်စိုက် ကြိုးစားကာ စားလို့လည်းကောင်းကာ အနှစ်သာရ အဓိပ္ပာယ်လည်း ပြည့်ဝစွာ ရှိနေသည့် ဟင်းလျာများကို စိတ်နှစ်၍ ဖန်တီးခဲ့သည်။ ချိုလရဲ့ စာအုပ်တွေကို Episode တွေခွဲကာ လစဉ်ထွက်နိုင်အောင်လည်း ချိုလဘက်က အတတ်နိုင်ဆုံး ကြိုးစားရှာဖွေ ရေးရတာဖြစ်သည်။

အဲဒီအတွက် ချိုလမှာလည်း တကယ်ကို ပင်ပန်းကာ stress များရတာပဲဖြစ်သည်။ မနက်ကျောင်းတက် ညနေပြန်ရောက်တာနဲ့ မီးဖိုချောင်ထဲဝင် ချက်ပြုတ်ရင်း mood အသစ်တွေထည့်ကာ ဟင်းအသစ်တွေ ဖန်တီးကြည့်။ ပြီးရင် အဲဒီဟင်းနဲ့

ပတ်သက်တဲ့ အတွေးအခေါ်၊ ဒဿန၊ စာစု စသဖြင့် လိုက်ဖက်ရာ အတုယူစရာမျိုးကို ဖွေးရ ချရေးရဖြင့် အလုပ်တွေ အရမ်းကိုများလာတာပဲဖြစ်၏။

အောင်မြင်မှုရဲ့ အသီးအပွင့်အတွက် ချိုလက အိမ်ရှင်မတွေရဲ့ လက်စွဲလေး ဖြစ်လာရကာ ချိုလကို စိတ်ဝင်စားနေသော ပရိသတ်တွေအတွက် ရုပ်လုံးဖော်ပြဖို့ကလည်း အချိန်တန်နေပြီဖြစ်၏။

ချိုလရဲ့ပါပလစ်ရှာ ဖေကြီးနဲ့ မေကြီးကတော့ ချိုလ စိတ်တိုင်းကျချည်းဖြစ်အောင် ဖန်တီးပေးကာ အကောင်းဆုံး ပံ့ပိုးနေတာမို့ ချိုလမှာ စိတ်ရှိသလောက် လှမ်းနိုင်နေတာဖြစ်၏။ အခုလည်း ချိုလရဲ့ ငါးအုပ်မြောက်ထွက်မယ် စာအုပ်အတွက် ချိုလရဲ့စိတ်ကူးကို ဒေါ်လေးမကော ဖေကြီးနှင့် မေကြီး ရန်ကုန်ရောက်နေတုန်း အချိန်မှာ ဖွင့်ပြောပြလိုက်သည်။

"သမီးကတော့ စာအုပ်ငါးအုပ်မြောက်ထွက်တဲ့ အမှတ်တရဆိုပြီး စာရေးသူကိုယ်တိုင် လက်မှတ်ထိုးရောင်းတာတွေဘာတွေတော့ မလုပ်ချင်ဘူး။ သမီး စဉ်းစားထားတာက





လေ ကုသိုလ်လည်းရ ဝမ်းလည်းဝဖြစ်အောင်လို့ အခု ငါးအုပ်မြောက်စာအုပ် အမှတ်တရအတွက် အစားအသောက်ချက်ပြုတ်နည်း ရက်တိုသင်တန်းလေး ပညာဒါနဖွင့်ရင်ကောင်းမလားလို့"

"ဟေ ... ဘယ်လို။ သမီး idea ကို သေသေချာချာလေးပြောပြပါဦး"

"ဟုတ် ...။ ဒီလိုလေ ဖေကြီးရဲ့။ သမီးက ကိုယ်သိထားတဲ့ ပညာကိုလည်း မသိတဲ့သူတွေကို ဖြန့်ဝေပေးချင်သေးတယ်။ ပြီးတော့ သူတို့တွေဆီကလည်း သမီး ပညာလည်းရ ကုန်ကြမ်းလည်းယူလို့ ရတယ်လေ။ ပြီးတော့ သိပ်အများကြီး ခေါ်မှာလည်း မဟုတ်ဘူးလေ။ အဲဒီလို ရက်တိုသင်တန်းလေးတွေကို သုံးသုတ်လောက်ခွဲပြီး လုပ်လိုက်မယ်ဆိုရင် သမီးအတွက် ကုန်ကြမ်းလည်း ပိုရမယ်။ နောက်ပြီးတော့ လူစိတ်ဝင်စားခြင်းလည်း ပိုရမယ်။ ပြီးတော့ စိတ်အပြောင်းအလဲလေးလည်း ဖြစ်တာပေါ့။ အဲဒါကြောင့် တစ်ချက်ခုတ် သုံးချက်ပြတ်လေ။ မကောင်းဘူးလား"

ချိုလရဲ့ idea ကို ဒေါ်လေးမေကော ဖေကြီးနှင့် မေကြီးကပါ သဘောတူ လက်ခံသွားကြကာ ချိုလကို ဖြည့်ဆည်းပေးကြ၏။

"အရမ်းကောင်းတဲ့ အစီအစဉ်ပဲ။ ငါ့သမီးက idea သိပ်ကောင်းနေပါလား"

"ဖေကြီးရဲ့သမီးပဲဟာ။ idea တွေက လွှတ်ကိုကောင်းရမှာပေါ့လို့"

"ကဲပါ ... ငါ့သမီးရဲ့ဆန္ဒက ဒီလိုရှိတယ်ဆိုတော့လည်း တခြားရှည်ရှည်ဝေးဝေး ဘာမှမစဉ်းစားနေကြနဲ့တော့။ သမီးဆန္ဒအတိုင်း ဖြစ်စေရမယ်"

"Ok"

ချိုလက ပျော်ရွှင်ကြည်နူးသော စိတ်အစဉ်တို့ဖြင့် သဘောတူစွာ ခေါင်းညိတ်ပြလိုက်သည်။

❖ ❋ ❖





## ၁၈

ကောင်းက ဝရန်တာမှာ ထွက်ထိုင်ကာ စာတွေကို ကလေးတစ်ယောက်လို အော်ဟစ်ကျက်နေရင်းက စိတ်တွေရှုပ်နေမိသည်။ ဒီတလောမှာတော့ သူ့ရဲ့စိတ်တွေဟာ နောက်ကျိကျိဖြစ်နေတာကြောင့် စာက အာရုံတစိုက် ကျက်လို့မရချေ။ စာမေးပွဲတွေကလည်း တောက်လျှောက် ဖြေနေရတာဖြစ်လို့ သူ့မှာအားကို မအားချေ။ ကောင်းက စိတ်ပင်ပန်းစွာဖြင့် စာမေးပွဲတွေ ဖြေပြီးနောက်သကာလမှာ သူက သူ့ရဲ့စိတ်အေးချမ်းရာလေးဖြစ်တဲ့ သဆန်းဆီကို message လှမ်းပို့လိုက်သည်။

"Hey ... Pin pan nay b lar.

Miss you"

သူက လဆန်းဆီက ပြန်လာမည့် reply ကိုမျှော်နေသော်လည်း သူ ထင်ထားသလို reply က ရောက်လို့မလာချေ။ ကောင်းက စိတ်ပိုရှုပ်စွာဖြင့် ဝရန်တာမှာဘဲ စာအုပ်တွေထားခဲ့ကာ အောက်ထပ်ကို ဆင်းလာခဲ့သည်။

“ကိုကိုရေ ... ငါ့ကို သံပရာရည် ချဉ်ချဉ်လေးတစ်ခွက် ဖျော်ခဲ့ပေးပါကွာ။ ငါ ခေါင်းတွေကိုက်နေလို့”

“ဟုတ်ကဲ့ ... အစ်ကိုလေး”

ကောင်းက အိမ်ရှေ့ခန်းက ဆိုဖာမှာ ပစ်လှဲလိုက်ရင်း စားပွဲပေါ်က သတင်းစာကို လှမ်းယူကာ ဖတ်နေလိုက်သည်။ သူ ဟိုလှန်ဒီလှန် လုပ်နေတုန်း မြင်လိုက်ရတဲ့ သတင်းတစ်ခုကြောင့် သူက စိတ်ဝင်တစား ဖြစ်သွားရကာ ထထိုင်၍ သေချာဖတ်ကြည့်လိုက်သည်။

“Romantic Food Menu (5) ထွက်ပါပြီ။

ချစ်သောပရိသတ်ကြီးရဲ့ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် စာအုပ်ဝယ်ယူသူ အယောက်(၁၀၀)ကို အစားအသောက်နှင့် ပတ်သက်သော ရက်တိုသင်တန်းဖွင့်လှစ်





ပါမည်။ အသေးစိတ် အချက်အလက်များကို Romantic Food Menu (5) တွင် ဖတ်ရှုနိုင်ပါသည်။

ဟား ... သတင်းထူးပါလား။

ကောင်းက Romantic Food Menu ရဲ့ ရက်တိုသင်တန်းဆို၍ အရမ်းပဲ စိတ်ဝင်စားမိသွားသည်။ အစားအသောက်နှင့် ပတ်သက်တဲ့ ရက်တိုသင်တန်းဆို သူကိုယ်တိုင်က စိတ်ဝင်စားလေသည်။

ဒီသင်တန်းကို မဖြစ်မနေ တက်ရမည်။ ကောင်းက သရုပ်လိုက်ရင်းကမှ စာအုပ်ဆိုင်ကိုသွားဖို့ ကားသော့ကောက်ယူလိုက်သည်။

“အစ်ကိုလေး ... သံပရာရည်ရပြီလေ”

“နေတော့။ ငါ အပြင်ခဏသွားလိုက်ဦးမယ်။ ရေခဲသေတ္တာထဲသာ ထည့်ထားလိုက်”

ကောင်းက ကားဆီ ခပ်သွက်သွက်သွားကာ မောင်းထွက်လာခဲ့သည်။ သူနဲ့ အနီးဆုံးစာအုပ်ဆိုင်ကိုသွား၍ Romantic Food Menu စာအုပ်ကို သွားဝယ်လေသည်။

"ဒီစာအုပ်က တော်တော်ရှောင်းကောင်းတာပဲဗျ။ ညီလေး ... ရော့။ form တော့ မရှိတော့ဘူးနော်"

ကောင်းက စာအုပ်ဆိုင်က အစ်ကိုကြီး စကားကြောင့် နားမရှင်း ဖြစ်ရကာ ပြန်မေးလိုက်သည်။

"ခင်ဗျာ ... ဘာ form လဲ မသိဘူး"

"အစားအသောက်နဲ့ ပတ်သက်တဲ့ ရက်တိုသင်တန်း form လေ။ တစ်ဆိုင်မှ နည်းနည်းစီပဲ ရတာဆိုတော့ form က မရှိတော့ဘူး"

"ဟမ် ... အဲဒီသင်တန်းတက်ဖို့ form လိုတယ်"

"လိုတယ် ညီလေးရ။ အဲဒီ form ရှိမှ သင်တန်းတက်လို့ ရမှာတဲ့"

"ဟာ ... သွားပါတော့ဗျာ။ ကျွန်တော်က အဲဒီသင်တန်း ဆိုတာကို စိတ်ဝင်စားလို့ဗျ။ အဲဒီစိတ်ကူးတော့ ပျက်ပါပြီ ဗျာ"

ကောင်းက စာအုပ်ဖိုးပေးလိုက်ကာ စာအုပ်ဆိုင်က အစ်ကိုကြီးက ပြန်အမ်းငွေ ပြန်ပေးရင်း ...





"စာအုပ်တိုက်ကို ဖုန်းလှမ်းဆက်မေးကြည့်ပါလား။ အဲဒီမှာ form ရှိရင် ရှိဦးမှာပေါ့"

အကြံကောင်း ရသွားတာကြောင့် သူက သဘောကျပြုံးလိုက်ရင်းက ...

"ဟား ... ဟုတ်သားပဲ။ ကျွန်တော် ဆက်ကြည့်လိုက်ဦး မယ်ဗျ။ ကျေးဇူးပါပဲ"

ကောင်းက စာအုပ်လေးကို ယူလိုက်ကာ ကားပေါ် ပြန်လာခဲ့လိုက်တော့သည်။ သူက ကားကို ချက်ချင်းမောင်းမ ထွက်သေးဘဲ ကားထဲမှာ စာအုပ်ကို ဟိုလှန်ဒီလှန် လုပ်နေလိုက် သေးသည်။ အဲဒီသင်တန်းတော့ သူ တကယ်ပဲ တက်ဖို့အာသီသ ရှိလေသည်။ အခု သင်တန်းတက်ဖို့ form မရှိတော့ဘူးဆိုတော့ သူတက်ဖို့ ခက်ပြီပဲဖြစ်၏။ အဲဒီ ရှားရှားပါးပါးဖွင့်တဲ့ ရက်တို သင်တန်းကိုတော့ အလွဲမခံချင်ပေ။ ဟိုစာအုပ်ဆိုင်က အစ်ကိုကြီး ပြောသလို စာအုပ်တိုက်ကို ဖုန်းဆက်မေးကြည့်ရင် ကောင်းမလား။ ဒါပေမဲ့ ဖုန်းဆက်မေးကြည့်တာထက် သူ လူကိုယ်တိုင်သွားကြည့် ပြီး စုံစမ်းတာက ပိုကောင်းမည်ဟု သူကတော့ ယူဆလေသည်။

ကောင်းက အဲဒီအတွက် ဆုံးဖြတ်ချက်ချကာ စာအုပ်ပါ လိပ်စာအတိုင်းသွားဖို့ ကားကို စတင်မောင်းထွက်လာခဲ့တော့သည်။ သူက အဲဒီလိုမျိုး အချစ်အတွက်ဆို အချိန်တွေ အကုန်ခံတာပဲ ဖြစ်သည်။

❖ ❋ ❖





"ရပါတယ် ဒေါ်လေးရဲ့။ အေးဆေးသွား။ ဒီမှာလည်း မမယမုံ ရှိနေသေးတာပဲဟာ"

"အိုခေ ... အိုခေ။ မသွားမဖြစ်မို့လို့ပါအေ။ ညည်းတို့ လက်လက်စင် နှစ်ယောက်ကို ထားခဲ့ရမှာ ငါ စိတ်မချပါဘူး"

ဒေါ်လေး စကားကြောင့် ချိုလတို့နှစ်ယောက်က သဘောတကျဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။ ပြောရရင်တော့ အဲဒါဟာ ချိုလတို့အတွက်တော့ မဟာအခွင့်အရေးကြီးပဲဖြစ်၏။ ဒီနေ့က မော်လမြိုင်က ဖြန့်ချိရေးတစ်ခုရဲ့ အလှူမို့ ဒေါ်လေးမေက စာအုပ်တိုက်ကအဖွဲ့နှင့် ခရီးသွားရမှာဖြစ်၏။ အဲဒါကြောင့် ချိုလတို့က ပျော်လို့ရွှင်လို့ ကဲတော့မှာဖြစ်၏။

"စိတ်ချလက်ချနဲ့ကိုသွားပါ ဒေါ်လေးရယ်။ ဘာမှမဖြစ်စေရဘူး"

"ဟင်း ... အဲလိုပြောလို့ပဲ ရင်တုန်တာပေါ့"

"ဘာမှ ရင်တုန်မနေပါနဲ့။ စိတ်ချ ... ညီမလေးကို သမီးကစောင့်ရှောက်မှာပါ။ သမီးတို့ ဘယ်မှမသွားဘူး။ ဒီနေ့ဟင်းပဲ ချက်စားကြမှာ"

"အေးပါ ... အေးပါ။ ကဲ ... ကဲ ... စိတ်ချမယ်နော်။ ညည်းတို့ကို အိမ်မှာမထားဘဲ စာအုပ်တိုက်ပို့ထားတယ်ဆိုတာ အိမ်မှာဆို ကဲချင်တိုင်း ကဲနေကြမှာမို့လို့ပေါ့။ သွားမယ် ... သွားမယ်။ စိတ်ချမယ်နော်"

ဒေါ်လေးမေက တတွတ်တွတ် မှာပြီးသည့်နောက်မှာတော့ ထွက်သွားလေလျှင် မမယမုံနှင့် ချိုလတို့က ပေးခဲ့အော်ဟစ်ကြရင်း သောင်းကျန်းနေကြတော့သည်။ ဒီနေ့ ဒေါ်လေးမေတစ်ယောက်က တစ်ညအိပ်ခရီးသွားမှာမို့လို့ အဆင်ပြေကာ ကဲကြတော့မည်ဖြစ်သည်။ မမယမုံကတော့ ထုံးစံအတိုင်းပင် ခွှာကိုယ်နှင့်လိုက်အောင် သွားမယ် စားမယ် ပုံစံမို့လို့ ညီအစ်မနှစ်ယောက်က အတိုင်အဖောက်တွေညီကာ ချက်ပြုတ်နေကြတာဖြစ်သည်။

"ဒီနေ့ကတော့ ရှယ်ပဲပေါ့။ ဝက်သားနဲ့ ချိစ် ကြော်ပြီးသွားရင် ချိုလ ဂဏန်း မဆလာအုပ်လိုက်တော့။ မမ ဒီမှာသခွားသီးထောင်းလုပ်ဖို့ သခွားသီးခြစ်ထားမယ်။ ပြီးရင်စပိုင်ဝိုင်လေးနဲ့ ကာရာအိုကေ ဟဲလိုက်ကြတာပေါ့"

"အမယ်လေး။ ငါ့အစ်မရဲ့ idea တွေက ရှယ့်ရှယ်ရှယ်ဂွတ်ထကြွရှနေပါလားပေါ့။ နေစမ်းပါဦး။ ဒေါ်လေးမေကအိမ်ကနေ အလုပ်တိုက်ကို တစ်ခါတည်း တန်းခေါ်လာတာ။ မမယမုံက ဝိုင်ကို ဘယ်အချိန် ဘယ်လိုယူလိုက်တာလဲ"

"ဟဲ ... ဟဲ ... ယမုံမေပါ။ မနေ့က ကတည်းက ငါတို့အိုမားက ခရီးသွားမယ်ဆိုတာ သိနေလို့ City Mart ကနေဝယ်ပြီး ပိုက်ဆံအိတ်ထဲ ခိုးထည့်ထားတာ။ တို့ညီအစ်မနှစ်ယောက် အကြိုက်ကဲကဲလေဟယ် ...

ရိုက်လိုက်ပါဦး"

ချိုလက မျှော်ရှင်ကြည်နူးစွာဖြင့် မမယမုံနှင့် လက်ဝါးချင်းရိုက်လိုက်ကာ ဟင်းချက်တဲ့ဘက်ကို အာရုံစိုက်လိုက်သည်။

"တီးတောင် ... တီးတောင်"

ဘဲလ်တီးသံကြောင့် ချိုလကော မမယမုံကပါ လန့်သွားကြကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီးမှ မမယမုံက ထိုင်ရာမှ ထရပ်လိုက်ရင်း ...

"နေဦး ... ငါ သွားကြည့်လိုက်ဦးမယ်"

❖ ❋ ❖





"တီးတောင် ... တီးတောင်"

ကောင်းက လူခေါ်ဘဲလ်ကိုတီးကာ ထွက်အလာကို စောင့်နေလိုက်သည်။ ဘယ်လိုလဲဟ။ ဒီနေ့က အင်္ဂါနေ့ အလုပ်ဖွင့်ရက်ကြီးဟာကို ဘာလို့များ တံခါးကြီးက ပိတ်ထားတာပါလိမ့်။ သူများ အိမ်မှားလား။ အဲဒီလိုမျိုးကြီးတော့လည်း မဟုတ်သေးပြန်ပေ။ အိမ်ရှေ့မှာ Beauty Publishing House ဆိုတဲ့ ဆိုင်းဘုတ်ကို သူ သေချာဖတ်လာတာပဲဟာ။ အိမ်တော့ မှားစရာက အကြောင်းကို မရှိချေ။ ကောင်းက မရေရာ မသေချာစွာဖြင့် လူခေါ်ဘဲလ်ကို ထပ်မံနှိပ်ကြည့်လိုက်လျှင် အထဲမှ တစ်ယောက်က သိမ့်လိမ့်, လိမ့်လိမ့်နဲ့ ထွက်လို့လာလေသည်။ အယ်ထွက်နေသော အန်တီဝဝကြီးကို သူက အကဲခတ်ကြည့်နေစဉ်မှာပင် သူ့ရဲ့အနား

သို့ ရောက်လာသောကြောင့် သူက မြင်ဖူးသလို ရှိနေသည့် မျက်နှာဖို့ ပြုံးကြည့်နေစဉ်မှာပင် စပ်စပ်စုစု အသံတစ်ခုက ထွက်ပြူလာလေသည်။

"ဘာကိစ္စရှိလို့ပါလဲ"

အား။ မှတ်မိပြီ။ ဒီအသံနဲ့ ဒီ body ကို သူက မေ့စရာလား။ ကောင်းက ဟိုဆိုင်ရှင်မရဲ့အစ်မအဖြစ် မှတ်မိသွားကာ ငြိမ်သွားချိန်မှာ အဲဒီ အစ်မကလည်း သူ့ကိုမှတ်မိသွားဟန်ဖြင့် တစ်ချက်ကြည့်ရင်း ...

"မင်း ... မင်းက ဟိုတလောက ချူလနဲ့ ပြဿနာဖြစ်တဲ့ တစ်ယောက်မဟုတ်လား။ ဘာကိစ္စ ရှိလို့လဲ"

သူ့ကိုလည်း မှတ်မိနေတာကြောင့် ကောင်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်ရင်းက ...

"ဟုတ် ... ဟုတ်ပါတယ်။ ကျွန်တော် အခုလာတဲ့ ကိစ္စက အစားအသောက်နဲ့ ပတ်သက်တဲ့ ရက်တိုသင်တန်း form များ ရနိုင်ဦးမလားလို့ လာမေးတာပါ"

"form"





"မမယမုံ ... ဘယ်သူလဲဟင်"

ဟောဗျာ။ ကောင်းက အိမ်ထဲကနေ နောက်တစ်ယောက် ထွက်လာသူကတော့ သူ့ရဲ့အောလီမ အဖြစ် သတ်မှတ်ထားရသူ ဟိုမိန်းမကြီးပဲ ဖြစ်လေသည်။ ထူးခြားဆန်းပြားစွာ မြင်ရသည်ကတော့ သူမက အေပရွန်ကြီးပတ် ယောက်မကြီးကိုင်ကာ အိမ်ထဲကထွက်လာတဲ့ ပုံစံပဲ ဖြစ်လေ၏။ ကောင်းက သူမကို အထူးအဆန်းဖြင့် ငေးကြည့်နေတုန်းမှာပင် သူက ကောင်းအနားသို့ ရောက်လာကာ အံ့အားတသင့် ကောင်းကိုကြည့်ကာ...

"ဟယ် ... ဆေးကျောင်းသား။ ရှင် ဘာကိစ္စ ဒီလာရတာလဲ"

ကြားလိုက်ရတဲ့အသံက တကယ်ကိုပဲ ကျက်သရေမင်္ဂလာ လုံးမဝရှိစွာဖို့လို့ ကောင်းက ဒေါသထွက်ရကာ ...

"ဟော့ ... ဒီမှာ။ မင်းကို အဲဒီလိုမခေါ်ဖို့ ငါ ပြောပြီးသွားပြီလေ"

"ကဲ ... ကဲ ... တော်ကြပါတော့။ ခုနက မောင်လေးက ဘာဖြစ်တယ်။ form ယူမလို့ ဟုတ်လား"

ကောင်းက ကြားထဲက ဖျန်ဖြေပေးလေသော အစ်မကို အားနာတာကြောင့် အဲဒီ အချေမကို ဘေးခဏချိတ်ထားကာ အဲဒီ မမဝဝနဲ့ အရင်စကားပြောလေသည်။

"ဟုတ်ကဲ့ဗျ။ form ရရင် လိုချင်လို့ပါ။ ကျွန်တော် ဒီစာအုပ်ဝယ်လာပြီးပါပြီ။ ဒါပေမဲ့ ဝယ်တဲ့ဆိုင်မှာ အဲဒီ form မရှိတော့ဘူးဆိုတော့ အဲဒါ စာအုပ်တိုက်မှာများ ရှိလောက်မလားဆိုပြီး စာအုပ်ထဲက လိပ်စာအတိုင်း လာခဲ့တာပါ"

"အဲဒီ form က စာအုပ်ဆိုင်တွေအတွက် သူ့အရေအတွက်နဲ့ သူ ကန့်သတ်ပေးထားသားမို့လို့ တိုက်မှာတော့ မရှိတော့ဘူး မောင်လေးရဲ့။ ဟို ... ဒီသင်တန်းကို မောင်လေးက စိတ်ဝင်စားလို့လား"





"ဟား ... ဟုတ်ကဲ့ဗျ။ ကျွန်တော် အရမ်းစိတ်ဝင်စားပါတယ်။ ကျွန်တော်ကိုယ်တိုင်က သတင်းစာထဲမှာ အဲဒီသတင်းကို ဖတ်မိပြီး စိတ်ဝင်စားလို့ပါ။ အဲဒါဆို form က မရနိုင်ဘူးပေါ့နော်"

"ရှင်က ဒီသင်တန်းကို တကယ်ကြီး တက်ချင်တာလား"

မေးခွန်းက ဆိုင်ပိုင်ရှင်မဆီက ထွက်လာတာမို့ ကောင်းက အမြင်ကတ်စွာဖြင့် တစ်ချက်ကြည့်လိုက်ရင်း ဘုတော ပြောလိုက်သည်။

"ဟုတ်,မဟုတ် ... တက်,မတက် ငါက ဖြေရအောင် မင်းနဲ့ ငါက ဘာဆိုင်လို့လဲ။ အစ်မ ... form ရလား မရနိုင်ဘူးလား အဲဒါပဲ ပြောပါဗျာ"

"ဒီမှာ ... ဒီမှာ ... ရှင် ဘာမှ ဘုတောကန်ပြောတွေ လုပ်မနေနဲ့။ အဲဒီသင်တန်းကို တက်ချင်တယ်တဲ့၊ လေသံက မိုးပေါ်က။ မမယမုံကိုမေးလို့ သူ ဘာမှမသိဘူး။ အဲဒီသင်တန်းကို ဖွင့်မှာက ကျွန်မ။ ကျွန်မကို မေးမှ သိရမှာ"

ဘာလဲဟ။

ကောင်းက စိတ်တောင် ရှုပ်လာကာ သက်သက်လိုက်နှောင့်ယှက်နေတဲ့ အဲဒီကောင်မလေးကို ဘုရှိုး,ရှိုးလိုက်ရင်း ...

"ဒီမှာ ... မင်းက ပေါက်ကရတွေ လာပြောမနေနဲ့။ ကဲပါ အစ်မရယ်။ ကျွန်တော် မေးတာကိုလည်း ဖြေပေးပါဦး"

"ဟုတ်တယ်။ ဖြေရမှာက အစ်မ မဟုတ်ဘူး။ သူက အဲဒီသင်တန်းကို ဖွင့်မယ်သူ။ ပြီးတော့ ဒီ Menu book ကိုရေးတဲ့ စာရေးဆရာမ ပိုင်ချို့လမင်းက သူလေ။ အဲဒီတော့ မောင်လေးက သူနဲ့ပြောမှပဲရမှာ"

ဘုရားရေ။ ကောင်းက ထင်မှတ်မထားလေသော surprise shock အတွက် မျက်လုံးအပြူးသားဖြင့် သူ အင်မတန်ဂါနေတဲ့ စာရေးဆရာမဆိုတာ အဲဒီထမင်းဆိုင်ပိုင်ရှင် ဖြစ်နေတယ်ဆိုတာကြောင့် ဆို့နေကာ သူမကိုကြည့်လိုက်လျှင် သူမက ထုံးစံမပျက် အခြေရှပ်ဖြင့်ပင် သူ့ကို တစ်ချက်ကြည့်ရင်း ...





"မမယမုံ ... တံခါးဖွင့်ပေးလိုက်လေ။ သူ စိတ်ဝင်စားပြီးသင်ယူချင်စိတ် ရှိတယ်ဆို စကားပြောတာပေါ့"

ပြောပြီး ကော့ကော့, ကော့ကော့နှင့် အိမ်ထဲဝင်သွားလျှင် မယမုံဆိုသူက သံပန်းတံခါးကို သော့ဖွင့်ပေးရင်း ...

"ဝင်ပါဦးလား။ မင်း သင်တန်းတက်ဖို့ကိစ္စ ပြောချင်တယ်ဆိုရင်ပေါ့"

တံခါးကလည်း တကယ်ပဲ ဖွင့်ပေးတာကြောင့် ကောင်းက အံ့တွေသြရကာ မျက်လုံးလေး ကလယ် ကလယ်ဖြင့် confirm ဖြစ်အောင် ထပ်မေးရသည်။

"အစ်မ ... အစ်မ ... တကယ် ... တ ... ကယ်ကြီးကို ဒီစာအုပ်က သူရေးတာလား"

"ဟုတ်ပါတယ်ဆို။ သူက အစ်မညီမဝမ်းကွဲလေ။ အဲဒီစာအုပ်ရေးတာလည်း သူပဲ။ ချက်တာတွေကလည်း သူပဲ"

ကောင်းက မယုံကြည်နိုင်စရာကောင်းသော အခြေအနေအတွက် တကယ်ပဲ အသက်ရှူမဝ ဖြစ်ရလေသည်။ လောကကြီး ဘာတွေဖြစ်ကုန်တာပါလိမ့်။

"ဝင်မှာလား။ လာလေ ... မင်း သင်တန်းတက်ချင်တယ်ဆို လာပါ"

ကောင်းက ဒွိဟဖြစ် ဝေခွဲရခက်စွာ ခဏလေးငြိမ်သက်သွားသည်။ ဆေးကျောင်းသားဘဝအပြင် တခြားဘဝတစ်ခုကို ရွေးပါလို့ သူ့ကို choice တစ်ခု ပေးလာခဲ့မယ်ဆိုရင် သူက five star အဆင့်ရှိ နာမည်ကြီးဟိုတယ်တစ်ခုရဲ့ chef (စားဖိုမှူး) တစ်ယောက်အဖြစ် ရပ်တည်ကာ ဟင်းလျာများကို ဖန်တီးချင်တာဖြစ်သည်။

ဒီ Romantic Food Menu စာအုပ်အားကိုးနဲ့ပဲ သူ ပြောမယ် ပြောမယ်နဲ့ ပြောမထွက်ခဲ့သော ရည်းစားစကားကို သေသပ်လှပစွာ လဆန်း သဘောကျတဲ့အထိ performance တောင် လုပ်ပြနိုင်ခဲ့သည်။ ဒီစာအုပ်ထဲက ဟင်းချက်နည်းဆန်းဆန်းတွေ၊ ရိုးရိုးသာမန်စားဖူးနေကြ ဟင်းကိုတောင် နာမည်ဆန်းဆန်းပေး၍ စားချင်စိတ် ဖြစ်လာအောင် ဆွဲဆောင်တတ်ပုံ။ အဲဒီဟင်းနဲ့ လိုက်ဖက်လှလေသော အတွေးအခေါ်တွေ ထည့်ပေးထားကာ လူငယ်တွေတောင် သဘောကျရတဲ့ ဟင်းချက်နည်းစာအုပ်





ကို ရေးသူဟာ အင်မတန်မှ အမြင်ကတ်ဖွယ်ကောင်းသော၊ ခြေတတ်သော လေဒီဂါဂါလို ကိုးရိုးကားရားဆန်သော အဲဒီ ဆိုင်ပိုင်ရှင်မ ဖြစ်နေတာက တော်တော် ဆန်းကြယ် လွန်းလှပေသည်။

ကောင်းက အင်မတန် တက်ချင်တဲ့ဆန္ဒ ရှိလွန်းလို့ တကူးတကတောင် စာအုပ်တိုက်အထိလာ၍ form လာတောင်းထားတာဖြစ်သည်။ သူ ဖြစ်ချင်တဲ့ဆန္ဒ။ ပြီးတော့ လဆန်းကို ဆပ်ပရိုက်စ်ဟင်းလျာတွေ ဖန်တီးပေးချင်တဲ့ ဆန္ဒကြောင့် သူက တကယ်ပဲ ဝေခွဲရခက်နေတာပဲ ဖြစ်သည်။

"ဟေး ... ဘာတွေ စဉ်းစားနေတာလဲ။ ဘာလုပ်မှာလဲ"

မယမုံက နောက်တစ်ကြိမ် pressure ထပ်ပေးလေလျှင် ကောင်းက မဖြစ်မနေ decision (ဆုံးဖြတ်ချက်)ချလိုက်ကာ ခေါင်းညိတ်ပြ၍ အိမ်ထဲဝင်လာလိုက်သည်။

အလုပ်ညှိခန်းတွင် အမြင်ကတ်စရာ ကောင်းလှစွာ ခြေထောက်ကို မီလီယံနာသူဌေးမ အထာဖြင့် ချိတ်၍ မျက်နှာကြောကတော့ အဲလိဇဘက်ဘုရင်မရဲ့ အချိုးအချိတ်နဲ့ မော်ချီထားတာဖြစ်သည်။

ကောင်းက ခပ်ပြတ်ပြတ်ပင် လိုရင်းစကားတစ်ခွန်းကို မေးလိုက်တော့သည်။

"မင်းသင်တန်းကို ငါ တက်ချင်တယ်။ အဲဒီအတွက် မင်း သင်ပေးစ ကြိုက်သလောက်တောင်းပါ"

"အိုး … အိုး … နိုး … နိုး။ ရှင် စကားပြောလွဲနေပြီ။ ဒီမှာ … သင်တန်းဆိုတာ ခေါင်းစဉ်တပ်ထားတာပဲ။ တကယ်တမ်းက ကျွန်မက seminar လိုမျိုး worshop လိုမျိုးလေး ဖွင့်ချင်တာ။ သူတို့ဆီက ပညာတွေ၊ ကိုယ့်ဆီက ကိုယ်သိသလောက် မှတ်သလောက်လေးတွေ ပြောပြချင်တာ။ သင်ပေးမှာ မဟုတ်ပါဘူး"

"ကဲ … ဟုတ်ပါပြီ။ အဲဒါကိုပဲ ပြောချင်တာပါ။ ငါ ပွင့်ပွင့်လင်းလင်း ပြောမယ်။ ဒီ Menu book က ငါ ခရေဇီအဖြစ်ဆုံး စာအုပ်ပဲ။ ဒီစာအုပ်မှာ ရက်တိုသင်တန်းလုပ်မယ်ဆိုတာသိလို့ ငါ ဝါသနာပါလို့ လာတာ …

အဲဒီအတွက် ငါ ဘာလုပ်ရမှာလဲ။ မင်းတို့ပေးတယ်ဆိုတဲ့ form ရှိလား မရှိဘူးလား။ အဲဒါပဲ သိချင်တာ"





ကောင်းက စိတ်မရှည်တော့စွာဖြင့် ဘုဆတ်ဆတ် မေးလိုက်လျှင် သူမက ပြုံးမြမြ မျက်နှာထားဖြင့် သူ့ကိုကြည့်၍…

"အံ့ဩစရာ။ လေက မိုးပေါ်ရောက်နေတယ်။ ဟုတ်ပြီ … ရှင်မေးတာကို ဖြေရမယ်ဆို form က ကုန်သွားပြီ။ သတ်မှတ်ထားတဲ့ လူအယောက်တစ်ရာကို သုံးသုတ်ခွဲပြီး ရက်တို သင်တန်းဖွင့်ဖို့ကလည်း လုပ်ပြီးသွားပြီ။ ဒါပေမဲ့ ရှင် တကယ်ကြီး ဝါသနာပါတယ်ဆိုရင်တော့ ကျွန်မက ကူညီတတ်တဲ့ စိတ်ကောင်းစေတနာမျိုး ရှိတတ်ပါတယ်"

ကောင်းက စိတ်ထဲမှာတော့ ဖုသွားရပေမယ့် တကယ်တမ်းမှာတော့ သူ့စိတ်ထဲ တကယ်တက်ချင်နေတဲ့ စိတ်ဆန္ဒတစ်ခုကြောင့် အတတ်နိုင်ဆုံး စိတ်ကိုချွဲဆန့်၍ ရှည်ထားလိုက်ရသည်။

"အဲဒါဆိုတော့ မင်းက သင်တန်းကို လက်ခံပါမယ်လို့ ဆိုလိုချင်တာလား"

"ရှင်က တကယ်ဝါသနာပါလို့ တက်တာ ဟုတ်၊မဟုတ် အဲဒါလေးတော့ နားထောင်ကြည့်ချင်သေးတယ်။ ပြောကြည့် ကြည့်ပါဦး"

"ဒီသင်တန်းကို တကယ်တက်ချင်စိတ် မရှိဘဲနဲ့ စာအုပ်တိုက်အထိ ဘယ်သူကမှ ကားအကျပ်ခံ ဆီအကုန်ခံပြီး ဒီအလကားပေးတဲ့ form ကို လာမယူဘူး။ အဲဒီတော့ မင်း ပြောသလိုပဲ စဉ်းစားကြည့်ကြည့်လိုက်လေ"

သူက စိတ်ပေါက်လာတာကြောင့် အဲဒီဆိုင်ပိုင်ရှင်မရဲ့ flow အတိုင်း ပြန်ပြောလိုက်လျှင် သူမက အပြုံးတစ်ခုနဲ့အတူ ခေါင်းဆတ်ပြလိုက်ကာ ...

"ကောင်းပြီလေ။ ပုံမှန်အတိုင်းဆိုရင်တော့ စည်းကမ်းက စည်းကမ်းပါပဲ။ ရက်တိုသင်တန်းအတွက် free form တွေကို ဝယ်တဲ့ကိုယ်စားလှယ်ဆိုင်တွေကို ပေးထားပြီးသား။ အခု ရှင်က တကယ့်ကို တက်ချင်စိတ်ရှိနေတဲ့ အခါကျတော့ ကျွန်မ ကူညီလိုက်ပါ့မယ်"

ကောင်းက အဲဒီအတွက် ဝမ်းသာသွားရကာ ကျေးဇူးတင်စကားပြောဖို့ ပါးစပ်အပြင်မှာပဲ သူမဆီက စကားသံက ထပ်ထွက်လို့ လာလေ၏။





"ဒါပေမဲ့ အခုမဟုတ်ဘူး။ နောက်တစ်ခု လုပ်ဖြစ်မယ့် သင်တန်းကျရင်"

ကောင်းက "ဘာ"ဆိုတဲ့ အာမေဍိတ်နဲ့အတူ ဒေါသဘကယ်ဖြစ်သွားရတာပဲ ဖြစ်သည်။

လွန်တယ်ကွာ။ ဒီမိန်းမလွန် တာကတော့ အရမ်းကို လွန်တာပဲဖြစ်သည်။ ကောင်းက သည်းညည်းက ဘယ်လိုမှခံနိုင်ရည်စွမ်း မရှိတော့စွာ ပြန်ကောပစ်လိုက်တော့သည်။

"ဟား... မင်းက ဘယ်လိုမိန်းကလေးမျိုးလဲ။ မင်း သူများ မျှော်လင့်ချက်တွေကို အဲဒီလိုမျိုးပဲ လိုက်ဖျက်ဆီးနေတာလား။ အဲဒီလို သူများကို အရှက်ခွဲလိုက်ရမှ သူများကို နောက်လိုက် ပြောင်လိုက်ရမှ မင်းက နေသာ ထိုင်သာ ရှိတာလား"

"အမယ်လေး ... ကက်ကက်ကိုလန်နေအောင် စွာကျယ်နေတာမှရှင်။ ကျွန်မလည်းလေ ရှင့်လိုယောကျ်ားလေးမျိုးလည်း တစ်ခါမှ မတွေ့ဖူးပါဘူး"

"ကဲ ... ကဲ ... တော်ကြပါ။ ပြောချင်တဲ့စကားက လိုရင်းကို မရောက်တော့ဘူး။ ကဲပါ ... ဒီက မောင်လေးကလည်း စိတ်လျှော့ပါ၊ ချိုလက အဲဒီလိုပဲ သူက နောက်ရွှတ်ရွှတ်က အမြဲပြောနေကြ။ အဲဒါကြောင့် စိတ်ထဲမထားပါနဲ့။ ချိုလ နောက်မနေနဲ့တော့"

"ကောင်းပြီလေ။ စဉ်းစားကြည့်တာပေါ့။ ရှင့်ဖုန်းနံပါတ်ပေးထားလိုက်"

ကောင်းက ပထမ အစကတော့ မတက်တော့ဘူးလို့ တွေးထားလိုက်သေးသည်။ ဒါပေမဲ့ အဲဒီလိုကြီး နောက်တစ်လှမ်းဆုတ်တာကြီးက သူ့အတွက် အရှုံးပေးလိုက်ရသလို ယူဆရကာ အဲဒီ ပိုင်ချိုလမင်း ဆိုသူကို သေချာ တစ်ချက် စိုက်ကြည့်၍ ခေါင်းညိတ်ပြလိုက်သည်။

❖ ❋ ❖





## ၁၉

မော်ကွန်းက ဒီနေ့ ကျောင်းတစ်ရက်နားတုန်းမှာ တွေ့ချင် မြင်ချင်လှပါလေသော လမင်းလေး ရှိရာသို့ တကူးတက ကြီးကို အချိန်ပေးသွားရတာဖြစ်သည်။ သူရောက်တော့ လမင်းက Kitchen ထဲမှာ ထုံးစံအတိုင်း သူမရဲ့ item အသစ်အတွက် ဟင်းအသစ်တွေ အတွေးအခေါ်သစ်တွေ ဖန်တီးနေတာဖြစ်၏။

"အကြောင်းမကြား ဘာမကြားနဲ့ နင်က ဘယ်လိုက ဘယ်လို ရောက်လာရတာလဲ"

"ဒီနေ့က ဆန်းဒေးဆိုတော့ အိမ်မှာပဲ နင် ရှိမယ်ဆိုတာ ကြိုသိနေတယ်လေ။ အဲဒါကြောင့် ထွက်လာတာ"

မော်ကွန်းက baby corn လေးတွေကို ချိုလအတွက် အိတ်ခွံကလေး ဖြုတ်ပေးရင်က ချိုလက အိမ်မှာနေရင်းတောင် လန်းထွက်နေအောင် ဆင်ထားတဲ့ ဒီနိုင်းမို့ သူက အကဲခတ်သလို ကြည့်ရင်းက ...

"ချိုလ ... ဒီနေ့ တယ်ပဲလှပနေပါလား။ ဘယ်သွားမလို့ တုံး"

"အင် ... ဓညာနေရင် ငါ့သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာလေးရှိလို့ အပြင်သွားမလို့"

"ဟင် ... ငါ လိုက်ခဲ့ပေးမယ်လေ"

"မလိုပါဘူး။ ရပါတယ်။ ငါ ကားလည်းမောင်းတတ်တယ်။ မလိုက်ခဲ့နဲ့။ ဒီမှာပဲ ထမင်းစားသွားလိုက် ငါ ပုစွန်ပေါင်းပြီး အစပ်ချက်ထားတယ်။ ပြီးရင် အိမ်ပြန်ပြီး စာပြန်ကျက်တော့"

မော်ကွန်းက သူ့အတွက်တောင် အစီအစဉ်တွေ ဆွဲပေးနေသော ချိုလကို မသက်သာသလို အကဲခတ်ကြည့်လိုက်ရင်းက မေးကြည့်လိုက်ရလေသည်။





"ချိုလ ... နင် အခုသွားမှာဆိုတာ ယောကျ်ားလေးလား မိန်းကလေးလားဟင်"

"ယောကျ်ားလေး"

သူ့မျက်နှာကို တည့်တည့်ကြည့်ကာ ခပ်တည်တည် ပဲ ဖြေတဲ့စကားကြောင့် ကြေကွဲရတဲ့သူက သူပဲဖြစ်၏။ ချိုလက အဲဒါကတော့ ရက်စက်ပါသည်။ သူ့ဘက်က အမြဲဖျော်လင့်သူ အနေအထားဖြင့် သူမလိုအပ်သမျှ ဖြည့်ဆည်းပေးသော နှလုံးသား မျိုးထားကာ သူမကို ချစ်ခဲ့တာတောင် ချိုလကတော့ သူ့အပေါ် ကိုဆို အလွန်တရာမှ ရက်စက်လွန်းလှပါသည်။

"နင့်မှာလေ ငါ့ကို သူများတွေကို သနားသလိုမျိုးလေး နင် တစ်ချက် သနားတတ်မယ်ဆိုရင် ငါ နင့်ကို ဘယ်လို ကျေးဇူးတင်ပေးရမှန်းတောင် သိမှာမဟုတ်ဘူး"

သူ့ရဲ့ အဲဒီအပြောအတွက် ချိုလက သဘောတကျ ဖြင့် ရယ်မောကာ သူ့နဖူးကို လက်ညှိုးဖြင့် အသာတွန်းလွှတ် လိုက်ရင်းက ...

"နင် အဲဒီလို ကျေးဇူးတင်မှာကို ငါက အားနာလို့လေ။ ဟက် ဟက်။ ကဲ ... ငါ သွားတော့မယ်"

သူ့ဘက်က ဘယ်လိုပဲပြောပြော ချိုလက လုံးဝ အေးရာအေးကြောင်းမို့ မော်ကွန်းက စိတ်ထဲမှ ခံနိုင်ရည်အားမရှိတော့သလို J ဝင်လာကာ ချိုလရဲ့လက်ကို လှမ်းဆွဲ၍ မနိုင့်နိုင်ရာ ဆွဲထားသည်။

"ချိုလ ... နင် အဲဒီလို လျှောက်လိမ့်နေရင် နင့်ရဲ့ image ကို ထိခိုက်လိမ့်မယ်။ နင်က အခု အောင်မြင်နေပြီ။ မသွားနဲ့ တစ်ယောက်တည်း ငါလိုက်ပို့မယ်"

သူ့ရဲ့တားမြစ်မှုအဆုံးမှာတော့ ချိုလဆီက သဘောတကျဖြင့် ဟက်ဟက်ပက်ပက် ရယ်မောသံတစ်ခု ထွက်လာကာ သူ့ကို အသည်းခွဲသွားတော့သည်။

"ဟက် ... ဟက် ... ဒီယုံမြင်လို့ ဒီချိုကို ငါပဲထွင်ခဲ့တာပါ သားကြီးရာ။ အဲဒါကြောင့် ငါ့စာအုပ်မှာ ငါ့ဓာတ်ပုံကို မထည့်ခဲ့တာပေါ့ကွ။ ဒီနည်းနဲ့တော့ လာမချုပ်နဲ့ ... I'm the best ဟား ဟား ... Bye"

ချိုလက သူ့ကို ပလစ်ခဲ့ချိန်မှာ သူက တကယ့် စိတ်ပင်ပန်းရခြင်းဖြင့် လေပူတစ်ချက်သာ မှုတ်ထုတ်နိုင်ခဲ့ပါသည်။

❖ ❋ ❖





ကောင်းက ခေါင်ကို့ဆော်လေး ဘတ်ဒေးအတွက် မွေးနေ့လက်ဆောင် လာဝယ်တဲ့ဆီကို အဖော်အဖြစ် ဒီနေ့လိုက်လာပေးကာ သူကိုယ်တိုင်လည်း လဆန်းကို ဘာ present လေးများ ပေးရကောင်းမလဲ တွေးရင်း စဉ်းစားရင်းဖြင့် သူပါ Ocean ထဲ ဟိုကြည့် ဒီကြည့် လျှောက်ကြည့်နေပေမယ့် လက်ဆောင်ပေးချင်စရာက ဘာမှ မယ်မယ်ရရ မရှိချေ။ လက်ဆောင်ပေးချင်စရာတွေက များစွာရှိနေပေမယ့် သူ့စိတ်ထဲမှာကတော့ လဆန်းအတွက် သူကိုယ်တိုင် အမြတ်တနိုး ချက်ပေးကာ ဖန်တီးထားတဲ့ ဟင်းမျိုး စားစရာမျိုးကိုသာ သူက သဘောတွေ့လေသည်။

"ဟေ့ကောင် ... မင်းနဲ့ လဆန်း အခြေအနေကကော"

"မမေးချင်စမ်းပါနဲ့ကွာ။ ဟိုသီချင်းလိုပဲ ငါ့ကို လုပ်နေတယ်လေ။ အချစ်ရေးလား xxx အခုချိန်ထိ xxx စမ်းတဝါးဝါး

မသေချာ xxx ငါ အပျိုကြီးဖြစ်မှ xxx နင်တို့ကလေးတွေ ထိန်းပေးမယ်လေဟာ ဆိုတဲ့ အထာကြီးနဲ့ ငါ့ကို BFF လုပ်နေတာဟေ့။ အဖြူအမည်း မသည်းကွဲချက်ကတော့ ဆယ်တန်းတုန်းက အတိုင်းပဲ"

"အွန် ... ဒါနဲ့များ မင်းက ဟိုတစ်နေ့က ဘဲဥနဲ့ ပြောင်းဖူး status တွေ တင်နေတော့ ငါက မင်းတို့နှစ်ယောက် ဓေ သွားပြီတောင် ထင်နေတာ"

ကောင်းက အပြုံးတစ်ခုနဲ့အတူ အောက်ထပ်သို့ ဆင်းလာကာ ကြက်ကြော်နဲ့ဘာဂါစားဖို့ lotteria ထဲကို ဝင်တဲ့ အချိန်မှာ သူနဲ့ အဝင်အထွက် ဆုံလိုက်တဲ့သူကတော့ ပိုင်ချို လမင်းပဲ ဖြစ်သည်။ ဘေးမှာလည်း ဘဲတစ်ဗွေနဲ့ဖြစ်၏။ သူနှင့် မျက်လုံးချင်း တစ်ချက်အဆုံမှာပင် ဇင်ကိုရဲ့နှုတ်ဆက်သံကို ကြား လိုက်ရ၏။

"ဟာ ... ချိုလပါလား။ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတယ် လို့။ ဈေးလာဝယ်တာလား"

"အင်း ... သူငယ်ချင်းနဲ့ ဒီမှာ ကြက်ကြော်လာစားတာလေ။ ပြန်တော့မှာ၊ နင်ရော ဘယ်လာတာလဲ"





"ဒီမှာလေ သိရီအတွက် ဘတ်ဒေးပရဲဆင့် လာဝယ်တာ။ သိရီ ဘတ်ဒေး နင့်ကိုလည်း ဖိတ်ထားသေးတယ်မှလား"

"အင်း ... အဲဒီကျမှ တွေ့တာပေါ့။ သွားဦးမယ်။ ဟေ့ ... သွားမယ်နော် ဆေးကျောင်းသား"

ကောင်းက မသိချင်ယောင်ဆောင်နေသလိုမျိုး ဘာသိ ဘာသာ နေ့နေတာကို တမင်ရိုးတဲ့အနေဖြင့် သူမက ဇင်ကိုနဲ့ စကားပြောအပြီးမှာ သူ့ကို တမင်နှုက်ဆက်သွားကာ ထွက်သွား လေသည်။ အဲဒီအတွက် တအံ့တဩဖြစ်၍ ကျန်နေခဲ့သူကတော့ ဇင်ကိုပဲဖြစ်ကာ သူ့ကို အကဲခတ်ရင်း ...

"ဟား ... ကောင်းလှချည်လား။ အကွက်က ဘယ်တုန်းက ရွေ့သွားတာလဲ။ တို့ကွင်းနဲ့တောင် မင်းက သိနေတယ်"

ကောင်းက ဖြေရှင်းချက် ထုတ်မနေသေးဘဲ ဆိုင် ထဲဝင်လာလိုက်ကာ ကြက်ကြော်တစ်ခြမ်းနဲ့ဘာဂါမှာကာ ဗန်းကို သယ်လာ၍ နေရာလွတ်တစ်ခုမှာ ဝင်ထိုင်ပြီးသွားမှ သူက သိချင်တာကို မေးခွန်းအရင် ပြန်ထုတ်သည်။

"နေစမ်းပါဦးကွ။ သူက မင်းတို့ကျောင်းကလား"

"ဟား … ဟုတ်တယ်လေကွာ။ ငါတို့ အီကိုရဲ့ကွင်း။ Lady Queen ပဲပေါ့ကွာ။ နေစမ်းပါဦး။ ငါမေးတာ မင်း အရင်ဖြေဦးလေကွာ။ မင်းနဲ့က ဘယ်လိုသိတာလဲ"

"ငါ့ကျောင်းကို သူ တစ်ခါလာတုန်းက ဆုံဖူးတာပါကွာ။ ဩော် … ဒါနဲ့ … သူက ဟို Romantic Food Menu ကိုရေးတဲ့ စာရေးဆရာမ ဝိုင်ချိုလမင်းလား"

"Right that ။ မင်းက ဒီလောက်ထိ သိနေတယ်ဆိုတော့ ဘာလဲ မင်းတို့နှစ်ယောက်က အီစီတွေလား။ ဂေါက်မနေ စမ်းပါနဲ့ကွာ။ သူက ဆရာမကြီးကွ။ မင်း လဆန်းကိုမျှော် ရတာထက် ဆိုးသွားလိမ့်မယ်။ ငါတောင် မစောင့်နိုင်လို့ တပ်ခေါက်ပြန်သွားရတာ။ ချိုလက ဘဲတွေအားလုံးကို ပြုံးပြုံးလေးနဲ့ အချိုသပ်သွားနိုင်တာကွ။ ငါတို့ ကျောင်းမှာတော့ သူက Double eco queen လေ …

ချောလို့ မေဂျာရဲ့ Eco queen ဖြစ်တယ်။ ကိုကိုတွေကို အီတတ်တဲ့ ဆရာမကြီးမို့ အီကိုကွင်း ဖြစ်သွားတယ်။ မင်း စဉ်းပြီးစားနော်"





ကောင်းက ဝိုင်ချိုလမင်းရဲ့ အတ္ထုပ္ပတ္တိ နားထောင်ရင်း ပခုံးတစ်ချက် တွန့်မိသွားသည်။ မင်းက ဂေါ်လီလား ရှော်တီ။

ကောင်းက ထိမထင် ဆတ်ဆတ်ကြဲ ပုံစံတွေကို ပြန်မြင်လာကာ သူမပိုင်ဆိုင်ထားသည့် professional life ဟာ အင်မတန်မှကို နူးညံ့သိမ်မွေ့ခြင်းများ ပေါင်းစပ်ပါဝင်သော အချက်အပြုတ် သိမ်းထုပ်သေချာဆိုသလို အိမ်ရှင်မတွေရဲ့ leader တစ်ယောက် ဖြစ်ပေမယ့် အဲဒီ life နဲ့ တခြားစီ character ရှိသော ဝိုင်ချိုလမင်း ဆိုတဲ့ တစ်ယောက်ကို သူ စိတ်တော့ဝင်စားမိသွားသည်။

"သူက အဲဒီလောက်တောင် ဂေါ်လီကျတာလား"

"လီချက်ကတော့ ဂျက်လီပါကွာ။ သူ့အနားမှာ ဘဲတွေ တစ်ယောက်ပြီးတစ်ယောက် ကပ်နေပေမယ့် သူ့ဘက်က ခေါင်းညိတ်သဘောတူ လက်ခံထားတဲ့ဘဲ တစ်ယောက်မှ မရှိသေးဘူးနော်။ ဝိုင်ချိုလမင်းက ဂေါ်လီ။ ဒါပေမဲ့ ဖွေး တော့ မဟုတ်ဘူးနော်။ အောင်မြင်တဲ့ life ကို သွားနေတဲ့

သူ။ သူ့ရဲ့ဟင်းချက်နည်းစာအုပ်က ဒီအချိန်မှာ ပေါက်လား မပေါက်လားဆို Facebook Newsfeed တွေတိုင်းရဲ့ Status ဖြစ်နေတာပဲ ကြည့်လေ”

အဲဒါကတော့ တကယ်ပဲ ဟုတ်သည်။ အဲဒါကြောင့်ပဲ သူက ရက်တိုသင်တန်းဆိုတာကို အရမ်းတက်ချင်နေတာဖြစ်သည်။ ဒါပေမဲ့ သူ့စိတ်က ဝေခွဲရခက် ဒွိဟတွေဖြင့် ချီတုံချတုံ ဖြစ်နေရတာဖြစ်သည်။ သူနဲ့ ပြဿနာအကြိမ်ကြိမ် တက်ဖူးသော မိန်းမတစ်ယောက်ရဲ့ training အောက်မှာ သူက လေ့လာသူတစ်ယောက် မဖြစ်ချင်တဲ့ မာနကလည်း ရှိနေတာကြောင့် သူဟာ အတော်ကလေးကို အတွေးကျပ်နေရတာ ဖြစ်သည်။

အမှန်အတိုင်း တွေးမယ်ဆိုရင်တော့ ပုံမှန် flow အတိုင်းဆို ယောကျ်ားလေးနဲ့ ဟင်းချက်တဲ့အလုပ်ဆိုတာ လားလားမှမဆိုင်ချေ။ ပြီးတော့ 'သူ့လက်က မေမေပြောတဲ့အတိုင်း ပြောရမယ်ဆို ဆေးထိုးအပ်ကိုင်ပြီး လူနာတွေကို ဆေးကုကယ် တင်ပေးရမယ့် ဆရာဝန်အလုပ်ပဲဖြစ်သည်။ အဲဒီ ဆရာဝန်လောင်း ဘဝကို ပိုင်ထားတဲ့သူရဲ့ အခြားတစ်ဖက် ရူးသွပ်မှုက နာမည်





ကျော် chef တစ်ယောက်ပဲဖြစ်၏။ အဲဒါကြောင့် သူက အားတယ်ဆို ဟင်းတွေလျှောက်ချက်ကာ စားဖို့သောက်ဖို့ ပြင်ဆင်ပေးတတ်တာပဲဖြစ်၏။

“ဟော့ကောင် ... မင်းကလည်း မေးနေတယ်လေကွာ။ မင်းက သူ့ fan လားလို့”

ဇော်ကို သူ့ကို လက်အသာလှုပ်ယမ်းပြ၍ မေးခွန်း သုတ်လိုက်လျှင် ကောင်းက ခေါင်းညိတ်ပြ၍ အမှန်ဖြေလိုက်သည်။

“ဟုတ်တယ် ... သူ့စာအုပ်ကြောင့်ပဲ ငါ လဆန်းကို Romantic ဆန်ဆန် decoration ဆင် idea အသစ်တွေနဲ့ propose လုပ်နိုင်တာကွ။ ငါ့ကြိုးစားမှုကို လဆန်းက အသိမှတ်တော့ ပြုပါတယ်ကွာ။ ဒါပေမဲ့ သူက ရှော်ရှော် သွားတာ ခက်ကော”

“ဒါကတော့ မင်းရဲ့လဆန်းက အချိန်ဆွဲပြီး မူလကျီလုပ်နေ တာပါကွာ။ မင်းကလည်း သည်းသည်းလှုပ် ကြွပြနေတာ ကိုးကွ”

“အေးကွာ။ အကြံလေး ဘာလေး ပေးစမ်းပါဦး”

"အဲဒါကျပြန်တော့ ချိုလက ဆရာမကြီးကွ။ မင်း သူ့ဆီ ကသာဆို idea အသစ်တွေ၊ စာအုပ်ထဲ မထည့်ဘဲ ရှိနေမယ့် idea တွေ ရမှာသေချာတယ်"

ဖေင်ကို့ စကားကြောင့် သူ့ရဲ့ဉာဏ်အလင်းက ဖျတ်ခနဲပွင့်လာကာ သဘောပေါက်လွယ်သွားသည်။ ဟုတ်တာပေါ့။ ရက်တိုသင်တန်းမှာဆို ဘာပဲဖြစ်ဖြစ် စကားတွေထဲကနေ သူ့အတွက် လတ်ဆတ်နေတဲ့ idea တွေ ရနိုင်သည်။

အဲဒါကြောင့် သူ သေချာပေါက် အဲဒီရက်တိုသင်တန်းကို တက်ရမှာဖြစ်သည်။ အဲဒီတော့ သူ့အနေနဲ့အခိက,က ဝိုင်ချိုလမင်းကို ရှိုးဖော လုပ်မှပဲ သူ idea တွေ ရနိုင်တော့မှာဖြစ်သည်။

❖ ❋ ❖





## ၂၀

ကောင်းက ဖေင်ကို့ဆီက အင်ကွာတီရိုက်ထားကာ ဝိုင်ချိုလမင်း တက်တဲ့ ကျူရှင်အောက်မှာ သူက ကားနဲ့ကြိုရောက်၍ စောင့်နေတာဖြစ်သည်။ သူ့အတွက်ကတော့ ကြိုတင်စီစဉ်အကွက်ချထားတဲ့ တက်ကနစ်ပဲဖြစ်၏။ သူက စိတ်ရှည်ရှည်နဲ့ တောင် စောင့်စရာမလိုသော အချိန်ခဏလေးမှာပဲ သူမက လှေကားကနေ ဆင်းလာ၏။ ဘေးမှာတော့ သူမအနားမှာ ကပ်အီနေတဲ့ ဘဲတစ်ဖွေကို တွေ့ရသည်။ အင်းပေါ့ ... လေဒီကလည်း အီစီချင်စရာကိုး။ ဝတ်ထားတဲ့ ဒီဇိုင်းကတော့ မိုးပေါ်ရောက်နေကာ လန်ထွက်နေတာဖြစ်သည်။ ဘက်စကက်သော

စွပ်ကျယ် မိုးပြာရောင်ကို ဒူးအတိကျင်းပန်လ်နဲ့ လုံးဝငေါ်လီပဲဖြစ်သည်။

ကောင်းက စီစဥ်ထားတဲ့အတိုင်းပဲ သူ့ရဲ့ Dior ရေမွှေးပုလင်းကိုယူကာ ကားပေါ်က ဆင်းလိုက်သည်။ ပြီးတော့ သူ့ရဲ့ဦးထုပ်ကို ငိုက်စိုက်ချကာ ရေမွှေးပုလင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း သူမဆီသို့ ခပ်သွက်သွက် လျှောက်လာကာ ဝင်တိုက်ပစ်လိုက်ကာ ပုလင်းပါ အကျကွဲ ခံလိုက်သည်။

"ဟား ... ဘယ်လိုဖြစ်တာလဲ"

"ဟာ ... သွားပါပြီဗျာ။ သွားပါပြီ"

အဲဒီအသံက စည်းဝါးကိုက်ထားသလို တစ်ပြိုင်နက် ထွက်လာတာဖြစ်သည်။ သူက ကျကွဲသွားတဲ့ ရေမွှေးပုလင်းကို လမ်းမမှာ ငုတ်တုတ်ထိုင်ကာ ကြည့်ရင်း ကြေကွဲပြလိုက်လျှင် သူမက သူ့ကို ဘာလဲကြည့်နေတုန်း သူက အိုက်တင်အပြည့် ထည့်၍ ဆတ်ခနဲ ကြည့်လိုက်ရင်း ...

"ဒီမှာ ... မင်း ဘယ်လိုလုပ်လိုက်တာလဲ။ ဩော် ... မင်း"

"ရှင် ... ရှင် ဒီဘာလာလုပ်တာလဲ"





"လမင်း ... ဘာတွေလဲ"

"နေ ... နေ ... ရဲခေါင်။ နင် သွားတော့လေ။ ဒါ ငါ သုံးငယ်ချင်းပါ"

"ဒါပေမဲ့ ..."

"Noporblem ... ရတယ်"

သူမရဲ့ ဘဲမဟုတ်တဟုတ်က ထွက်သွားမှ သူက အိုက်တင်တွေ ခတော့တာပဲ ဖြစ်သည်။

"ကဲ ... မင်းတို့ပြောနေတာကို စောင့်ပေးနေတာကြာပြီ။ ငါ ပြောလို့ရပြီလား"

သူ့စကားအဆုံးမှာ သူမက ဆတ်ခနဲ သူ့ကိုပြန်သည့်ကြည့်ရင်း ...

"ဘာလဲ။ နေစမ်းပါဦး။ ရှင်က ဘာကိစ္စ ကျွန်မကိုဘလိုင်းကြီး လာတိုက်ရတာလဲ။ ဘာလဲ ... ဇာတ်လမ်းလာလုပ်တာလား"

ကောင်းက ဘဝင်တွေ ခေါင်ခိုက်နေတဲ့ အဲဒီမေးခွန်းအတွက် သဘောတကျ ပြုံးလိုက်ရင်း ...

"ဟက် ... ဟက်။ ဘဝင်တွေ အဲဒီလောက် မြင့်မနေစမ်းပါနဲ့။ အခု မင်း ဒီကိစ္စကို ဘယ်လိုရှင်းမလဲသာပြော"

"ဘာလဲ။ ဘာကို ရှင်းရမှာလဲ"

"ဟား ... မင်း မမြင်ဘူးလား။ မရှုမိဘူးလား။ ဒီမှာ ရေမွှေးပုလင်း ကျကွဲသွားပြီ။ အဲဒါ မင်းကြောင့်လေ"

"အိုး ... အဲဒါ ရှင်ဝင်တိုက်တာလေ။ ကျွန်မနဲ့ ဘယ်နေရာများ ဆိုင်နေလို့လဲ။ ရှင်က အနောက်ကနေ ဝင်တိုက်ပြီး ကိုယ့်ဘာသာ လွှတ်ကျတာလေ"

ကောင်းက အဲဒီအတွက် သူမက ဒိုးဆိုလည်း သူက ဖွတ်ဆွဲစိပစ်လိုက်သည်။

"ဟား ... ဝင်တိုက်တာမှ မဟုတ်တာ။ မင်းတို့က ရှေ့ကနေ မတော်မနန်း သွားနေတာလေ။ ကဲ ... အဲဒါထားပါ။ အခု ဒီကိစ္စ မင်း ဘယ်လိုရှင်းမှာလဲ။ ဒါ Dior နော်။ တစ်သိန်းနီးပါးရှိတယ်။ ပြီးတော့ ဒါက ငါ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့သူဆီက ရထားတဲ့လက်ဆောင်။ ငွေနဲ့ တန်ဖိုးဖြတ်လို့ မရဘူး"





သူ့ရဲ့စကားအဆုံးမှာ သူမက ဟက်ခနဲ တစ်ချက်ရယ်ကာ ...

"ဟက် ... ဟက် ... တော်တော်ရယ်ရတဲ့ ဟာသပဲ။ ဒီမှာ နင်က အခု ငါ့ကို အလျော်တောင်းနေတဲ့ သဘောလား"

"သဘော မဟုတ်ဘူး။ အတည်ပြောတာ။ မင်းကြောင့် ငါ့ရဲ့အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတစ်ခု ဆုံးရှုံးလိုက်ရပြီလေ။ အဲဒီအတွက် မင်း တစ်ခုခုတော့ ပြန်လျော်ရမှာပေါ့"

ကောင်းက ခပ်ပြတ်ပြတ် ပြောလိုက်သောစကားအတွက် သူက သူ့ကို တစ်ချက်စိုက်ကြည့်ကာ ...

"ရှင်က ဘလိုင်းကြီးကို ဇာတ်လမ်းတွေ လာဆင်နေတာပဲ။ ဒီကိစ္စက ကျွန်မနဲ့ ဘာမှမဆိုင်ဘူး။ လာကြောင်မနေနဲ့"

"ဟော့ ... ဟော့ ... မင်း ဒီလိုထွက်သွားလို့ မရဘူး။ ဒါ မင်းမှာ တာဝန်ရှိတယ်နော်"

"ဟား ... တော်တော် နားငြီးတာပဲ။ ကောင်းပြီ။ ဒီလောက်ကတော့ ကျွန်မက ဘာမှဖြစ်သွားမှာ မဟုတ်ဘူး။ ဘယ်လောက်လျော်ရမလဲသာ ပြော"

ကောင်းက လိုချင်တဲ့ခွင်ထဲတော့ တည့်တည့်ကို ရောက်လာပြီဗို့ သဘောကျ ကျေနပ်သွားကာ သူတွေး၍ အကွက်ချထားသည့်အတိုင်း စကား ဆက်လိုက်သည်။

"မင်းကို ပြောပြီးသွားပြီပဲ။ ငွေနဲ့ တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ ငါ့အတွက် လက်ဆောင်ပါဆို။ ရေမွှေးတစ်ပုလင်း ဒီပုံစံ အလားတူ ထပ်ဝယ်လို့ ရမှန်းသိတယ်။ ဒါပေမဲ့ feel ကျဲသွားပြီကွ"

"အိုး ... ဂေါက်ဘဲ။ အိုခေလေ။ ဘာစကားတွေ ဝေ့နေတာလဲ။ ပြောလိုက်တော့ ... ရှင် ဘာကို ပြောချင်နေတာလဲ"

လူကဲခတ်မညံ့တဲ့ သူမကလည်း သူ့ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်၍ ဒဲ့မေးလိုက်လျှင် သူက သိပ်ပြီးရှည်ရှည်ဝေးဝေး စဉ်းစားလို့ မနေတော့ဘဲ ပြောလိုက်တော့သည်။

"ကောင်းပြီလေ။ ဒါ ငါ့အတွက် တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခု ဆုံးရှုံးသွားရတယ်ဆိုတော့ ငွေထက် ငါ ဖြစ်ချင်တာကို ငါ လုပ်ရတာက ပိုကောင်းလိမ့်မယ်။ ဒဲ့ပဲ ပြောပါတော့မယ် ...





မင်းရဲ့ ရက်တိုသင်တန်းကို ငါ တက်ချင်တယ်"

"ဘယ်လို။ ဟား ဟား ... ဟား ဟား။ ရှင် တော်တော်ဘဝင်မြင့်တာပဲ။ ဒီစကားပြောဖို့အတွက် ဒီလောက်ဝေ့ဝိုက်ရင်းနှီးလိုက်ရတယ်။ ကျွန်မကို အောက်မကျို့ချင်တော့ အကြောနဲ့ သင်ခိုင်းလို့ရအောင် ဒီနည်း သုံးလိုက်တာပေါ့ ဟုတ်လား ဆေးကျောင်းသား။ ဟား ဟား။ အရမ်းရယ်ရတယ်"

သူ ဘာအကွက်နင်းတယ်ဆိုတာ သိလေသော သူမကို သူက စိတ်ထဲကတော့ ဘုရားဖိုးပေးလိုက်ပေမယ့် ပါးစပ်ကတော့ ထုတ်မပြောဘဲ တည်တည်ဆက်ပြောလိုက်သည်။

"မင်း ဘယ်လိုသဘောရလဲ"

"ဟား ဟား။ Ok လေ ... ရှင့်လို ဆေးကျောင်းသားကို လက်ခံရမှာပေါ့။ ဒါပေမဲ့ သင်တန်းက နောက်လမှဖွင့်မှာနော်။ ရှင့်ကို ဟိုတစ်ခါ စာအုပ်တိုက်လာကတည်းက ကြိုဆိုထားပြီးသားပါ။ ရှင့်ဘာသာ အင်တင်တင် လုပ်သွားတာ။ နောက်လထဲဖွင့်မယ့်ရက်ကို ရှင့်ဆီ ဆက်သွယ်လိုက်ပါ့မယ်"

သူက တစ်ခဏတော့ ဟုတ်မလိုလိုဖြင့် ကျေနပ်သွားပေမယ့် တကယ်တမ်း မရမှန်း သူ သတိရသွားသည်။

အဟား ... နောက်လမှာ သူ စာမေးပွဲ ရှိနေတာပဲ။

"ဟား ... ကွိုင်ပဲ။ နောက်လမှာ စာမေးပွဲရှိနေတယ်"

"ဒါဆိုလည်း မတက်နဲ့တော့ပေါ့"

"ဟား ... ဓဏ။ အဲဒီလိုတော့ မဖြစ်ဘူး။ တကယ်ဝါသနာပါတဲ့ ပညာမို့လို့ပါ။ မင်းကွာ ... ကျကွဲသွားတဲ့ ရေမြှုပုလင်းကိုလည်း အားနာပါဦးကွာ"

ဝိုင်ချိုလမင်းက သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်ရင်း ...

"ကောင်းပြီလေ ... သန်ဘက်ခါ ကျွန်မ စာရေးဖို့အတွက် ဟင်းအသစ်ချက်စရာ ရှိတယ်။ လာမယ်ဆိုရင် ကျွန်မအိမ်ကိုလာခဲ့လိုက်"

"ဟား ... တကယ်နော်။ အိမ်ဆိုတာ စာအုပ်တိုက်လား"

"မဟုတ်ဘူး။ လာရမယ့် လိပ်စာကို message ပို့ပေးလိုက်မယ်။ ရှင် ဟိုနေ့က ဖုန်းနံပါတ်ပေးခဲ့တာပဲဟာ"





ကောင်းက တကယ်တက်ရတော့မယ့် သင်တန်းအတွက် ကျေနပ်ကာ ခေါင်းညိတ်ပြလိုက်သည်။

"ကျေးဇူးပါပဲ ဝိုင်ချိုလမင်း"

"မလိုပါဘူး။ ရှင် တကယ်ဝါသနာပါမှန်း သိသာနေလို့ပါ။ တစ်ခုသိထားဖို့က ကျွန်မ အခုလို ရှင့်ကိုလက်ခံတာ ရှင် အခုခင်းလိုက်တဲ့ ဇာတ်ကွက်ကို သဘောကျလို့နော်။ သီးသန့်တက်ရတယ်ဆိုပြီး မြောက်မနေနဲ့ ဆေးကျောင်းသား"

ခေါ်သံက အခြေသံမို့ ကောင်းက သဘောကျစွာ ရယ်မောလိုက်ရင်း ကောင်းက တွေ့တာများနေပြီ ဖြစ်ပေမယ့် အသေအချာ မိတ်မဆက်ရသေးတာကြောင့် သူက ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးလိုက်သည်။

"ကိုယ့်နာမည်က ကောင်းထက်ဇော်။ ဆေးကျောင်းတက်နေတဲ့ ဆေးကျောင်းသားပါ။ nice to meet u"

"ဟက် ... ဟက်။ ဝိုင်ချိုလမင်းပါ။ Ok ... ဒါပဲမှလား။ သွားလိုက်ပါဦးမယ်"

ပြုံးမြမြ မျက်နှာထားဖြင့် သူ့ကိုရွဲ့ကာ သူမကိုယ်သူမ ပြန်မိတ်ဆက်ပေးသွားရင်း ထွက်သွားလေတော့သည်။ ဘာပဲဖြစ်ဖြစ် ဒီကနေ့ သူ့စစ်ဆင်ရေးက လုံးဝအောင်မြင်သည်။ သူ ဝါသနာပါရာကို သူ လေ့လာကြည့်ခွင့် ရတော့မည်။

ပြီးတော့ တစ်ဆက်တည်းမှာပဲ ဟင်းချက်နည်းစာအုပ်ရဲ့ပိုင်ရှင် ဝိုင်ချိုလမင်းကိုလည်း ဘယ်လောက်များ ဟင်းချက်ကျွမ်းကျင်နေမလဲဆိုတာ တကယ်ပဲ စိတ်ဝင်စားမိနေတော့သည်။

❖ ❋ ❖





# ❋ ၂၁ ❋

ချိုလဆီကို ခေါ်နေတဲ့ဖုန်း အကြိမ်အရေအတွက်ဟာလည်း မနည်းတော့သလို ချိုလရဲ့ဖုန်းထဲကို ဝင်နေမည်ဖြစ်တဲ့ missed call အရေအတွက်ဟာလည်း နည်းတော့မည် မဟုတ်ချေ။ သူ့မှာ ချိုလတစ်ယောက် အခုချိန်မှာ ဘာတွေလုပ်နေမလဲ တွေးကာ ဘယ်သူနဲ့များ ရှိနေမလဲ စဉ်းစားရကာ တကယ်ပဲ စိတ်ပင်ပန်းနေလေသည်။ ချိုလဟာ အားလုံးကို Just for fun သဘောဖြင့် အေးဆေး ပတ်သက်နေတာဟာ သူ့အတွက် စိတ်ပူစရာတွေချည်းပဲ ဖြစ်သည်။

"ဟေး... မော်ကွန်း၊ ဒီမှာ ဘာထိုင်လုပ်နေတာလဲ၊ အတန်းမတက်ဘူးလား"

သူက အဲဒီခေါသံကြောင့် မော့ကြည့်မိလိုက်လျှင် ဖွန်လဆန်း ဖြစ်လို့နေ၏။ မော်ကွန်းက လဆန်းကို တစ်ချက် ပြုံးပြလိုက်ရင်း ...

"အင်း ... တက်ချင်စိတ် ပျောက်နေလို့ ဒီမှာ ခဏလာ ထိုင်နေတာလေ"

"ဘယ်လို"

လဆန်းက သူ ပြောတာကို စိတ်ဝင်စားသွားဟန် ဖြင့် သူ့ဘေးသို့ ဝင်ထိုင်ကာ ...

"အတန်းတက်ချင်စိတ် ပျောက်နေတာ ဟုတ်လား။ နင့် စကားက အဆန်းပါလား။ နင့်ကိုကြည့်ရတာ မျက်နှာ လည်း မကောင်းပါလား။ ဘာဖြစ်နေတာလဲဟင်။ နင့်မှာ အခက်အခဲများ တစ်ခုခု ရှိနေလို့လား။ ငါ ဘာကူညီပေး လို့များ ရနိုင်မလဲဟင်"

အဲဒီလို မေးဖော်ရတာလေးကိုပဲ သူက ကျေးဇူး တင်ရစွာဖြင့် လဆန်းကို ပြုံးပြလိုက်ရင်း ...

"ကျေးဇူးအများကြီးတင်ပါတယ် လဆန်းရယ်။ ငါ ဘာမှ မဖြစ်ပါဘူး"





"ဟင် ... လိမ်တာ အဲဒါက။ ဒီလောက် မျက်နှာတစ်ခု လုံးက သုန်မှုန်ပြီး အလိုမကျဖြစ်နေတဲ့ပုံ ပေါက်နေတဲ့ဟာ။ အဲဒါကို စိတ်ညစ်စရာ မရှိပါဘူးဆိုတော့ အဲဒါလိမ်ပြော တာပေါ့ ...

ကဲ ... ပြောပါ။ ဘာဖြစ်လို့လဲ"

မော်ကွန်းက သူငယ်ချင်းကောင်း ပီသစွာ မေးလေ သော လဆန်းကို သူ့ရဲ့ရင်တွင်းပြဿနာလေးတွေကို ပြောရ ကောင်းမလား မပြောရကောင်းမလား တွေးနေစဉ်မှာပဲ လဆန်းက သူ့ကို ရှုတည်တည် တစ်ချက်ကြည့်လိုက်ရင်း ...

"ကဲ ... ပြောပါဆို။ နင် ဘာတွေ စိတ်ညစ်နေတာလဲ။ နင်က အမြဲပြုံးရွှင်ရယ်မောနေတဲ့သူပါ။ အခုမှ ဒီလိုကြီး မှိုင်တွေငေးမောပြီး သစ်ပင်အောက် လာထိုင်နေတယ်ဆို တော့ မမိုက်ပါဘူး။ ဘာဖြစ်လို့လဲဟင်။ နင့်ကို ဆရာမ ရိုက်လို့လား ဒါမှမဟုတ် နင့်အိမ်က မုန့်ဖိုးမပေးလိုက်လို့ လား။ ပြောကြည့်ကြည့်လိုက်လေ၊ ရင်ထဲပေါ့သွားအောင် လို့"

လဆန်းက သူ့ကို မပြုံးပြုံးအောင် အတည်ပေါက်တွေနောက်နေကာ သူ့ကို စိတ်ထွက်ပေါက်တစ်ခုဖြစ်အောင် ကူညီကာ နောက်နေတာကြောင့် မော်ကွန်းက အနည်းငယ်တော့ စိတ် relax တစ်ခု ဖြစ်ရသည်။

"ကျေးဇူးတင်ပါတယ် လဆန်းရာ။ ငါလည်း stress တွေ သိပ်များနေသွားတာပါ"

"တစ်ခါတလေကျ အဲဒီလိုပဲ ဖြစ်တတ်တယ်ဟ။ ငါတို့က လူငယ်ချင်းတွေပဲဟာ။ စိတ်ကို ဘောင်ခတ်ပြီးပြောဖို့ မလိုပါဘူး"

"ထပ်ပြီး ကျေးဇူးပါပဲ။ ဘာပဲဖြစ်ဖြစ် အခုလိုအချိန်မှာ နင်က စကားပြောဖော်အဖြစ် ရှိနေတာက ကျေးဇူးတင်စရာပါ။ နင့်ရည်းစား ကောင်းထက်ဖော်ကတော့ နင့်လို လူမျိုးနဲ့ဆုံရတာ ဝမ်းသာနေမှာပဲ"

မော်ကွန်းက တကယ်ဘဲ အားကျခင်မင်သောစိတ်ဖြင့် ပြောလိုက်လျှင် လဆန်းက မျက်ခုံးချိုးနှစ်ခုတွန့်လာကာ





"အမယ်လေး ... လွဲလိုက်တာမှ လက်လက်စင်ပဲ။ ကောင်းက ငါ့ရည်းစား မဟုတ်ပါဘူး။ သူလည်း ငါ့သူငယ်ချင်းပါပဲ"

မော်ကွန်းက အမှန်တရားတစ်ခုကို ကြားရတာကြောင့် အံ့အားသင့်သွားရသည်။ ဩော် ... လဆန်းနဲ့ ကောင်းထက်ဖော်က သူငယ်ချင်းတွေတဲ့။ သူက စိတ်ထဲမှာ သူတို့နှစ်ယောက်ကို သမီးရည်းစားတွေလို့ပဲ ထင်မှတ်ထားတာဖြစ်၏။

"ဩော် ... ငါက နင်တို့ကို စုံတွဲထင်နေတာ"

"ဟင်း ... မျက်မှန်ပါဝါ တက်လာတဲ့ သဘောတွေပေါ့လေ။ ကဲပါ ... နင် ဒီမှာ တစ်ယောက်တည်း ငေါင်ငေး မနေနဲ့။ ငါ ကန်တင်းသွားမလို့။ လိုက်ခဲ့မလား"

သူက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ခေါင်းညိတ်ပြလိုက်သည်။

"နင် ဒကာခံရမှာနော်။ ပြီးမှ မုန်လာဥမလုပ်နဲ့"

"ဟား ဟား ... ဒီလောက်ကတော့ အေးဆေးပါ။ ကန်တင်းသွားတာလောက်ကတော့ အေးဆေးပဲ"

မော်ကွန်းက လဆန်းနဲ့အတူတူ လမ်းလျှောက်လာ
ကာ ကန်တင်းဘက်သို့ ဦးတည်လာခဲ့တော့သည်။ ချူလ တစ်
ယောက်ကတော့ ဘယ်ဆက်သွယ်မှုရဲ့ ဧရိယာပြင်ပကိုမှ ရောက်
မနေဘဲ ဖုန်းရဲ့အနီးအနားမှာမရှိတဲ့ ဧရိယာပြင်ပကို ရောက်နေ
တာကြောင့် သူ့ဖုန်းကို အဖက်လုပ်ပြီးတော့တောင် မကိုင်နေ

ပိုင်ချူလမင်း ဆိုတဲ့ ငတိမလေးဟာ သူ့ကိုရေ
ငယ်နိုင်တစ်ယောက်လိုပဲ သဘောထားကာ သူမရဲ့ဖယားတွေ
လောက်တောင် အရေးထားပြီး ဖုန်းတောင် တစ်ချက်ပြန်မခေါ်ထား
ကြောင့် သူ့ရင်ထဲမှာ တကယ်ပဲ ခိုးလိုးခုလုဖြင့် နေမထိ ထိုင်
မသာကြီး ဖြစ်လေသည်။

❖ ✱ ❖





## ✺ ၂၂ ✺

“ဒီနေ့ ချက်မှာက ပုစွန်ကို အာလူးနဲ့ လိပ်ကြော်မယ့်
item ပဲ။ အဲဒီတော့ အာလူးကို အခွံခွာထားပြီး ဂျစ်နဲ့
အဝိုင်းပြားလေးတွေရအောင် ခြစ်ထားလိုက်”

ကောင်းက သူ့ကို တမင် lesson ပေးနေတယ်
ဆင်ရအောင် အမျိုးစုံခိုင်းနေသော အဲဒီဆိုင်ပိုင်ရှင်မကို အတော်
ကို စိတ်ကရှည်ပေးနေရတာပဲဖြစ်သည်။ အမျိုးသမီးကတော့
တကယ်ပဲ talent ပါတယ်ဆိုတာ လုံးဝငြင်းလို့မရချေ။ ဟင်းပွဲ
နဲ့လိုက်ဖက်တဲ့ idea ကို ရအောင် စဉ်းစားနိုင်တာကိုတော့ သူ
တကယ်ပဲ လေးစားရလေသည်။ ဒါပေမဲ့လည်း ဒါပေမဲ့ပေါ့နော်။

ဒီနေ့ တစ်နေ့လုံး သူ့ကို အာလူးခြစ်ခိုင်း၊ သခွားသီးလှီးခိုင်းနဲ့ပဲ ပြီးနေတာကြောင့် ကောင်းက တင်းလာရကာ မနေနိုင်တော့ဘဲ ပြောဖြစ်သွားသည်။

"ဒီမှာ ... ဒီမှာ ... ဒီကနေ့ဖို့ ချက်တော့ ချက်ဖြစ်မှာပါနော်"

"ဘာလဲ ... ရှင်က ကျွန်မကို ရန်တွေ့နေတာလား။ ရှင့်ရဲ့ ဆရာနော်။ ရိုရိုသေသေ ဆက်ဆံ"

"အမ်း ... ဟုတ်ကဲ့ပါဗျာ။ ရိုသေပါတယ်။ ရိုသေပါတယ်။ အဲဒါကြောင့် အာလူးတွေပဲ ထိုင်ခြစ်နေရတာ"

ကောင်းက အငေါ်တူး၍ ပိတ်ပြောလိုက်တာကြောင့် ချိုလက မျက်နှာကို တစ်ချက်မဲ့လိုက်ကာ သူ့ဘေးခုံသို့ ဝင်ထိုင်၍ ...

"အဲဒါ basics ပဲလေ။ ရှင့်ကို သင်ပေးနေတာ"

"ဒီမှာ အမိ။ မင်းကို ပြောရဦးမယ်။ ငါ မင်းဆီကိုလာတက်တာက ကြက်သွန်နွှာနည်း၊ ငရုတ်သီးထောင်းနည်း လာတက်တာ မဟုတ်ဘူးနော်။ ဟဲ ဟဲ ... ကြွားတာတော့ မဟုတ်ဘူး။ ငါက တော်တော်များများကို ချက်တတ်တယ်"





"အမ် ... တကယ်။ ရှင် အဲဒါဆို ဘာလို့ လာသင်နေတာလဲ။ ဘာလဲ ... ဇာတ်လမ်း လာလုပ်နေတာလား"

ကောင်းက ကိုယ့်ကိုယ်ကိုယ် တကယ်ပဲ ဘဝင်မြင့်နေသော ကိုကိုတွေကို အီတတ်တဲ့ ကွင်းတစ်ယောက်အဖြစ် နာမည်ကြီးနေသော ဝိုင်ချိုလမင်းကို သူက သဘောတကျရယ်လိုက်ရင်း ...

"ဟား ... မင်းက တော်တော်ဘဝင်မြင့်တာပဲ။ ဒီမှာ ... ငါပြောတာလေးကိုလည်း ဆုံးအောင်နားထောင်လိုက်ပါဦး။ အေးပေါ့လေ။ မင်းကို ငါ့အကြောင်းလည်း ပြောမပြောမပြ ရသေးတာ"

"ဆိုပါဦး။ အာလူးခြစ်ရင်း ပြောပြ။ ကျွန်မလည်း ပုစွန်ကို ကျောထုတ်ရင်း နားထောင်တာပေါ့"

"Ok ... ငါက ဆေးကျောင်းသား တက်နေပေမယ့် တကယ်ဝါသနာပါတာကျတော့ chef တစ်ယောက်ဖြစ်ဖို့လေ။ ငါ အရင်ကတည်းက တော်တော်များများကို ချက်တတ် ပြုတ်တတ်တယ်။ ချက်နည်း ပြုတ်နည်း စာအုပ်

တွေလည်း အကုန်လုံးလိုလို ဖတ်တာပဲ။ ဒါပေမဲ့ မင်းကို ပြောပြရင် မင်း ဘွင်မြင့်သွားနိုင်တယ်"

"ဘာလဲ ...။ ကျွန်မစာအုပ်ကို အကြိုက်ဆုံးလို့ ပြောမလို့လား။

ဟင်း ... ဟင်း။ သိပ်မတုန်လှုပ်တော့ပါဘူး"

ကောင်းက အဲဒီစကားအတွက် သဘောတကျ ပြုံးလိုက်ကာ ခေါင်းကို အသာယမ်းလိုက်လျှင် သူမက ...

"မေးပါရစေဦး။ အဲဒါဆို အခု လာတတ်တဲ့ ရည်ရွယ်ချက်က"

"ဟဲ ဟဲ ... မင်းဆီက Romantic ဖြစ်တဲ့ အစားအသောက် ချက်ပြုတ်နည်းတွေ၊ အတွေးအခေါ်တွေကို သင်ချင်လို့။ ဘာလို့သင်ချင်တာလဲဆိုတော့ ငါ့ကောင်မလေးကို အဲဒီဒိုင်တွေနဲ့ အပြေရအောင် တောင်းချင်လို့ ...

သူ့ကို propose လုပ်တုန်းကလည်း နင့်စာအုပ်ထဲကအတိုင်း ဘဲဥနဲ့ပြောင်းဖူး အဆုံးအစမဲ့ love too ဆိုတဲ့ formula အတိုင်း ရည်းစားစကားပြောခဲ့တာ"





"အိုက် ... တကယ်။ ဟား ... မိုက်လှချည်လား။ မဆိုးဘူးပဲ။ ရှင့်ကောင်မလေးအတွက် idea ပေးထားနိုင်တယ်ဆိုတဲ့ သဘောပေါ့။ အဲဒါမျိုးဆိုရင်တော့ ကူညီပေးရမှာပေါ့"

သူမရဲ့ အဲဒီစကားကြောင့် ကောင်းက အားတက်သွားရကာ ...

"တကယ်။ အဲဒါဆိုရင်တော့ ကျေးဇူးအများကြီး တင်ပါတယ်။ အဓိက,က ဒီသင်တန်းတက်တာ Romantic ဆန်တဲ့ အစားအသောက်ကောင်းကောင်းလေးတွေ ဖန်တီးချင်လို့။ အဲဒီတော့ ဝိုင်ချိုလမင်း ... အာ ... အဲဒီလိုခေါ်ရတာကြီးက ရှည်ပါတယ်။ အဲဒီတော့ သူများတွေ ခေါ်သလိုမျိုး ချိုလလို့ပဲ ခေါ်မယ်နော်။ ငါ့ကိုလည်း ကောင်းလို့ပဲခေါ်ပေါ့။ Ok"

ကောင်းက ခင်မင်ရင်းနှီးသော အထာဖြင့် peace ယူလိုက်လျှင် သူမက သူ့ကို ရွတည်တည် ဒီနိုင်းဖြင့် ပြန်ကြည့်လိုက်ကာ ...

"ဒီမှာ ... ဆေးကျောင်းသား။ ရက်တိုသင်တန်းက အချိန်က ဆယ်ရက်ပဲနော်။ ရှင်က အဲဒီဆယ်ရက်အတွင်းမှာ ကျွန်မကို ဆရာသမားတစ်ယောက်လို ရိုရိုသေသေဆက်ဆံပါ ...

အာလူးတွေ ဆက်ခြစ်ထားလိုက်။ ပြီးရင် ပုစွန်အာလူးလိပ်ကြော်နည်းကို ပြမယ်"

တောက် ... ကွာ။

ပုံစံကိုက မြောက်ကြွကြွနဲ့ ဘာအရိုးမှန်းကို မသိပါဘူး။ ကောင်းက သူ့ရှေ့ကနေ ကော့ကော့, ကော့ကော့ဖြင့် ထွက်သွားသော အဲဒီ ပိုင်ချိုလမင်းကို ကြည့်ကာ ဒေါသတွေ တလိမ့်လိမ့် ထွက်ရလေ၏။

ဟင်း ... လဆန်းကို Romantic ချင်တော့လည်း ခဏလေးတော့ သည်းညည်းခံပေးရမှာပေါ့ကွာ။

❖ ✱ ❖





ဒီနေ့ ကျောင်းကအပြန်မှာတော့ ကောင်းက ချိုလရဲ့ အိမ်သို့ သင်တန်းတက်သွားရမှာဖြစ်သည်။ ချိုလတို့အိမ်မှာက ဒေါ်လေးမေနှင့် မယမုံက သူနှင့် ပန်းတင့်ကာ သူ့ရဲ့ဆရာမ ပိုင်ချိုလမင်းကတော့ သူနှင့် ဘုဘောက်ပဲဖြစ်၏။ သင်တန်းကို သူ တက်တာက သုံးရက်တောင် ရှိပြီမို့ သူက respect တစ်ခုဖြင့် ဒေါ်လေးမေအတွက် လက်ဆောင်မုန့်ခြင်းတစ်ခြင်း စီစဉ်ကာ ဒီနေ့ သူက သွားဖြစ်တာဖြစ်၏။ သူ ရောက်တဲ့အချိန်မှာ သူမက ကျောင်းကပြန်မရောက်သေးတာကြောင့် ဒေါ်လေးမေနဲ့သာ အရင် တွေ့ရလေသည်။

"ဒေါ်လေးမေအတွက် ကျွန်တော် ဂါရဝပြုတာပါ ခင်ဗျ"

"တကူးတက အကုန်ခံလို့ ကောင်လေးရယ်။ ကိစ္စမရှိပါဘူး။ ဒေါ်လေးတို့ကို ဘာမှပေးဖို့ မလိုပါဘူး"

"အဲဒီလိုတော့လည်း မဟုတ်ဘူးလေ။ ကျွန်တော်က ဒီမှာ အလကားလာသင်တော့ ကျွန်တော့်အပေါ် ဒေါ်လေးမေတို့ ကျေးဇူးရှိသွားပြီလေ။ ကျွန်တော့်ဘက်က ဒေါ်လေးမေကို တကယ့် တရိုတသေနဲ့ ဂါရဝပြုတာမို့ လက်ခံပါဗျ"

"အေးပါကွယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ မင်းကတော့ တကယ် လူထူးဆန်းပဲနော်။ ဆရာဝန် ဘာသာရပ်နဲ့ ဟင်းချက်တာ ဘာမှမဆိုင်ဘူး။ ဘယ်လိုလဲ … ချိုလက သင်ကော သင်ပေးတတ်ရဲ့လား။ သူကလည်း ဝါသနာအရ စာလေးရေးပြီး အခုလို ရက်တိုသင်တန်း ဖွင့်ချင်တယ်ဆိုတော့ ဒေါ်လေးတို့က သူ့ဆန္ဒကို လိုက်လျောပေးရတာလေ။ အဆင်မပြေတာ ဘာညာရှိလဲ ပြောပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ … အဆင်ပြေပါတယ်ဗျ"

အဲဒီအချိန်မှာပဲ ချိုလက ရောက်လာ၍ သူ့ကိုမြင်လျှင် အမြင်မကြည်စွာကြည့်ကာ …





"ဟူး… ဆေးကျောင်းသားက အချိန်မှန်ချက် Right time ပဲ"

"Right time ရမှာပေါ့။ ဝက်ပုန်းရည်နဲ့ အချစ်ကိုဖွင့်မယ့် definition ကို စိတ်ဝင်စားနေတာကိုး"

"ဟင်း … ရှင်ကတော့ အရမ်းကို တတ်မြောက်ဦးမယ်။ ရေခဲသေတ္တာထဲမှာ ဟင်းစားတွေ ထည့်ထားတယ်။ အားလုံး ဆေးကြောစုတ်တစ်ထားပြီးသား။ ဆီသတ် ဘာညာသာရကာ ရှင် ကျွမ်းပါတယ်။ လုပ်ထားလိုက်။ အဝတ်အစားလဲလိုက်ဦးမယ်"

ကောင်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်ရင်း နောက်ဖေး Kitchen ထဲ ဝင်သွားလိုက်၏။ ချိတ်ထားတဲ့ အပြာရောင် အေပရွန်စကို ပတ်လိုက်ကာ ကောင်းက လေလေးတချွန်ချွန်ဖြင့် ရေခဲသေတ္တာထဲက ဆေးကြောသန့်စင်ထားတဲ့ ဝက်သားတွေကိုထုတ်ကာ အရင်ဆုံး ဆီသတ်ပြီး လုံးထားလိုက်၏။

"ဘယ်လိုလဲ။ အဆင်ပြေလား"

"ဟား ဟား ... ဝက်ပုန်းရည်လောက်ကတော့ မိုင်နာပါ။ ကိုယ့်အာသာကိုယ် လက်စွမ်းပြလို့တောင် ရတယ်"

"ဟား ... ဟား ...။ ဆရာ့မပြ နည်းမကျလေ။ ရှင်က ကျွန်မလက်ရာကို ဘယ်မီပါ့မလဲ"

ကောင်းက ဟင်းအိုးမွှေနေရင်းမှ အဲဒီ ရှင်တွေ ကျွန်မတွေ အခေါ်အဝေါ်ကို နားကြားပြင်းကတ်လှစွာဖြင့် ပြော မိသွားသည်။

"ဟင်း ... နင်နဲ့ငါ ပြောစမ်းပါဟာ။ ရှင်တွေ ကျွန်မတွေနဲ့ ပြောတာက ရင့်ကြောလိုက်တာ"

"ကြော ... ကြောပဲ။ မကျေနပ်လည်း လဲသေလိုက်။ အဲဒါ ကျက်ခါနီးရင် ပုန်းရည်ကြီ တွေ ဖောက်ထုတ်ထားပြီး ရေနွေးဖျော်ထား။ ရေနွေးတွေ စွတ်မထည့်နဲ့နော်။ ပါးပါး ပဲ"

"ပုန်းရည်ကြီးနဲ့ အချစ်နဲ့ ဘယ်လိုဆက်နွယ်နေလို့လဲဟင်။ နင် ဟုတ်တော့ ဟုတ်ပါတယ်နော် ချိုလ"

"သြော် ... ဟုတ်ပါတယ်။ ဒီမှာ အချစ်ဆိုတာ ဝက်သား..."





ပြောနေရင်း စကားစက ရပ်သွားတာကတော့ ချိုလရဲ့ဖုန်းလေးက ထမြည်လာလို့ပဲဖြစ်၏။ သူမက သူ့ကိုဆက် လုပ်ထားဆိုတဲ့ သဘောဖြင့် မျက်ရိပ်ပြကာ ဖုန်းကိုင်လေ၏။

"ဟယ်လို"

"………"

"အင်း ... စလေးတင်ပဲ ပြန်ရောက်တာ။ ကျော့်ဆီကိုတောင် ဖုန်းဆက်ဦးမလို့။ ကျော်က အရင်ဦးသွားတာ"

ဟင်း ... အပိုတွေ။ ကောင်းက ကြားဖူးနေကြ သူမရဲ့အိစီကလီတွေထဲက တစ်ယောက်နှင့် ဖုန်းပြောတာကို သိနေတာကြောင့် သူမကို အသာလေး လှမ်းကြည့်လိုက်မိသည်။

"ဟုတ်တယ်။ Running Man တွေ ထိုင်ကြည့်နေတာလေ။ အဲဒါကြောင့်။ အင်းပါ ... နောက်မှ ဆုံတာပေါ့"

"ဟော့ ... ချိုလ"

ဝိုင်ချိုလမင်းတို့ စွံချက်ကတော့ တကယ်ပဲ ပြော ခင်စရာဖြစ်၏။ ကောင်းက ဟင်းအိုးကြည့်ရင်းကမှ သူမ ဖုန်း ပြောတာကို နားစွင့်မိနေစဉ်မှာပင် နောက်ဖေးထဲသို့ ညေ့သည်က

ဝင်လာလေ၏။ အဲဒီညွှသည်က မော်ကွန်း ဖြစ်နေတာကြောင့် သူက မအံ့သြရသေးခင်မှာ သူ့ကို မော်ကွန်းက ပြန်အံ့သြ၍ ...

"ဟာမ် ... ကောင်းထက်ဖော်။ မင်းက ဒီကို ဘယ်လိုလုပ် ရောက်နေရတာလဲ"

"ဟဲ့ ... ဟဲ့။ သူက ငါ့သူငယ်ချင်း မော်ကွန်း။ ဒီမှာ ချက်နည်းပြုတ်နည်းတွေကို ငါ သူ့ကို ထရိန်နင် ပေးနေတာ။ နင်က ဘာလာလုပ်တာလဲ"

ချိုလက သူ့ထက်အရင်စော၍ ရှင်းချက်ထုတ်ပေးကာ သူ့ကို ကာပေးလိုက်ချိန်မှာ ဟိုကောင် မော်ကွန်းကတော့ မသင်္ကာသလို မျက်လုံးဖြင့် စိုက်ကြည့်ကာ ...

"သူငယ်ချင်း။ နင် ဟိုတစ်ခါပြောတော့ ဘာမှမဆိုင်ဘူးဆို"

"ဟုတ်တယ်လေ။ အခုဟာကလည်း ငါတို့က ရိုးရိုးသားသား ဒီမှာ ချက်ပြုတ်နေကြတာလေ။ မင်း အခုမှကျောင်းက ပြန်လာတာလား"

ကောင်းက ဝင်ပါရကာ မေးခွန်းထုတ်လိုက်တော့ မော်ကွန်းက သူ့ကို မကြည့်သလို ရှုတည်တည် စိုက်ကြည့်ကာ





ခေါင်းညိတ်ပြ၏။ အဲဒီကောင်ကိုတော့ သူက ကျောင်းမှာကတည်းက အကြောက တစ်စက်ကလေးမှ ထည့်တာမဟုတ်ချေ။ လဆန်းတစ်ယောက်က မော်ကွန်းကိုဆို favour တွေ စွတ်ပေးနေတာကြောင့် သူက အမြင်ကြည်တာမဟုတ်။ အခုလည်း လာဆုံနေဘာမို့ ကောင်းက ဒီကိစ္စကို လဆန်းကို ချွန်မှာစိုးတာကြောင့် တစ်ခါတည်း ဖြောင်ဖွင့်ပြောလိုက်ရသည်။

"ဩော် ... မော်ကွန်း။ ငါ ချိုလဆီမှာ ဟင်းချက်နည်းလာသင်တာ လဆန်း မသိဘူး။ ငါ သူ မသိအောင်တမင်လျှို့ဝှက်ထားတာ။ သူ့ကို ဆပ်ပ်ပရိုက်စ်လုပ်ချင်လို့"

"အေးပါကွာ။ မပြောပါဘူး။ ချိုလ ... အပြင်ခဏထွက်ခဲ့။ ငါ နင့်ကို ပြောစရာရှိတယ်"

မော်ကွန်းက သူ့ကို အရေးစိုက်ဟန်တောင် မပြဘဲ ချိုလကို ခေါ်လေလျှင် ချိုလက ခေါင်းတစ်ချက်ညိတ်ပြကာ သူ့ကို လှမ်းပြော၏။

"ဟင်းအိုး ကြည့်ထားလိုက်နော်။ ငါ စကားခဏသွားပြောလိုက်ဦးမယ်"

"အင်း ... အင်း"

ချိုလက အိမ်ရှေ့ဘက်သို့ ထွက်သွားလျှင် ကောင်းကတော့ သူတို့နှစ်ယောက် ဘာပြောမယ်ဆိုတဲ့ စကားထက် သူဒီမှာလာသင်နေတာကို လဆန်းသိသွားမှာကိုပဲ စိုးရိမ်နေမိလေသည်။

❖ ❋ ❖





"ချိုလ ... နင် အဲဒါတော့ တစ်ဆိတ် မလွန်လွန်းဘူးလားဟင်"

"ဘာကိုလဲ"

"ငါ နင့်ကိုချစ်လို့ သည်းခံပေးနေတာနော်"

ချိုလက စိတ်ရှုပ်စွာဖြင့် ပခုံးတစ်ချက် တွန့်ပြလိုက်သည်။ မော်ကွန်း ဘာကိုဆိုလို၍ ဘာကိုကောက်တေးဖြစ်နေတယ်ဆိုတာကို သဘောပေါက်သည်။ ဒါပေမဲ့လည်း မတတ်နိုင်ပေ။ ချိုလရဲ့စတိုင်လ်ကိုက အဲဒီလိုမျိုး ထည့်တွက်စဉ်းစားပြီး ဂရုစိုက်နေတတ်တာ မဟုတ်ချေ။

"မော်ကွန်း ... နင်က ငါ့သူငယ်ချင်းမို့လို့ ငါ ဒီလောက်ထိ သည်းညည်းခံပေးနေတာနော်။ နင် ဖောင်းလ်နေပြီ။ သွားတော့"

"နင် မဝိုက်ဘူးဟာ။ နင် လုံးဝမဝိုက်ဘူး။ တောက်"

မော်ကွန်းက ထုံးစံအတိုင်းပင် ချိုလကို အပြစ်တင် ရေရွတ်သွားကာ ထွက်သွားလေ၏။ ချိုလ မော်ကွန်းကို အဖြေ ပေးဖို့ စဉ်းစားရခက်နေတယ်ဆိုတာ အဲဒါတွေကြောင့်ပဲဖြစ်သည်။ မော်ကွန်းက ချိုလအတွက် ဆိုရင်တော့ အမြဲပေးဆပ်သူကြီးဖြစ် ကာ ချိုလနဲ့ အဲဒီလို တစ်စုံတစ်ယောက်များ ပတ်သက်နေတယ် ဆို ဆတ်ဆတ်ထိမခံ ဒေါကန်တတ်သူဖြစ်၍ ချိုလက သူ့ကို သူငယ်ချင်းစည်းဝိုင်းထဲမှာပဲ ထားထားတာဖြစ်သည်။ အခုလည်း ချိုလကို ကောက်တေးတွေဖြစ်၍ ကောက်တော်မူသွားတာဖြစ် သည်။ ချိုလက အေးရာအေးကြောင်း အိမ်ထဲပြန်ဝင်လာလေလျှင် ဒေါ်လေးက ချိုလကို ခပ်ကျိတ်ကျိတ်ဆူ၏။

"ချိုလ ... ကြည့်ကျက်လုပ်နော်။ ညည်း အဲဒီလို ရှုပ်ရှုပ် ယှက်ယှက် လုပ်နေရင် ငါ ညည်းအိမ်ကို ပြန်တိုင်လိုက်မှာ"

"အာ ... ဒေါ်လေးကလည်း။ အဲဒီလိုတော့ မလုပ်ပါနဲ့။ သမီး မရှုပ်တဲ့ ကိစ္စကြီးဟာ။ ဘာမှ ရှော့ခ်မဖြစ်ဘူး။ အေးဆေး ... အေးဆေး"





ချိုလက ဒေါ်လေးမေကို ဖောရှောရိုက်ရင်း နောက် ပေးထဲ ပြန်ဝင်လာလျှင် ဟိုတစ်ယောက်က ထုံးစံအတိုင်း question တွေ out တော့တာပဲဖြစ်၏။

"သူက နင်နဲ့ ငါ့ကို အထင်များ လွဲသွားတာလားဟင်"

လေသံကိုက ကြောသလိုလို မောသလိုလို လေသံ နှင့်မို့ ချိုလက အမြင်ကတ်လှစွာ အဲဒီဆေးကျောင်းသားကို ဖိဟောက်လိုက်သည်။

"အမယ်လေး ... လွဲစရာလား။ နင်လိုလူနဲ့ ငါ့ကို"

"အင်း ... ဖြစ်နိုင်ပါတယ်လေ။ ငါက နင်နဲ့ယှဉ်ရင် ပိုချောပိုခန့်နေတော့ မဖြစ်နိုင်လောက်ဘူးဆိုတာ သူ သိမှာ ပါ"

"ဆေးကျောင်းသား ... နင် ဘာဖြစ်နေတာလဲ။ ဒီမှာ ... နင် ငါ့ကို လာပြီးပူပန်မနေနဲ့။ နင့် ကောင်မလေးကို ဒိုင် ထားတဲ့ကိစ္စ မပေါ်အောင်သာ ကြိုးစား"

"ဘာတုံး။ ဘာကိစ္စတုံး"

"နင် လေးဆောင့်သုံးရာ မရှင်းနိုင်လို့ မြင့်မိုရ်တောင် လောက်ရှိတဲ့ ပန်းကန်တွေ ဆေးလိုက်ရပါတယ်ဆိုတဲ့ အကြောင်းလေ"

ချိုလက တမင်နိုင်ကွက်နင်းလိုက်တာကြောင့် သူက ဆတ်ဆတ်ထိမခံ ဖြစ်သွားရကာ ...

"ဟော့ ... ဟော့ ... မင်းနော်။ ငါ့ကို ဆေးကျောင်းသားလို့ မခေါ်ဘူး ကတိပေးမထားပေမယ့် အဲဒီကိစ္စကိုတော့ မင်း အဲလိုလျှောက်မဖွနဲ့လေကွာ"

"ဒါကတော့ ရှင့်အပေါ်ပဲ မူတည်တာလေ။ ကဲ ... ကဲ ... ဝက်သား နူးမနူးသာ ကြည့်ထားပါ။ ကျက်ခါနီးရင် ပုန်းရည်ကြီး ထည့်ရမယ်နော်"

ဆေးကျောင်းသားက ဘာမှပြန်မပြောသေးဘဲ ဟင်းအိုးကို ရေအသာဖြည့်လိုက်ရင်း ချိုလကို လှမ်းမေးလေသည်။

"ဩော် ... ဒါနဲ့ အဲဒီတစ်ယောက်က မင်းရဲ့ဘဲလား"

"မဟုတ်ပါဘူး။ သူက propose လုပ်ထားတာ"





ချိုလရဲ့စကားအဆုံးမှာ သူက ချိုလဘက်ကို လှည့်လာကာ ...

"သူက ငါ့ကောင်မလေးနဲ့လည်း ခင်နေတယ်။ အမှန်အတိုင်း ပြောရရင်တော့ ငါ လဆန်းနဲ့ သူ ခင်နေတာကို သဘောမကျဘူး"

ချိုလက အဲဒီစကားအတွက် ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ ပန်းအသာတွန့်ပြလိုက်သည်။

"နင်လည်း အဲဒီ လဆန်းဆိုတဲ့ တစ်ယောက်ကို တော်တော်ချစ်ပုံပဲနော်။ ဘာလဲ ... နင်ပြောပုံက မော်ကွန်းနဲ့ အဲဒီလဆန်း ခင်မင်သွားရာကနေ နင် တွေးချင်တာတွေ ဖြစ်သွားမနေနဲ့။ မော်ကွန်းက ငါ့ဆီက အဖြေတောင်းထားတာ။ နင် ယုန်ထင် ကြောင်ထင် လျှောက်ထင်ပြီး ပေါက်ကရတွေ သံသယမဝင်နေနဲ့"

ချိုလက အပြတ်ပြောလိုက်လျှင် သူက အတန်ငယ်တော့ ငြိမ်သက်သွား၏။

"အေးပေါ့ဟာ။ နင်က တကယ်မှ မချစ်တတ်တာ။ စိတ်ပူတာကို ဘယ်နားလည်ပါ့မလဲ"

ချိုလက ချိုလနဲ့ဆုံတာ စကားပြောတာမှ နှစ်ရက်နဲ့တစ်ပိုင်းပဲ ရှိသေးကာ ချိုလကို လာပြီး ဝေဖန်ရေး လေကန်ရေးတွေ လုပ်နေသောကြောင့် ချိုလက အဲဒီဆေးကျောင်းသားကို တစ်စက်ကလေးမှ ကြည့်လို့မရချေ။ ပုံစံကြည့်လိုက်လျှင် သူကပဲ အလွန်တရာမှ ချစ်တတ်လေသော အချစ်သူရဲကောင်းကြီး ရှိမီယို အထာနှင့် တကယ်တမ်းတော့ အာပလာပဲ ဖြစ်လေသည်။

❖ ❋ ❖





## ၂၃

မော်ကွန်းက အတန်းရဲ့ ခုံထောင့်မှာ ခပ်ခွေခွေ အနေအထားဖြင့် နေနေတာကို လဆန်းက သတိထားမိစွာဖြင့် အသာလှမ်းမေးလိုက်လေသည်။

"မော်ကွန်း ... ဘာဖြစ်လို့လဲ"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူးဟာ"

"နင် တစ်ခုခု ဖြစ်နေတာတော့ သေချာပါတယ်။ နင့် ကြည့်ရတာ မျှင်မလန်းနဲ့။ ငါ ဘာကူညီပေးရမလဲဟင်"

"နင် သိချင်တယ်ဆို ငါ ပြောပြလို့ ရပါတယ်။ ဒီနေရာမှာ ပြောဖို့ကကျတော့ အဆင်မပြေလောက်ဘူး"

"အင်း ... ငါဆို ကန်တင်းသွားကြမယ်လေ"

မော်ကွန်းက ခေါင်းညိတ်ပြလိုက်တာမို့ သူမနဲ့ကန်တင်းကို ရောက်သွား၏။ ဒီအချိန် သူ့ရင်ထဲမှာ တကယ်ကို အစာမကြေသလို ခံစားနေရတာဖြစ်သည်။ သူ ချစ်တယ်လို့ ပြောထားတဲ့ ရှိုလဟာ သူ့အပေါ်ကိုဆို လွန်စွာရက်စက်တတ်သူပဲ ဖြစ်လေ၏။

"မော်ကွန်း ... ဘာဖြစ်နေတာလဲ"

"စိတ်ထဲက နောက်ကျိကျိ ဖြစ်နေတာပါ"

"အမ် ... အဟင်း ဟင်း ... မော်ကွန်းကတော့ ပြောလိုက်ရင် စကားအဆန်းတွေချည်းပဲ။ စိတ်ထဲက နောက်ကျိကျိ ဖြစ်ရတယ်လို့။ ကဲ ... ကဲ ... အဲ့ကို လဆန်းက နောက်ကျိကျိကို ရှင်းကြည့်ပေးမယ်။ အအေးသောက်လိုက်"

လဆန်းက Coke ဘူးကို ဖွင့်ဖောက်လိုက်လျှင် gas က ရှူးခနဲ ပွင့်ထွက်လာတာကြောင့် လဆန်း မျက်နှာတွေ စဉ်သွားလေသည်။ အဲဒီအဖြစ် သူ့ရင်ထဲမှာ ဝုန်းခနဲ လန့်ကာ လဆန်းအတွက် စိုးရိမ်စိတ်က ငယ်ထိပ်တက်ဆောင့်လေသည်။





လဆန်းကို သူ့ရဲ့လက်ကိုင်ပဝါဖြင့် ခပ်သွက်သွက်လေး သူ သုတ်ပေးလျှင် လဆန်းက သူ့ကို အားတုံ့အားနာဖြင့် ထားလေသည်။

"ရ ... ရပါတယ် မော်ကွန်းရဲ့။ ကျေးဇူးပါပဲ"

သူ့ကို နူးညံ့ညင်သာသိမ်မွေ့သော စကားသံလေးက ငြိမ့်ခနဲ ဖြစ်သွားစေသည်။ လဆန်းကို သူ တစ်ခါမှ မမြင်ဖူးသူလိုမျိုး ကြည့်လိုက်မိသည်။ လဆန်းက ရှက်စွံ့စွံ့မျက်နှာလေးဖြင့် မျက်လုံးအသာလွှဲလိုက်သည်။

အဲဒီအချိန် တစ်ခဏမှာ သူ့စိတ်တွေက ကျန်တာတွေအားလုံး focus ဝါးကုန်၍ လဆန်း တစ်ယောက်သာထင်းနေသလို ခံစားရလေသည်။

❖ ❋ ❖

# တစ်ပတ်အကြာတွင်...

ကောင်းက အသားမှာ ဝက်ဆိုသလို သူ့ရဲ့အချစ်ဟာလည်း အကောင်းဆုံးဖြစ်ကြောင်း ရည်ညွှန်းပြ၍ ပုန်းရည်ကြီးလို အရောင်အဆင်းမည်းနေသော်လည်း အရသာကတော့ ပထမတန်းစားဖြစ်တဲ့ အချစ်နှင့် အလားသဏ္ဌာန်တူ ထပ်တူပြုထားသည့် ဝက်သားပုန်းရည်ကြီးဟင်းကို လဆန်း အတွက် စပါယ်ရှယ်ချက်လာတာဖြစ်သည်။ သူက ဒီနေ့ ဆေးရုံကြီးမှာ ဆရာ့ဆီ ဝင်ရသေးတာကြောင့် အတန်းကမမီတော့ချေ။ အဲဒါကြောင့် လဆန်းကန်တင်းမှာ ရှိလောက်မယ့် ထမင်းစားချိန် ရောက်ပြီမို့ သူက ကန်တင်းကိုပဲ တန်းလာခဲ့လိုက်တော့သည်။

"သန္တာ ... ရွှေရည် ... မိတ်ဆက်ပေးရဦးမယ်။ ဒါ ငါ့ရဲ့ boyfriend လေ။ မော်ကွန်း"

ကြားလိုက်ရတဲ့ အသံက ငယ်ထိပ်ထိတောင် တက်ဆောင့်သွားစေ၏။ ဘာဖြစ်တယ်။ သူများ နားကြားလွဲသလား။ ဟင့်အင်း … အဲဒီလိုမျိုးကြီးလည်း မဖြစ်နိုင်ပေ။ ကောင်းက လှမ်းမြင်နေရတာကြောင့် မလွဲဘူးဆိုတာ သိသည်။ လဆန်းက မော်ကွန်းကို သူ့ရဲ့ boyfriend တဲ့။ ကောင်းက သွေးပျက်သွားသူ တစ်ယောက်လို အတောင့်သား ရပ်နေမိစဉ်မှာ သန္တာက သူ့ကိုလှမ်းမြင်လိုက်တာကြောင့် ခေါ်လိုက်၏။

"ကောင်း"

သန္တာခေါ်သံ အဆုံးမှာ အားလုံးက သူ့ကိုလှည့်ကြည့်လေ၏။ လူပေါင်းများစွာရဲ့ မျက်လုံးအကြည့်တွေအောက်မှာ သူ အငွေ့ပျံသွားချင်စိတ် ပေါက်သွားသည်။

ကောင်းက ရက်ရက်စက်စက် လုပ်ရက်လေသော ဇွန်လဆန်း ဆိုတဲ့ အဲ့မိန်းမကြီးကို ကြောက်ရွံ့ ချဉ်သွားသောစိတ်ဖြင့် ကန်တင်းကနေ အပြေးထွက်လာခဲ့လိုက်တော့သည်။

❖ ❋ ❖



## ၂၄

"ချိုလ … ချိုလ … ဟေး … ချိုလရေ"

ကောင်းထက်ဇော်ရဲ့အသံက အော်ဟစ်ဆူညံစွာဖြင့် ချိုလရဲ့နားထဲသို့ ဝင်လာလေလျှင် ချိုလက ခပ်သွက်သွက် အိမ်သဲက ထွက်လာကာ တံခါးဖွင့်ပေးလိုက်၏။

"ဘာတုံး … ဘာတုံး။ ရေးကြီးသုတ်ပျာနဲ့။ နေစမ်းပါဦး၊ နင်ပြောတော့ ဒီနေ့ အတန်းတက်ရမှာ အရေးကြီးတယ်ဆို။ အခု ဘာကိစ္စ ဒီရောက်လာရတာလဲ"

ကောင်းက ဘာမှပြန်မဖြေသေးဘဲ အိမ်ထဲအရင်ဝင်ကာ ဆိုဖာမှာ ဝုန်းခနဲ ပစ်ထိုင်လိုက်ရင်း …

"အရေးကြီးတာ ပြောချင်လို့ လာတာ။ နင် ဘာမှမသိဘူး မှလား။ အခု ဘာတွေဖြစ်နေတယ်ဆိုတာ"

"ဟဲ့ ... ဘာတွေ ဖြစ်နေကြလို့တုံး"

မမယမုံက နောက်ဖေးခန်းထဲက ထွက်လာလျှင် ချိုလက မမယမုံနဲ့ အတူတူ ဆိုဖာမှာ ဝင်ထိုင်လိုက်ရင်းက အရေးကြီးတယ်ဆိုတဲ့ ကိစ္စကို မေးရလေသည်။

"ဘာတုံး ... ဘာကိစ္စ ဖြစ်လို့လဲ"

"နင့်ရဲ့အကောင် မော်ကွန်းနဲ့ လဆန်းတို့ ချစ်သူတွေဖြစ် သွားကြပြီ"

"အမ် ... ဘာ"

ချိုလက အစတုန်းကတော့ ကောင်းထက်စော် ပြောတာကို နဝေတိမ်တောင် ဖြစ်သွားပြီးမှ လန့်သွားရကာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ကာ ...

"အာ ... မဖြစ်နိုင်ပါဘူး"

"မဖြစ်နိုင်တာ မရှိဘူး ချိုလ။ အခု ငါ ပေါက်ကွဲပြီး အတန်းတောင် မတက်နိုင်တော့ဘူး။ နင့်အကောင် ဖြတ်





လုသွားတာ။ လဆန်း ပါးစပ်ကနေ မော်ကွန်းက သူ့ဘဲ ပါလို့ ပြောသွားတာ။ တောက်"

"ဘယ်လိုတွေ ဖြစ်ကုန်တာလဲ"

မမယမုံရဲ့ ရေစွတ်သံအဆုံးမှာ ချိုလက မခံချင် စိတ်တော့ ဖြစ်သွားရသည်။ ဘာလဲ။ မဖြစ်နိုင်ဘူး။ အဲဒီကိစ္စက...။ မော်ကွန်းက ချိုလ တစ်ယောက်တည်းကိုပဲ သစ္စာရှိရှိ ချစ်ခဲ့တာပါ။ မနေ့ကအထိကို ချိုလဆီလာပြီး စကားတွေ ဖောင်ဖွဲ့ကာ အိကို ပြောသွားခဲ့တာပဲ။ ဟင့်အင်း ... မော်ကွန်းက နယ်မှာက တည်းက ချိုလ တစ်ယောက်တည်းကိုပဲ သစ္စာရှိရှိ မျှော်တလင့် လင့် ချစ်ခဲ့တဲ့သူပါ။

"မဖြစ်နိုင်ပါဘူး။ မော်ကွန်းက ငါ့ဆီက အဖြေတောင်း ထားတာပဲဟာ။ နင်လည်း သိသားနဲ့"

"အေး ... သိတယ်။ ငါလည်း လဆန်းကို ရည်းစားစကား ပြောထားတာပဲ။ အခု သူတို့နှစ်ယောက်က ရည်းစားတွေ ဖြစ်သွားပြီ"

"ဟယ် ... တကယ်"

"မမယမုံ ... မမယမုံ ပြောတော့ လူကောင်းလေးပါဆို။ ဆေးကျောင်းသား ... ရှင် ပြောတာ တကယ်လား"

"မဟုတ်ဘဲနဲ့ ငါက ဒီကိုအပင်ပန်းခံပြီး လာပြောပါ့မလား။ တောက် ... မော်ကွန်း ... ဒီကောင် ငါ့ဆီက ဖြတ်လုသွားတာ"

ချိုလက အဲဒီစကားတွေကြားရကာ စိတ်ထဲမှာ တကယ်ကိုပဲ မခံမရပ်နိုင် ဒေါကန်ရလေသည်။ ဘာလဲ ... မော်ကွန်းက ဘာကွက်တွေ ခင်းနေရတာလဲ။ အပွဲပွဲမှာ ကိုယ်က ရှုံး ခေါင်းနေရာက ရွှဲလာခဲ့သမျှ ဒီတစ်ပွဲတော့ တက်တက်စင်အောင် လွဲတော့တာလား။

"တောက် ... လုံးဝ အဓိပ္ပာယ်မရှိဘူး"

"ဟဲ့ ... ဘာဆိုင်လို့လဲ။ ချိုလ ... နင်က ဘာကိုဒေါသဖြစ်နေတာလဲ။ မော်ကွန်းက နင့်ရည်းစားမှ မဟုတ်တာ"

"ဟာ ... မမယမုံ။ ဒါပေမဲ့ ... သူ ... သူက ချိုလကို propose လုပ်ထားတာလေ။ နောက်တစ်ယောက်နဲ့ တွဲတာ အဲဒါ သူ သစ္စာဖောက်တာပေါ့"





"မဆိုင်လိုက်တာ ချိုလရယ်။ နင်က သူ့ကိုအဖြေမပေးဘဲ အချိန်ဆွဲချင်တိုင်း ဆွဲထားတာကိုလည်း ထည့်ပြောဦးလေ။ အခု မော်ကွန်းမှာ ချစ်သူရသွားတာကို နင်က ဘယ်လို အနေအထားမျိုးနဲ့ မကျေနပ် ဖြစ်နေရတာလဲ"

မမယမုံက ချိုလကို အကျိုးသင့် အကြောင်းသင့် ပြော၍ ချိုလက တကယ်ကိုပဲ ကြိတ်မနိုင်ခဲမရဖြစ်ရွာဖြင့် ငြိမ်နေချိန်မှာ ဟိုဆေးကျောင်းသားက ချိုလရဲ့ခေါင်းပေါ် အပြစ်ပုံချလေ၏။

"ဟုတ်တယ်။ အခုလို ပြဿနာတွေ ဖြစ်ကုန်ရတာတွေဟာ နင့်ကြောင့်။ နင် ဟိုလူဆိုလည်း အီး၊ ဒီလူဆိုလည်း အီး၊ ကြံ့အီလုပ်နေလို့ နင့်အကောင်က နင့်ကို စိတ်ပျက်ပြီး ငါ့ရည်းစားကို ဖြတ်ခုတ်သွားတာ"

အဲဒီစကားကြောင့် ချိုလရဲ့မျက်နှာတစ်ခုလုံး ဒူးရင်းသီးနဲ့ ပစ်ပေါက်ခံလိုက်ရသလို ဆူးထိုးနာကျင်သွားရကာ ထိန်းချုပ်ထားတဲ့ ဒေါသက ငယ်ထိပ်ဆောင့်တက်လာကာ အဲဒီဒေါသက အဲဒီနေရာမှာရင် ရပ်မနေဘဲ စားပွဲပေါ်မှာ တင်ထားတဲ့ အလှတင်ဖန်တုံးနှင့် ပစ်ပေါက်ချလိုက်၏။

"တောက် ... ဆေးကျောင်းသား အစုတ်အပြတ် ပြောဦးဟယ်"

"အား"

အော်သံနက်တစ်ခုကြောင့် ချိုလကော မမယမုံပါ ငြိမ်သက်သွား၏။ နဖူးတည့်တည့်ကို သွားမှန်တာကြောင့် ဆေးကျောင်းသားက အားခနဲ ထအော်တာဖြစ်၏။ ချိုလရဲ့လက်ဆက အဲဒီလောက်တောင် တည့်သွားလိမ့်မယ်လို့ ထင်ကို မထင်ထားချေ။ သူက သူ့နဖူးကို စမ်းကြည့်လိုက်၏။ လက်က သွေးစတချို့ကို မြင်တဲ့အခါမှာတော့ ချိုလတို့ အံ့အားမသင့်ရသေးခင်မှာပင် သူက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် သူ့နဖူးမှ ကျလာတဲ့ သွေးတွေကိုကြည့်ကာ ...

"သ ... သ ... သ ... သွေးတွေ"

ဆိုဖာပေါ်သို့ ဘုန်းခနဲ ပစ်လဲကျလို့သွား၏။ ချိုလက တကယ်ကြီး လဲသွားလေသော ဆေးကျောင်းသားကို ဝေါင်းစင်းစင်းဖြင့် ကြည့်နေချိန်မှာ မမယမုံက ချိုလရဲ့လက်မောင်းကို တဖြန်းဖြန်းရိုက်၍ ...





"ချို ... ချို ... ချိုလ ... ကောင်းထက်ဇော် ဘာ ... ဘာ ဖြစ်သွားတာလဲဟင်"

"မ ... မသိဘူးလေ"

"ဟဲ့ ... မသိလို့ ရမလား။ နင် ပစ်ထည့်လိုက်တာလေ။ သေများ သေသွားပြီလား မသိဘူး"

မမယမုံ စကားကြောင့် ချိုလက လက်ဖျားခြေဖျား ဘွတောင် အေးစက်လာရကာ ချိုလက အကြောက်အကန်ငြင်း လေသည်။

"အာ ... အာ ... မဖြစ်နိုင်ပါဘူး။ ချို ... ချိုလ ပစ်လိုက်တာ ဖြည်းဖြည်းလေးပါ"

"ဟဲ့ ... နင်က ဖြည်းဖြည်းလေးပါ ဆိုပေမဲ့ ချက်ကောင်း ထိသွားပြီထင်တယ်။ နဖူးမှာလည်း သွေးတွေနဲ့။ ဒါ နင် တမင်ကြံစည်မှုနော်"

"အာ ... မမယမုံကလည်း။ မဖြစ်နိုင်ပါဘူး။ လာ ... လာပါ"

ချိုက ကြောက်ကြောက်လန့်လန့်ဖြင့် ဆေးကျောင်းသားကို ပုတ်နှိုးသော်လည်း သူက မနိုးလာချေ။ ချိုလက ရင်တွေ တလှပ်လှပ် တုန်လာကာ ခေါင်းတွေမူးဝေဝေ ဖြစ်လာ၏။

"ကောင်း … ကောင်းထက်ဇော်။ မမယမုံ … ခေါ်လို့လည်း မရတော့ဘူး။ တ … တကယ် သေသွားပြီလား မသိဘူး နော်။ ဆေးကျောင်းသား … ဆေးကျောင်းသား။ မမယမုံ ခေါ်ပါဦး"

ချိုလက အသံတွေ တလှိုက်လှိုက် တုန်လာကာ ကြောက်လည်း ကြောက်လန့်လို့လာ၏။ မမယမုံကလည်း အထိပ်ထိပ် အလန့်လန့်ဖြင့် ချိုလဘေး ကပ်လာကာ …

"ဒု … ဒုက္ခပါပဲ။ ပြဿနာတော့ တက်ပြီ ထင်ပါတယ်"

"ဟဲ့ … ဘာတွေ ဖြစ်နေကြတာလဲ"

အနောက်ကနေ ကြားလိုက်ရတဲ့ အသံကြောင့် ချိုလကော မမယမုံပါ ထိတ်လန့်သွားရသလို လှည့်ကြည့်လိုက်လေလျှင် ဒေါ်လေးမေ ဖြစ်နေတာကြောင့် တအားတော့ တက်သွားရလေသည်။





"ဒေါ် … ဒေါ်လေးမေ"

"မေမေ … မေမေ … လုပ်ပါဦး။ ကောင်း … ကောင်းထက်ဇော် ဘာဖြစ်သွားလဲ မသိဘူး"

"ဟမ် … ဟယ် … သွေးတွေနဲ့။ ဘယ်လိုဖြစ်ကြတာလဲ"

"ချို … ချိုလ … ဖန်တုံးနဲ့ ပစ်ပေါက်လိုက်တာ"

ချိုလက ဒေါ်လေးမေကို အမှန်အတိုင်း ဝန်ခံလိုက်လျှင် ဒေါ်လေးမေက ထိတ်လန့်တုန်လှုပ်စွာဖြင့် ရင်ဘတ်ကို လက်ဖြင့်ဖိကာ …

"ဒုက္ခပါပဲ။ အဲဒါ ကောင်လေးကို ဆေးရုံပို့ဖို့ စီစဉ်ကြလေ"

"ဟင် … ဒေါ် … ဒေါ်လေးမေ သေသွားရင် သမီး ဒုက္ခရောက်မှာပေါ့"

"ဟဲ့ … ဖွဟဲ့။ လွဲပါစေ။ ယမုံ … ညည်း ဘာလုပ်နေတာလဲ။ Ambulance ခေါ်လေ"

"ဟုတ်ကဲ့ … ဟုတ်ကဲ့"

ချိုလက အိပ်မက်တစ်ခု မက်နေသူလို ဝေဝေဝါးဝါး ဖြစ်နေကာ မျက်ရည်တွေပင် လည်ချင်လာ၏။ ဘုရား ... ဘုရား။

ဆေးကျောင်းသားရယ်... ရှင် ကျေးဇူးပြုပြီး မသေပါနဲ့ဦး။ ရှင် သေရင် ကျွန်မ ဒုက္ခတွေရောက်ပြီး ဟိုသစ္စာဖောက် အကောင် မော်ကွန်းကို ဘယ်ပွဲသွားကြမ်းလို့ ရပါတော့မလဲ။

❖ ❋ ❖





"ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ စိတ်မပူပါနဲ့။ မကြာခင် သတိရလာတော့မှာပါ"

ဆရာဝန်ရဲ့ပြောစကားအဆုံးမှာ ချိုလရဲ့ရင်ထဲက အလုံးကြီးက ဟူးခနဲ ပြုတ်ကျသွားရတော့သည်။ ဘာပဲဖြစ်ဖြစ် စိုးရိမ်စရာ မရှိတော့ဘူးဆိုတဲ့ စကားက ချိုလရဲ့ ပူလောင်ယောက်ယက်ခတ်မှုတွေကို ချုပ်ငြိမ်းလို့ သွားစေ၏။

"ကဲ... ဘာပဲဖြစ်ဖြစ် တော်သေးတာပေါ့။ ချိုလ... ချိုလ... ညည်း တော်တော်မွှေတယ်နော်။ ကောင်လေးကို သေချာစောင့်ကြည့်ထား။ ယမုံ... ညည်းက ငါနဲ့လိုက်ခဲ့။ ကောင်လေးမိဘတွေကို အကြောင်းကြားရမယ်။ မိချိုလ ... ဒီ လိပ်စာက သေချာတယ်နော်"

"ဟိုတစ်ခါ သူ့ဖုန်းနံပါတ်ပေးတုန်းက ပေးတဲ့ လိပ်စာကတ်ပဲလေ"

"အိမ်တိုင်ရာရောက် သွားတောင်းပန်မှပဲ ဖြစ်တော့မှာပေါ့။ သူတို့ရဲ့သားက အိမ်ကထွက်သွားတော့ အကောင်း။ အခုကျတော့ ဆေးရုံမှာဆိုတဲ့စကားကို ဖုန်းနဲ့ပြောရင် ဆောင့်တက်သွားမှာပေါ့။ ညည်း သေချာ လူနာကို စောင့်နေနော်။ ပြန်လာခဲ့မယ်။ လာ ... ယမုံ ... လာ"

ဒေါ်လေးမေက မမယမုံကို ဆွဲခေါ်သွားကာ ချိုလက တစ်ယောက်တည်း ကျန်နေခဲ့လေသည်။ ချိုလက ငြိမ်သက်စွာ အိပ်ပျော်နေသော ဆေးကျောင်းသားကိုကြည့်ကာ ရင်ထဲမှာ တနုံ့နုံ့ဖြင့် နှံးချိပင်ပန်းနေလေသည်။ အခုချိန်ဆို သူ့ရင်ထဲမှာ ချိုလထက် ပိုဆိုးတဲ့ ဝေဒနာတစ်ခု ရှိနေတယ်ဆိုတာ ချိုလ ရိပ်စားမိလေသည်။ သူက အသည်းတွေကွဲကာ ရှုံးရှုံးရှဲရှဲဖြင့် ပြောချင်တာတွေ စွတ်ပြော၍ ချိုလကလည်း ဒေါတွေကန်လာကာ မမြင်တော့ဘဲ လုပ်မိလုပ်ရာ လုပ်လိုက်တော့ သူပဲဒုက္ခရောက်ရတာဖြစ်သည်။





အဲဒါတွေအားလုံး ဖြစ်ရတာဟာ ဟိုနှစ်ယောက်သစ္စာဖောက်လို့ ဖြစ်ရတာ။ သူတို့ကို လုံးဝမကျေဘူး။ ချိုလက အိပ်နေသော ဆေးကျောင်းသားရဲ့မျက်နှာကို ကြည့်နေရင်းကမှ ခုံးဖြတ်ချက်တစ်ခုချကာ ချက်ချင်းပင် ဖုန်းခေါ်လိုက်တော့သည်။ မော်ကွန်းဆီ ဖုန်းခေါ်တဲ့အခါမှာ ဖုန်းကဝင်သွားသော်လည်း ချက်ချင်းတော့ မကိုင်သေးပေ။ ချိုလက စိတ်ရှည်ရှည်ဖြင့် မော်ကွန်း ဖုန်းအကိုင်ကို စောင့်နေစဉ်မှာ ပြောရမယ့်စကားလုံးတွေကို စီထားလိုက်သည်။

"ဟယ်လို"

မော်ကွန်းရဲ့အသံက အနည်းငယ် တုန်လှုပ်နေတဲ့ အသံဆိုတာကို ချိုလ မှန်းကြည့်လို့ ရလေသည်။ ချိုလက လေသံကို နဂိုထက် တင်းထားလိုက်ကာ ပြောလိုက်သည်။

"မော်ကွန်း ... နင် အခု ဘယ်မှာလဲ"

"ငါ ... ငါ ... ငါ ကျောင်းမှာလေ။ ဘာဖြစ်လို့လဲ ချိုလ"

"အဲဒါဆို နင့်အနားမှာ ဇွန်လဆန်း ဆိုတာ ရှိလား"

"ဟင်"

ချိုလရဲ့ စကားကို ကြားလိုက်ရသောအခါမှာ မော်ကွန်းက အတော်အတန်တော့ ချောက်ချားသွားပုံရလေသည်။ အနည်းငယ် ဖြေရခက်နေစွာဖြင့် အင်းတွေ အဲတွေ လုပ်နေတာကြောင့် ချိုလက စကားထပ်တောက်လိုက်ရသည်။

"ဟဲ့ ... ငါမေးနေတာ ဖြေလေ။ ဗွန်လဆန်း ရှိနေလား"

"ရှိ ... ရှိပါတယ်။ နင် သိသွားပြီလား။ ငါ ... ငါ ရှင်းပြပါရစေ ချိုလ။ ငါပြောတာ ခဏလေး နားထောင်ပေးပါ"

"နေဦး ... ငါပြောတာကို နင် အရင်နားထောင်။ နင့်ရဲ့ ကိစ္စကို ငါ လုံးဝစိတ်မဝင်စားဘူး။ ငါ အခု ဗွန်လဆန်းနဲ့ စကားပြောချင်တယ် ဆိုတာ အခု ကောင်းထက်ဇော် သူ့စိတ်ကြောင့် ဆေးရုံရောက်နေတယ်"

"ဘာ ... ဆေးရုံ။ ဟုတ်လား"

"အေး ... ဟုတ်တယ်။ ငါ့ကို ဗွန်လဆန်းနဲ့ ဖုန်းပေးပြောပါ။ နင်နဲ့ ငါ့ကိစ္စက ဘာမှ ရှင်းစရာမရှိတဲ့အတွက် ဘာမှပြောဖို့လည်း မလိုဘူး။ ငါ ကောင်း အတွက် နင့်ရည်းစား ဗွန်လဆန်းကို စကားပြောချင်တာ။ ဖုန်းပေးလိုက်ပါ"





"ငါ ... ငါ တကယ်တောင်းပန်ပါတယ် ချိုလရယ်"

မော်ကွန်း အသံက ကြားတာနဲ့တင် သူ ချွေးပြန်နေတယ်ဆိုတာ ချိုလ ရိပ်မိလေသည်။ ဒါပေမဲ့ ချိုလ မခံချင်စိတ် ဒေါသတွေဖြင့် မော်ကွန်းကို ကောချင် ပွဲကြမ်းပစ်ချင်ပေမယ့် ချိုလကြောင့် ဖြစ်သွားရတဲ့ ကောင်းထက်ဇော်ကို ငဲ့ညှာသောအားဖြင့် ချိုလက ကိုယ့်ကိစ္စကို နောက်မှာထားခဲ့ကာ ဟိုဆေးကျောင်းသားရဲ့ အသည်းကွဲကိစ္စအတွက် အရင်ရှင်းပေးဖို့ ဗွန်လဆန်းနှင့်ပြောဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်သည်။

"နင် ဘာမှ အဲဒီလောက်အထိ စိတ်တွေပူမနေပါနဲ့။ ငါ ဗွန်လဆန်းကို ပြောစရာကိစ္စရှိလို့ပါ။ ဖုန်းပေးလိုက်ပါ။ အကယ်၍ နင် မပေးဘူး ဆိုရင်တော့ ငါ ဗွန်လဆန်း ဖုန်းနံပါတ်ကို ကောင်းဆီကယူပြီး ဆက်လိုက်ရမှာပဲ"

"မလုပ်ပါနဲ့။ ခဏလေး ..."

ချိုလက မော်ကွန်း ဗွန်လဆန်းရဲ့ဖုန်းအလွှဲကို စောင့်ပေးနေစဉ်မှာ ချိုလက ပြောမယ့်စကားကို စီနေမိသည်။

"ဟယ်လို"

"တို့နာမည် ဝိုင်ချိုလမင်းပါ။ တို့က မော်ကွန်းရဲ့သူငယ်ချင်း၊ နောက်ပြီးတော့ မင်းရဲ့အချစ်ဆုံးသူငယ်ချင်း ကောင်းထက်ဇော်နဲ့လည်း တို့က ရင်းနှီးပါတယ်"

"ဟုတ်ကဲ့ ... ဘာပြောချင်တာလဲ မသိဘူး"

"ကောင်း အခု ဆေးရုံရောက်နေတယ်။ အဲဒါ မင်းကြောင့် မင်းပေးထားတဲ့ မျှော်လင့်ချက်တွေကြောင့် သူ ဘယ်လောက်နေမြင့်ခဲ့တယ် ထင်သလဲ။ တို့ဆီမှာ မင်းကြိုက်လောက်မယ့် အစားအသောက်ဆန်းဆန်းတွေ သူ အပင်ပန်းခံပြီး လာသင်နေတာ။ အခု မင်းကြောင့် သူ့ကိုယ်သူ နာကျင်အောင်လုပ်ပြီး ဆေးရုံပေါ် ရောက်နေပြီ"

"ဟမ် ... သူ ... သူ။ သူ ခုနကပဲ ကျောင်းကပြန်သွားတာပါ"

"ယုံချင်ယုံ၊ မယုံချင်နေ။ အခု သူ(...)ဆေးရုံမှာ။ သူ အခုထိ သတိလစ်နေတုန်း။ တို့ သူ့မိဘတွေဆီ သွားအကြောင်းကြားထားတယ်။ မင်းကို အဲဒါ သိအောင်ပြောပြသင့်တယ်ထင်လို့ တို့ ပြောပြတာ။ ဒါပါပဲ"





ချိုလက အနိုင်နဲ့ပိုင်းကာ ဖုန်းချလိုက်တော့သည်။ ဒီလောက်ဆို အဲဒီစုံတွဲ ဆန့်ငင် ဆန့်ငင် ဖြစ်ပြီး ကျန်ခဲ့မှာ သေချာသည်။

ရှင့်ကို နာကျင်အောင် လုပ်မိလို့ ရှင် ပျော်ရွှင်အောင် ပျော်ပြန်ပေးတယ်လို့ သတ်မှတ်ပါ ဆေးကျောင်းသား။

ချိုလက အိပ်ပျော်နေသော ကောင်းကို ငေးကြည့်နေရင်းက သက်ပြင်းတစ်ချက် ချမိသွားသည်။ ချိုလက ငြိမ်သက်စွာ ထိုင်နေကာ သူ သတိပြန်အရကို စောင့်နေစဉ်မှာ သူ့ရဲလက်တွေက လှုပ်ရှားလာ၏။ ချိုလက စိုးရိမ်စိတ်ပူစွာဖြင့် သူ့ကိုမေးရသည်။

"ကောင်း ... ကောင်း ... နင် သတိရပြီလား"

"အား ... ခေါင်းမူးလိုက်တာ။ ချို ... ချိုလ ... နင် ဘယ်လိုလုပ်လိုက်တာလဲဟာ"

ချိုလက ဒေါသသံဖြင့် ပြောတာကြောင့် စိတ်ထဲ တော့ အေးသွားရသည်။ အဲဒါဆို ကောင်း အန္တရာယ်ဘေးက င်းပြီပေါ့။ ချိုလက ဂရုတစိုက်ဖြင့် သူ့ကို ငေးကြည့်လိုက်စဉ်

မှာ ဆရာဝန် Round Check ဝင်လာတာကြောင့် စမ်းသပ်လိုက်ပြီးမှ ...

"ခေါင်းမူးလား မောင်ရင်"

"ဟုတ်ကဲ့။ နည်းနည်းတော့ ခေါင်းနောက်နေတယ်"

"အနားယူလိုက်ရင် သက်သာသွားပါလိမ့်မယ်။ သမီး ... ဆရာ ဟိုဘက်အခန်းမှာ ရှိတယ်။ လိုအပ်ရင် ခေါ်လိုက်ပါ"

"ဟုတ်ကဲ့ ... ဆရာ"

"ဆရာ ... ကျွန်တော် ဘယ်အချိန်မှ ဆေးရုံက ဆင်းရမလဲ ခင်ဗျာ"

"အနားယူလိုက်ပါဦး။ ဆင်းချင်တယ်ဆိုရင်လည်း ဆင်းလို့ရပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ သူ့မိဘတွေကို အကြောင်းကြားထားပါတယ်"

ဒေါက်တာက အပြုံးဖြင့် ခေါင်းညိတ်ပြကာ ထွက်သွားလေ၏။ ဆေးကျောင်းသားက ချိုလကို နားမလည်စွာကြည့်ကာ ...





"ဟား ... ငါ့မိဘတွေကိုပါ ခေါ်ထားတယ်။ အား ... သေပါပြီဟာ"

"နင်ကလည်း ဘာဖြစ်နေတာလဲ။ ဒီမှာ အရေးကြီးတာ ပြောစရာ ရှိတယ်။ ငါ အခု လဆန်းဆီ ဖုန်းဆက်ပြီးပြီ။ နင် အသည်းတွေကွဲပြီး ရမ်းပစ်လို့ ကိုယ့်ဘာသာခေါင်း ရိုက်ပစ်လိုက်လို့ ဆေးရုံရောက်နေတယ်လို့ trick သုံးလိုက်တယ်။ သေချာတယ်။ သူ သနားပြီး နင့်ဆီ ပြန်ရောက်လာလိမ့်မယ်"

"ဘာ"

အရမ်းကို အံ့ဩမှင်သက်သော အာမေဋိတ်ဖြင့် ထအော်လိုက်လျှင် ချိုလက သူ့ကို တစ်ချက်ကြည့်လိုက်ငြေ သူ့ဆီက စိတ်ဆိုးမာန်ဆိုးအသံ ထွက်လာလေသည်။

"ဟား ... ဟား ... သွားပါပြီ ဝိုင်ချိုလမင်းရာ။ မင်း ဘယ်လိုလုပ်လိုက်တာလဲ။ မင်း အဲဒီစကား သွားပြောတော့ ငါက ဘာကောင်ဖြစ်သွားပြီလဲ"

"ဩော် … ငါ့ကို လာမဟောက်နဲ့။ နင်ပဲ တက်မတတ် ချက်မတတ် ဒေါသတွေနဲ့ လာလို့ ငါ့ကြောင့် နင် ဆေးရုံ တောင် ရောက်ရတယ်ဆိုပြီး စေတနာနဲ့ ကူညီတာ"

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ။ နင် အခုပြောလိုက်တဲ့ပုံစံက ငါက ပေါကြီး ဖြစ်နေပြီ။ လဆန်းကို မရလို့ ကိုယ့်ကိုယ် ကိုယ် ထိခိုက်အောင် လုပ်လိုက်တယ်ဆိုတာချည်းက ကြား လို့တောင် မကောင်းဘူး"

ချိုလကို ဒေါကြီးမောကြီးဖြင့် ရန်တွေ့နေတာ ကြောင့် ချိုလက ဒေါသတွေ ထွက်လာရကာ အပြတ်ပြောပစ် လိုက်သည်။

"မသိဘူးလေ။ ငါ နင့်ကို ကူညီပေးတာ။ ငါ့ကိစ္စတောင် ဘာမှမရှင်းရသေးဘူး။ နင့်အတွက် ကူညီပေးတာ နင် လက်မခံလည်း နင့်သဘောပဲ။ ဟိုနှစ်ယောက်လာရင် နင့် ဘာသာနင် ရှင်း"

"ဟော့ … ဘာတွေ ဖြစ်နေတာလဲ"





ဒေါ်လေးမေက ရောက်လာလေလျှင် ချိုလကော သူပါ မီးစရေငြိမ်းလိုက်သလို ငြိမ်ကျသွားလေ၏။ သူ့ရဲ့အမေဟု သင်ရသော အန်တီက ပျာယီးပျာယာဖြင့် ကောင်းထက်ခော် အနား ရောက်လာကာ …

"သား … သားလေး … ဘယ်လိုနေသေးလဲဟင်"

"ဘာမှ မဖြစ်တော့ပါဘူး မေမေ"

"အန်တီ … သမီးရဲ့အပြစ်ပါ။ သမီးကြောင့် သူ အခုလို မတော်တဆ ဖြစ်သွားရတာကို တောင်းပန်ပါတယ်"

"ရပါတယ် သမီးရယ်။ ကိစ္စမရှိပါဘူး။ သမီးရဲ့ဒေါ်လေး မေတို့ သမီးရဲ့မိဘတွေဆိုတာ အန်တီတို့နဲ့ မိတ်ရင်း ဆွေရင်းပါ။ အခုလိုဖြစ်တာ အန်တီတို့ မိတ်ဆွေဟောင်း တွေ ပြန်ဆုံဖို့ ဖြစ်လာတယ်လို့ သဘောထားပါတယ်"

"ရှင်"

ချိုလကော သူပါ သူ့အမေစကားကြောင့် အံ့အား တသင့် ဖြစ်သွားရလေသည်။ ဘုရားရေ … ဘယ်လိုဖြစ်တာပါ လိမ့်။ ဆေးကျောင်းသားရဲ့မိဘတွေနဲ့ ချိုလတို့မိဘတွေက ခင်နေ ကြတယ်တဲ့လား။

"မမထက်တို့နဲ့ အခုလို ပြန်ဆုံရတာ ဝမ်းသာနေတာ။ ချိုလရဲ့ အမေကိုသာ ဖုန်းလှမ်းဆက်လိုက်လို့ကတော့ ရန်ကုန်ကို ချက်ချင်းတောင် ဆင်းလာကြမှာ"

"ဒီတစ်ခါ ချိုချိုတို့ ရန်ကုန်ရောက်ရင် တို့မိသားစုနှစ်စု ချိန်းပြီး beach ဘက် သွားရအောင်လေ"

"အယ် ... ကောင်းတာပေါ့။ နောက်လထဲဆို ကလေးတွေလည်း စာမေးပွဲ ပြီးပြီဆိုတော့ အေးဆေးသွားလို့ ရတယ် ပျော်စရာကြီး"

ချိုလနဲ့ သူက တစ်ယောက်ကိုတစ်ယောက် အသာလှမ်းကြည့်လိုက်ကာ ကောင်းက ချိုလကို မကြည့်မလင် မျက်လုံးတို့ဖြင့် ပခုံးအသာတွန့်ပြလိုက်သည်။ လူကြီးတွေ ရောက်လာလို့ ဒီကိစ္စတွေက တစ်ခန်းခဏရပ်သွားတာ ဖြစ်ပေမယ့် ဒီပွဲ လုံးဝ မပြီးသေးဘူးဆိုတာ ချိုလ သေချာသိနေသည်။

❖ ❋ ❖





## ၂၅

ဟို အမွှေစိန် ချိုလ မွေးချလိုက်သော ယောက်ျားက ဘာကယ်ကို သူ့ထံသို့ ဆိုက်မြိုက်စွာ ရောက်ရှိလို့လာတာပဲ ဖြစ်သည်။ သူ ဆေးရုံက အဲဒီနေ့မှာပဲ ချက်ချင်းဆင်းလာတာကြောင့် အဲဒီနေ့ရဲ့ညပိုင်းမှာတင် လဆန်းဆီက ဖုန်းဝင်လာလေ၏။ သူက မကိုင်လို့လည်း မကောင်းပြန်သေးတာကြောင့် အားနာပါးနာဖြင့် ဖုန်းကိုင်လိုက်ရ၏။

"ဟယ်လို"

"ကောင်း ... ငါပါ။ နင် သက်သာရဲ့လားဟင်"

မေးတဲ့လေသံထဲမှာကိုက အသနားခေတ်ခံလေသံမျိုး ပါနေတာကြောင့် ကောင်းက စိတ်ထဲမှာတော့ တစ်မျိုးခံစားရလေသည်။ ခံစားရတယ် ဆိုတာထက် စိတ်ထဲမှာ အချစ်ကြောင့် အဲဒီလိုမျိုးကြီး ဖြစ်ရပါတယ် ဆိုတာကြီးအတွက် ရှက်ရွံ့ရွံ့ဖြစ်နေရတာဖြစ်သည်။ မကောင်းတတ်တဲ့ အနေအထားကြောင့်သာ သူက အလိုက်အထိုက် ပြန်ဖြေလိုက်ရတာဖြစ်သည်။

"အင်း ... ဘာမှမဖြစ်ပါဘူး။ ကောင်းပါတယ်"

"ဟို ... ငါ မနက်မှပဲ နင့်ဆီ သတင်းလာမေးတော့မယ်နော်"

လဆန်းရဲ့လေသံကို နားထောင်ကြည့်ရတာဟာ သူ့ကို အတော်လေး အားနာနေတဲ့ပုံ ပေါ်နေတာကြောင့် သူက အဲဒီလိုနည်းမျိုးနဲ့တော့ သူ့သိက္ခာတော့ အကျမခံနိုင်ပေ။ လဆန်း သူ့ရဲ့အဖြေကို ငြင်းပယ်လိုက်ခြင်းအတွက် စိတ်ထဲမှာ ထိခိုက်ခံစားခြင်း ဖြစ်ရပေမယ့် ကောင်းထက်ဇော် တစ်ယောက် အဲဒီလိုကြီး အလဲအကွဲတွေ ဖြစ်ရပါတယ်ဆိုတာကြီးကိုတော့ သူရှက်လေသည်။





"ဟို ... ရ ... ရတယ် လဆန်း။ တကူးတက မလာပါနဲ့။ ငါလည်း ဘာမှဖြစ်တာမှ မဟုတ်တာ။ ပြီးတော့ တစ်လက်စတည်း ဆက်ပြောလိုက်ဦးမယ်။ ငါ့ကို နင် အားနာမနေနဲ့နော်။ ဒီနေ့ ဆေးရုံခဏရောက်သွားတဲ့ ကိစ္စကလည်း နင်နဲ့ဘာမှမဆိုင်ဘူး။ နင့်ဘက်က မော်ကွန်းကို ရွေးချယ်လိုက်တယ် ဆိုကတည်းက ငါ့စိတ်ထဲမှာ နင်က ငါ့ရဲ့ သူငယ်ချင်းအဖြစ် ပြန်သတ်မှတ်ပေးလို့ ရတယ် သိလား။ အဲဒီအတွက် ငါ့ကို အားလည်းမနာပါနဲ့။ ငဲ့ညှာတာတွေ ဘာတွေလဲ မရှိပါနဲ့"

"ကောင်း ... ကောင်း ... နင် တကယ် ပြောနေတာလား"

"တကယ်ပေါ့ဟ။ တကယ်ပြောတာ။ နင့်စိတ်ထဲမှာ ကျေးဇူးဖြူပြီး ဘာမှ မထားပါနဲ့နော်။ ငါ Ok တယ်"

"ကျေးဇူးတင်ပါတယ် ကောင်းရယ်။ နင် ငါ့ကို အခုလို နားလည်ပေးတာ ငါ အရမ်းဝမ်းသာတာပဲ။ တစ်ခါတလေ တော့လည်း အချစ်ဆိုတာ ထူးဆန်းတယ်။ တစ်သက်လုံး ပတ်သက်ဆက်နွယ်မှု ရှိနေတာတောင် အချစ်ဆိုတာ မဖြစ်လာပေမယ့် တစ်ခဏလေးပဲ ဆုံတွေ့လိုက်တယ်

အချစ်ဆိုတာ ဖြစ်ချင်ရင်လည်း ဖြစ်သွားတာပဲ။ ငါလည်း သူ့ကို ချစ်သွားလိမ့်မယ်လို့ မထင်ခဲ့ဖူးပါဘူးဟာ"

ကောင်းက စိတ်ထဲတော့ နည်းနည်းရှုပ်ထွေးသလို ဖြစ်ကာ သူမ မမြင်ရပေမယ့် ခေါင်းအသာညိတ်ပြလိုက်ရင်း ...

"အေးပါ ... ငါ နားလည်ပါတယ်။ Wish u all the best"

"အင်း ... ကောင်း ငါတို့ အရင်လို သူငယ်ချင်းတွေပဲ နော်"

"အင်းပါ ... c u ဟာ"

ကောင်းက ဖုန်းချလိုက်ကာ ခေါင်းအုံးပေါ် မျက်နှာမှောက်တင်၍ ငြိမ်နေမိသည်။ အသည်းကွဲတာကြီးက အဲဒီလို ငြိမ်သက်နေပြီး ဘာမှလုပ်ကိုင်ချင်စိတ် မရှိခြင်းကို ခေါ်တာမျိုး လား။

ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲမှာ မီးတောင်ဖြစ်နေရမယ့်အစား မီးငြိမ်းတောင် ဖြစ်နေတာဟာ သူ့နမူးက ဒဏ်ရာကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

❖ ❋ ❖





ချိုလက ကိုယ့်ကို ခေါက်ချသွားလေသော မော်ကွန်းကိုကော ဆေးကျောင်းသားရဲ့ ဟက်တက်ကွဲ နှလုံးသားအတွက် တုံ့ပြန်ရမယ့် လက်စားချေမှုအတွက် အကောင်းဆုံးနည်းလမ်းကို စဉ်းစားထားပြီးသား ဖြစ်သည်။ အဲဒီအတွက် ဆေးကျောင်းသားကို လက်စားချေဖို့ idea ရပြီဆိုသော message ပို့ထားကာ သူ့ကို ချိုလက သူ့အိမ်လမ်းထိပ်မှာ ချိန်းထားလိုက်သည်။ ချိုလ ရောက်သောအချိန်မှာ လက်စားချေဖို့ ဘယ်အထိတောင် တက်ကြွနေမှန်း သိသာလှသော ဆေးကျောင်းသားက ကြိုရောက်နှင့်နေတာဖြစ်သည်။

"ဟဲ့ ... ကားပေါ်တက်။ နင့်အတွက် ရှယ် idea တွေး ပေးထားတာနော်"

"မတက်ဘူး။ နင် သူတို့ကို မနှောင့်ယှက်ဖို့ ငါတားတာ"

"ဘာ"

လုံးဝကို ထင်မထားတဲ့ စကားကြောင့် ချိုလက အရမ်းကို အံ့အားသင့်သွားရသည်။ သူ့ကို ကားပေါ်တက်ခိုင်းပေမယ့် သူ့စကား ကြားလိုက်ရသောအခါမှာ ကားပေါ်က ဆင်းလာရသူက ချိုလပဲဖြစ်သည်။ ချိုလက အံ့သြလွန်းလှစွာ ကားပေါ်က ဆင်းလာ၍ သူ့ရှေ့ကိုရပ်ကာ ...

"ဒီမှာ ရှင် ရူးနေပြီလား။ အဓိက,က ရှင်ပိုထိတာနော်။ အဲဒါကို ရှင်က တားမြစ်တယ် ဆိုတော့ ရှင်က ဘာလဲ"

"မလုပ်ပါနဲ့တော့။ ငါ့ရင်ထဲမှာ အဲဒီလိုပေါက်ကွဲချင်တဲ့ စိတ်မျိုးလည်း မရှိဘူး။ လဆန်း သူ့ဘာသာရွေးတာ ငါတို့ မတတ်နိုင်ဘူး"

"ကောင်းထက်ဇော် ... နင် ခေါက်နေပြီ။ သူတို့နှစ်ယောက်က ငါတို့နှစ်ယောက်ကို သစ္စာဖောက်သွားတာလေ"

"သစ္စာဖောက်တာ မဟုတ်ပါဘူး။ သစ္စာဖောက်တယ်ဆိုတာ ချစ်သူရည်းစား ဖြစ်ပြီးမှ တခြားတစ်ယောက်ပြောင်း





တာ။ အခု မေ်ာကွန်းကို နင် အဖြေမပေးရသေးသလို ငါ့ကိုလည်း လဆန်းက အဖြေမပေးသေးပါဘူး။ ငါ အငြင်းခံရတာ နင်က ရုပ်သိမ်းခံရတာ။ အဲဒါပဲ။ ငါတို့နှစ်ယောက် သူတို့ကို ဒေါကန်ခွင့်ရှိမယ်။ သွားပေါက်ကွဲလို့မရဘူးလေ ဟ"

ချိုလက တကယ်ပဲ အရမ်း အံ့အားသင့်ရလေသည်။ သူ ဘာကြောင့် အဲဒီလိုမျိုး ချက်ချင်းပြောင်းလဲသွားရတာလဲ။

"ကောင်း ... နင် ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ဘူး။ ငါ လဆန်းကို စွန့်လွှတ်လိုက်ရလို့ဘာမှ မဖြစ်သွားဘူး။ လဆန်းရဲ့အမြင်မှာ နင်ပြောလိုက်လို့ ငါက မိန်းမတစ်ယောက်အတွက် ဆေးရုံပေါ်အရောက်ခံတယ်ဆိုတဲ့ အဖြစ်မျိုးကိုသာ အဖြစ်မခံနိုင်တာ။ အဲဒါကြောင့် တော်ပါတော့။ ငါ့ကို လဆန်းနဲ့ ပတ်သက်ပြီး လက်စားချေဖို့ မပြောနဲ့တော့"

"ကောင်း"

အဲဒီအသံက ချိုလတို့ရဲ့ အနောက်ကနေ ထွက်လာတာပဲ ဖြစ်၏။ ချိုလက အံ့အားတသင့် လှည့်ကြည့်လိုက်လျှင် အဲဒီသူဟာ လဆန်းပဲဖြစ်သည်။ လဆန်း ... သူ ... သူက ဘယ်လို ဘယ်အချိန်ကတည်းက ရောက်နေတာလဲ။

"လ ... လဆန်း ... နင် ဘယ်လိုရောက်လာတာလဲ"

"ငါ လမ်းထိပ်မှာ စာအုပ်သွားအပ်မလို့ ...

ဟို ... ချိုလ ထင်တယ်။ တို့ရဲ့ ရွေးချယ်မှုက အချစ်နဲ့ ရွေးခဲ့တာပါ။ မင်းကို ကြည့်ရတာ စေတနာစော တွေ သိပ်ပါနေမှန်း သိသာပါတယ်။ ကောင်းအပေါ် ဒီလောက်အထိ စေတနာထားနိုင်တဲ့ မင်းက မော်ကွန်းကို မချစ်ဘူးဆိုတာ တို့ အစကတည်းက သိပြီးသားပါ။ အခု တော့ တို့ ပိုသိသွားပါပြီ"

အဲ ... အဲဒါ ဘာစကားလဲ။ ချိုလက နောက်ဆုံးမှာတော့ ဆေးကျောင်းသားဘက်ကနေပဲ hero ထလုပ်လေသော သူရဲကောင်းမကြီး ဖြစ်နေကာ ကောင်းရဲ့ ဒဏ်ရာတွေက မဟုတ်ဘဲနဲ့ အဟုတ်လုပ် လီဆယ်သူကြီး ဖြစ်လို့သွားတာမို့ ရှက်စိတ်





ဝမ်းနည်းစိတ်နဲ့အတူ ပြေးထွက်လာ၍ ကားပေါ်တက်ကာ ကားမောင်းထွက်လာခဲ့တော့သည်။

ဆေးကျောင်းသားကို ကျွန်မက စေတနာတွေပိုခဲ့မိတယ်တဲ့လား။ ဟင့်အင်း ... မဟုတ်ပါဘူး။ ချိုလကသာ အနိုင်နဲ့ပိုင်းတတ်ခဲ့တာပါ။ ချိုလ မရှုံးချင်ပါဘူး။

❖ ❋ ❖

# နှစ်လခန့်ကြာပြီးနောက်



လောကမှာ
အသည်းလည်း မခွဲတတ်အောင်
အသည်းလည်း မကွဲတတ်အောင်
အသည်းနှလုံးကို အသေတံခါးပိတ်ထားလိုက်။

❖ ❃ ❖



ဒီစာသင်နှစ်ရဲ့ Sceond Semester စာမေးပွဲပြီး သွားချိန်မှာတော့ ချိုလက ကိုယ့်အိမ်ပဲ ကိုယ်ပြန်ကာ နယ်မှာမွေး ခဲ့တဲ့ ထမင်းဆိုင်လေးကို စိတ်နှစ်၍ အလုပ်လုပ်ပေးဖြစ်၏။ ဖြစ် ခဲ့တဲ့ အဖြစ်အပျက်တွေရဲ့အဆုံးသတ်မှာ ချိုလ တစ်ယောက်က သာ လီဆယ်လုပ်ကြံသူကြီး အဖြစ်နဲ့ အရှက်တွေကွဲကာ နောက် ဆုံးမှာ ကြေကွဲသူအဖြစ် ခံစားရ၍ အလဲအကွဲ ကျန်နေခဲ့တာက ချိုလပဲဖြစ်သည်။

"ချိုလရေ ... ဒေါ်ကြီးကို နောက်ဖေးက ပဲအိုးလေးတစ် ချက် သွားကြည့်ပေးပါဦး။ ဒေါ်ကြီး ဆီဘူးသွားယူမလို့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ချိုလ သွားကြည့်လိုက်မယ်"

ချိုလက ကောင်တာမှာ ထိုင်နေရာကနေ နောက်ဖေး ထဲသို့ ဝင်လာကာ ဒေါ်ကြီးရဲ့ ပဲကြီးဟင်းအိုးကို ရေထည့်ပေး ရင်း ကန်ဘောမှာ အပုံလိုက်ချထားသော ပန်းကန်တစ်ထပ်ကို မြင်လိုက်ရလျှင် ဘာမှမတွေးရသေးခင်မှာ ချိုလရဲ့မျက်နှာက သိသိသာသာပင် မှိုင်ကာ အိုသွားမှန်း ကိုယ့်ဘာသာ သတိထား မိလေသည်။ ဘာကြောင့်ရယ်မှန်းတော့မသိ လေးလံထိုင်းမှိုင်းတဲ့ စိတ်တွေက ဝင်ရောက်လာကာ လူကို တကယ်ပဲ နွမ်းနယ်ချည့်နဲ့ နေပါသည်။

"အစ်မ ... ပန်းကန်တွေ မုံနေတယ်ဆို အနော် ဆေးပေးပါ ရစေ ခင်ညာ"

ချိုလရဲ့ အနောက်နားကနေ ခပ်တိုးတိုးကပ်၍ ထွက်လာသော အသံဖြစ်တာကြောင့် ချိုလက အံ့အားသင့်သွားရ ကာ လှည့်ကြည့်လိုက်လျှင်တော့ တကယ်ပဲ ဆေးကျောင်းသား ဖြစ်လို့နေလေ၏။

"ကောင်း ... ကောင်းထက်ဇော်"





"ဟား ဟား ... သိပ်အံ့သြသွားသလား မမြဝင်း။ ကိုယ် ဒီကိုလာတာ ပန်းကန်ဆေးပေးချင်ရုံပါဗျ"

အရင်ကအတိုင်း တက်ကြွသွက်လက်မှုရှိစွာဖြင့် ချိုလကို ပြောနေပြီး ဒီနေရာအထိ ရောက်လာတာကြောင့် ချိုလ က အရမ်းကိုပဲ အံ့အားတသင့် ဖြစ်ရလေသည်။

"နင် ဒီကို ဘာလာလုပ်တာလဲ"

ချိုလရဲ့မေးခွန်းအဆုံးမှာ သူက ဘာမှမပြောဘဲ ဖြုန်းဆို ဒူးထောက်ချလိုက်တာမို့ ချိုလက အံ့အားတသင့်ဖြစ်ရ၏။ ပြီးတော့ ဒီနေရာက နောက်ဖေးပန်းကန်ဆေးတဲ့ ရေကန်နား လည်း ဖြစ်နေတာကြောင့် သူ့ဂျင်းဘောင်းဘီနှစ်ဖက်က လုံးဝ သေချာပေါက်ကို ဒူးနေရာမှာ ရေတွေစိုနေမှာ သေချာပေသည်။

"ဟဲ့ ... ဆေးကျောင်းသား၊ နင် အဲဒါ ဘာလုပ်တာလဲ"

"တောင်းပန်တာပါ။ နင့်အပေါ်ကို ငါ့ဘက်က ပြောခဲ့မိ တာတွေအတွက် ကိုရိုးယားဆန်ဆန် တောင်းပန်တာပါ"

ချိုလက နောက်ရှတ်ရှတ် အဲဒီအပြောတွေအတွက် တကယ်ပဲ စိတ်ပျက်မိရလေသည်။ ပြောရမယ်ဆိုရင် အဲဒါ ချိုလ ဝင့်လည်တယ်လို့တောင် ခေါ်မလား မသိပေ။ ချိုလကို ချစ်တဲ့

သူတွေအပေါ်မှာ ချိုလ အဲဒီလိုမျိုး ထိမထင် ပြက်ရယ်ပြုခဲ့လို့ပဲ ဖြစ်မည်။ ချိုလက စိတ်ပျက်စွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်းက ...

"Please ... ငါလည်း နင့်ကို မနှောင့်ယှက်တော့သလို နင်လည်း ငါ့ကို မပတ်သက်တာ ကောင်းပါလိမ့်မယ်။ ထပါ"

"ချိုလရယ် ... ငါ ဒီကိုလာခဲ့တာ တောင်းပန်ဖို့ပါ။ နင် အဲဒီလိုမျိုးတော့ မပြောပါနဲ့ဟာ"

ချိုလက ဆိုင်ထဲကနေ နောက်ဖေးဘက်ကို ကွက်ကြည့် ကွက်ကြည့် ချောင်းနေသော ဆိုင်က ကလေးမလေးတွေကို လှမ်းမြင်လိုက်တာကြောင့် ရှက်လည်း ရှက်သွားရကာ သူ့ကို အတင်းထခိုင်းရ၏။

"ကဲ ... နင်ပြောချင်တာ ပြောဖို့အတွက် အရင်ထလိုက်ပါဦး။ ငါ့မြို့ကိုလာပြီး အရှက်ခွဲနေတာလား"

ချိုလက ခပ်ပြတ်ပြတ် ပြောလိုက်လျှင် သူက အဲဒီတော့မှ ယောင်တောင်ပေါင်တောင်ဖြင့် မတ်တတ်ထရပ်ကာ ပြုံးဖြဲဖြဲမျက်နှာထားဖြင့် ...





"အရှက်ခွဲရတာ မဟုတ်ရပါဘူး။ ကိုယ် ဒီအထိ တကူးတကချည်း လာခဲ့တယ် ဆိုကတည်းကိုက ကိုယ့်စိတ်ကို သိသင့်နေပါပြီဟာ"

ချိုလက စိတ်ရှုပ်လာရကာ သူ့ကို ပေစောင်းစောင်း ဒိန်ခိုင်းဖြင့် ကြည့်၍ ...

"အခု အလည်လာတာလား"

"အင်း ... ဆိုပါတော့။ ကိုယ့်ချစ်သူ ဖြစ်လာမယ့်သူရဲ့ မြို့ကို ဆွေပြမျိုးပြ လာခဲ့တာလေ"

အဲဒီစကားအတွက် ချိုလက အံ့အားသင့်သွားရကာ မျက်လွှာချလိုက်၍ သူ့ကို ကျောခိုင်းလိုက်သည်။ ဘာဖြစ်လို့မှန်း မသိ။ ဘာပြောတော့မယ်ဆိုတာ သိနေတဲ့ စကားတစ်ခွန်းအတွက် ချိုလမှာ တကယ်ကိုပဲ နားထောင်ချင်စိတ် မရှိတော့ချေ။

"ချိုလ ... ဘာဖြစ်လို့လဲဟင်။ နင် ငါ့အပေါ် အဲဒီလောက်တောင် စိတ်နာသွားတာလား"

"ငါတို့တွေက သူငယ်ချင်းတွေပဲ။ စိတ်နာစရာ အကြောင်း မရှိပါဘူး"

"Friend ...။ ဟင့်အင်း ... ငါကတော့ အခု ဒီကိုလာတာ နင့်ဆီက ခွင့်လွှတ်မှု၊ ပြီးတော့ နင့်ဆီက ဘယ်သူမှမရဘူး သေးတဲ့ အချစ်စစ်တစ်ခုကို ငါ လာယူတာ။ ချိုလ ... ငါ နင့်ကို ချစ်တယ် ဆိုတာထက် ပိုနက်ရှိုင်းတဲ့ စကားနဲ့ ရည်းစားစကား ပြောပါရစေ။ နင်က ငါ့အတွက်တော့ အမြဲတမ်း သတိရနေမယ့် ငါချစ်နေရမယ့် Queen ပါပဲ။ ငါ့ကို နင် လက်ခံပါနော်"

ဒီအချိန်မှာ ကြားလိုက်ရတဲ့ သူ့ရဲ့ sensititve အဖြစ်ဆုံး စကားတစ်ခွန်းဟာ ချိုလအတွက်တော့ ရင်ခုန်မှုကို တစ်မျိုးတော့ ဘာသာဗေဒ တိုးစေ၏။ ချိုလဘက်က ဘာမှ response တစ်ခု ပြန်မလာခင်မှာ သူက ချိုလရဲ့ရှေ့တည့်တည့် မှာ လာရပ်ကာ ချိုလရဲ့မျက်လုံးတွေကို တည့်တည့်ကြည့်ရင်း အသေအချာ ပြော၏။

"ချိုလ ... ကိုယ့်ကို လက်ခံပေးမယ် မဟုတ်လားဟင်။ ချိုလ ... လဆန်းနဲ့ ပြန်ဆက်ပေးကတည်းက ကိုယ် အကြောက်အကန် ငြင်းနေခဲ့တာဟာ တစ်ခုတည်းသော အကြောင်းပြချက်က မင်းပါပဲ"





ချိုလက သူ့ရဲ့စကားတွေအတွက် တကယ်ပဲ ဘာ ပြောရမယ်မှန်းမသိ ဖြစ်ရလေသည်။ ရင်ထဲမှာတော့ အဲဒီ ဆေး ကျောင်းသားကြီးနဲ့ ပတ်သက်တာကို တစ်စုံတစ်ရာ ရှိနေတယ် ဆိုတာကို သိထားပြီး ဖြစ်တာကြောင့် ချိုလက ငြိမ်သက်နေချိန် မှာ သူကချည်းပဲ စကားဆက်ပြောနေတာဖြစ်၏။

"ကိုယ့်ကို မယုံကြည်နိုင်ဘူး ဆိုတာလည်း ကိုယ်သိပါတယ်။ ဒါပေမဲ့ ကိုယ့်အချစ်တွေ စစ်မှန်ကြောင်း အသေအချာ သက်သေပြမှာပါ။ ချိုလ ... ကိုယ့်ကို တစ်စုံတစ်ရာ ပြန် ပြောဦးလေ"

သူပေးပါဆိုတဲ့ အဖြေစကားအတွက် ချိုလမှာက ready ပဲဖြစ်၏။ ဒါပေမဲ့ အမြဲတမ်းလိုလို ချိုလကို လှျော့လှျော တွက်တဲ့အကျင့်ကို မုန်းတာကြောင့် ချိုလက တစ်ဖန်ပြန် lesson ပေးချင်လှတာကြောင့် သူ့ရဲ့မျှော်လင့်ချက်ကို အရောင်တင်ပေး လိုက်သည်။

"ကောင်းပြီ။ ပြောချင်တာ ဒါပဲမလား"

ချိုလက သူ့ကို ရှုတည်တည် စိုက်ကြည့်ကာ သူ့ ကို ကျော်ထွက်လာခဲ့ကာ ဆေးစရာရှိတဲ့ ပန်းကန်တွေ ထိုင်ဆေး

နေလိုက်သည်။ အဲဒီ ဆေးကျောင်းသားက အကင်းပါးစွာဖြင့် ချူလဘေးသို့ ရောက်လာကာ သူပါဝင်ဆေးပေး၏။

"မလိုပါဘူး။ မဆေးပါနဲ့"

"ဆေးပါရစေ ... ကိုယ်က မင်းရဲ့ဆေးကျောင်းသားပဲ ဟာ"

ချူလက ပြုံးစိစိ မျက်နှာလေးဖြစ်သွားလျှင် သူက အဲဒါကို အခွင့်စောင့်နေကာ ချူလကို ပန်းကန်ဆေးနေရင်းကမှ ပခုံးချင်းတိုက်လိုက်ကာ ...

"ကိုယ့်ကို လက်ခံမယ်မှလားဟင်"

ချူလက သူ့ကို တစ်ချက်ကြည့်လိုက်ကာ ခေါင်း ညိတ်ပြလိုက်သည်။

"friend"

"အာ ... ကိုယ့်ကို တကယ်ပဲ လက်မခံတော့ဘူးလားဟင်။ သူငယ်ချင်း အဆင့်ကနေ တစ်ဆင့်လေးပဲ တက်ဖို့ဟာ"

ချူလက ဒီလောက် အမြင်ကတ်စရာ ကောင်းတဲ့ ဆေးကျောင်းသားကို ချစ်မိသွားတာကတော့ ထူးဆန်းသောသို့ ဓာတ်တစ်ခုကြောင့်ပဲ ဖြစ်ပါလိမ့်မည်။





"ချူလ ... ချူလ ... ကိုယ့်ကို လက်ခံပေးမယ်၊ စဉ်းစား ပေးမယ် မဟုတ်လားဟင်"

"ပြောပြီးပြီလေ။ Friend ပါဆို"

ချူလက ဆေးပြီးတဲ့ ပန်းကန်တစ်ထပ်ကို မ,ယူ သွားရင်း ငိုက်စိုက်ချ ကျန်နေခဲ့သော အဲဒီ အူလဒူ ဆေးကျောင်း သားကို ချူလ ဆိုလိုချင်တဲ့ ဆိုလိုရင်းက ဘာဆိုတာကို ပြော လိုက်ရသည်။

"ဟဲ့ ... Friday End ကို ပြောတာနော်"

ချူလက ပြောပြီး ထွက်လာခဲ့တော့သည်။ အဲဒါ တောင် သဘောမပေါက်လေသော ဘဲကြီးက အဲဒီပန်းကန်ဆေးတဲ့ နားမှာ ထိုင်ကာကျန်နေခဲ့၏။ ချူလဆိုတဲ့ အဓိပ္ပာယ်က ချူလတို့ က သူငယ်ချင်းတွေ Friend ဖြစ်တာကြောင့် ချူလတို့ရဲ့သူငယ် ချင်းအချစ်ကို Friday End (သောကြာနေ့မှာ အဆုံးသတ်မယ်လို့) ပြောချင်တာ ဖြစ်၏။ ချူလက သူ့ကို တစ်ချက်ကြည့်လိုက်တော့ မှ သူကလည်း Friday End ရဲ့ အဓိပ္ပာယ်ကို သဘောပေါက်စွာ ဖြင့် ချူလဆီကို အပြေးအလွှား ရောက်လာလေ၏။

အဲဒီလို အူတူတူ ဆေးကျောင်းသားကို အီကိုကကွင်းဖြစ်တဲ့ ရှိုလက ချစ်မိတာကတော့ ထူးဆန်းလေသည်။

❖ ❋ ❖

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

4:43 A.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်

မယ်မင်းဘုံ

အမှတ်-၃၉(မြေညီ)၊ ရွှေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**